# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၇၂)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID - 19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Covid –19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးနှင့် ဘားအံပြည်သူ့ဆေးရုံ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာချိုချိုစန်းထူးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးစဉ်။

သတင်းစဉ်

နေပြည်တော် ဇွန် ၃၀

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Covid –19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ သန္တာလွင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးနှင့် ဘားအံပြည်သူ့ဆေးရုံ အထူးကု ဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာချိုချိုစန်းထူးတို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖


**“ မိမိနိုင်ငံသို့ ပြန်လာပါက ပြဿနာရှိလျှင် အားလုံးဝိုင်းဝန်းကူညီပေးမည့်သူများရှိသည်ဆိုသည့် စိတ်ဓာတ်ဖြင့် ပြန်လာသည်ကို ကြိုဆိုကြရမည်၊ ယင်းစိတ်ဓာတ်ကို ရှင်သန်အောင်လုပ်ဆောင်ပေးကြရမည်၊ ယင်းစိတ်ဓာတ်ကို ရှင်သန်အောင်လုပ်မှ မိမိတို့နိုင်ငံသည် ပြည်ထောင်စုတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည်"**


ဥယျာဉ်မှူးများရဲ့ စေတနာ (စာ–၆)

အမျိုးသမီးများ ပေါင်းစည်းအား ကိုဗစ် – ၁၉ ဒို့ကျော်လွှား (စာ–၁၀)

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၆-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ (စာ–၁၅)



KBZ BANK

(6) CONSECUTIVE YEARS

‘BANK OF THE YEAR IN MYANMAR 2018’

Awarded by Financial Times (The Banker)

# စွဲစွဲမြဲမြဲ ဖွဲနပဲဖြင့်

မလျှော့သော ဖွဲဖြင့် အလုပ်လုပ်ကြရမည်။ ဤသည်မှာ လူတစ်ဦးချင်းအတွက်ဆိုလျှင် ဘဝအောင်မြင်ရေးအတွက် လမ်းညွှန်ဖြစ်သလို လူမျိုးတစ်မျိုးလုံးအတွက်ဆိုလျှင်လည်း နိုင်ငံထူထောင်ရေး၊ တစ်မျိုးသားလုံး ကြီးပွားရေးအတွက် လမ်းညွှန်ဖြစ်သည်။

ဖွဲ၏အနက်အဓိပ္ပာယ်က အလုပ်တစ်ခုကို အောင်မြင်ပြီးမြောက်သည်အထိ မလျှော့စတမ်း စွဲစွဲမြဲမြဲလုပ်သည့် အစွမ်းသတ္တိဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော် နိုင်ငံလွတ်လပ်ရေးနှင့် လွတ်လပ်ရေးရပြီးချိန်တွင် နိုင်ငံကို ပြန်လည်ထူထောင်ရေးအတွက် မျှော်တွေးကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လူထုကို ဤကဲ့သို့ လမ်းညွှန်မိန့်ကြားခဲ့သည်။

"တစ်ခါ ခြသေ့်မင်းဥပမာကို ပြောရမယ်ဆိုရင် ခြသေ့်မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ၊ ငယ်တာ ပဓာနမထားဘဲနဲ့၊ ကြီးကြီးငယ်ငယ်လုံ့လ စိုက်တဲ့နေရာမှာ အဲဒီအတိုင်းဘဲ လုံ့လစိုက်သွားတယ်၊ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး၊ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး၊ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်" ဟူ၍ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်က မြန်မာပြည်သူတစ်ရပ်လုံးကို တိုက်တွန်းမိန့်ကြားခဲ့ခြင်းဖြစ်သည်။

ထိုခေတ် ထိုအခါတွင် လွတ်လပ်ရေးက နံပါတ် (၁)ဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ကြရာတွင် ဖွဲမလျှော့ဖို့လိုသည်။ လူမျိုး၏စရိုက်သဘာဝ ထက်သန်သည့်စိတ်ဓာတ်ကို နိုင်ငံလွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် နေရာကျအောင် သုံးကြဖို့လိုသည်။ ထက်သန်သည့်စိတ်ဖွဲကို အချင်းချင်းချသည့်နေရာတွင် အသုံးပြု၍ အကျိုးမရှိ၊ နိုင်ငံကိုလည်း ထူထောင်နိုင်မည်မဟုတ်။ ယင်းစိတ်ဓာတ်မျိုးကို လုံးဝဖျောက်ပစ်ဖို့လိုသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးသည့်ကာလ အံကြိတ်ခါးတောင်းကျိုက်ပြီး ကြိုးစားခဲ့ကြသည့် နိုင်ငံများ၊ စည်းနှင့် ကမ်းနှင့် နေထိုင်၊ စည်းနှင့် ကမ်းနှင့် လုပ်ကိုင်ခဲ့ကြသည့် နိုင်ငံများစသည်တို့ကို နမူနာယူရန် အမျိုးသားခေါင်းဆောင်ကြီးက ညွှန်ပြခဲ့သည်။ ထို့အပြင် လူထုညီညွတ်ရေး၊ တိုင်းရင်းသား ညီညွတ်ရေး၊ လူငယ်နိုင်ငံရေးသမားများ ညီညွတ်ရေးတို့၏ အင်အားများ ကြီးမားလျှင် ကြီးမားသလောက် လွတ်လပ်ရေးမှာ ပိုကောင်းလာမည်ဟုလည်း မိန့်ကြားခဲ့သည်။

မျက်မှောက်ကာလတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးမှာ မိမိတို့ ထမ်းဆောင်ကြရမည့် သမိုင်းပေးတာဝန်ဖြစ်သည်။ ထို့အပြင် နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေလိုပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းလိုသည့် အလိုဆန္ဒ၊ စီးပွားရေးတိုးတက်ကောင်းမွန်မှုနှင့်အတူ ဖြစ်ပေါ်လာမည့် ကောင်းကျိုးရလဒ်များကို ပြည်သူတစ်ရပ်လုံးမျှဝေ ခံစား စံစားလိုကြသည့် အလိုဆန္ဒတို့မှာ မြန်မာ့မြေပေါ်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူတိုင်း၏ ဆန္ဒများဖြစ်သည်။ အဆိုပါ သမိုင်းပေးတာဝန်နှင့် အလိုဆန္ဒတို့ကို ကျေပွန်စွာထမ်းဆောင်ဖြည့်ဆည်းနိုင်ရန်မှာ လူတိုင်းလူတိုင်း လုံ့လဝီရိယဖြင့် စွမ်းအားထုတ်ကာ ဖွဲနပဲဖြင့် စွဲစွဲမြဲမြဲအလုပ်လုပ်ကြရန်လိုသည်။

မိမိတို့ နိုင်ငံသူ နိုင်ငံသား ပြည်သူများ၏ ထက်သန်သည့်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်စွာ ခုခံတွန်းလှန်နိုင်သည့် စွမ်းအားကို အနီးကပ်ဆုံး သာဓကအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြုံတင်ကာကွယ်သည့် ကာလနှင့် နိုင်ငံအတွင်းသို့ ရောဂါကူးစက်ဝင်ရောက်လာစ အချိန်ကာလများတွင် အံ့သြစရာ၊ ဂုဏ်ယူစရာကောင်းလောက်အောင် တွေ့မြင်ရသည်။ စည်းကမ်းလိုက်နာမှုတွင်လည်း လေးစားလောက်စရာ၊ နိုင်ငံ့အနာဂတ်အတွက် အားတက်ဖွယ်ရာ။ သို့ရာတွင် အချိန်ကြာလာသည်နှင့်အမျှ၊ ကိုဗစ်-၁၉ ရောဂါပိုးကို ရိုးလာပြီး ကြောက်မက်ဖွယ်ရာဟု ထင်မြင်မှုများ လျော့ပါးလာသည်နှင့်အမျှ သတိတရားတို့ နည်းလာသည်။ စည်းကမ်းလိုက်နာမှုတို့လည်း လျော့ရဲလာသည်။ စွဲစွဲမြဲမြဲ ဖွဲနပဲတို့ အားနည်းလာသည်။ ကူးစက်ကပ်ရောဂါကို ရင်ဆိုင်တိုက်ဖျက်ရာတွင်ဖြစ်စေ၊ နိုင်ငံကို ထူထောင်တည်ဆောက်ရာတွင်ဖြစ်စေ၊ မပြီးဆုံးသေးသရွေ့၊ ရည်မှန်းချက်ပန်းတိုင်ကို ပိုင်ပိုင်မရောက်သေးသရွေ့ ဖွဲစိတ်အားမာန်တို့ လျှော့ရန် ချိန်ခါမရောက်သေးဟူ၍ တိုင်းကျိုးရည်မျှော် နှိုးဆော်အပ်ပါကြောင်း။ ။

## မစ္စတာ ဆေယက် ရီဇာ နော့ဘက်ထီအား မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ ဆေယက် ရီဇာ နော့ဘက်ထီအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ ဆေယက် ရီဇာ နော့ဘက်ထီသည် အီမန်ဆားဒက်တက္ကသိုလ် (University of Imam Sadegh) မှ နိုင်ငံရေးသိပ္ပံမဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အလုပ်ဝင်ရောက်ခဲ့ပြီး အာဖရိကဌာန(I)၌ နိုင်ငံရေးရာကျွမ်းကျင်သူအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ လူဆာကာမြို့နှင့် ဝါဆောမြို့တို့ရှိ အီရန်သံရုံး၌ ဒုတိယအကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဝါဆောမြို့ရှိ အီရန်သံရုံး၌ ယာယီသံရုံးအကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဥရောပအလယ်ပိုင်းနှင့် မြောက်ပိုင်းဌာန၌ နိုင်ငံရေးရာကျွမ်းကျင်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ ဒမတ်စကတ်မြို့နှင့် စတော့ဟုမ်းမြို့ရှိ အီရန်သံရုံးတို့၌ စီးပွားရေးသံမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အာရပ်နှင့် အာဖရိကနိုင်ငံများဆိုင်ရာ လူထုဆက်သွယ်ရေးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၁၀ ပြည့်နှစ်တွင် အိုင်ဗရီကို့စ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီရန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ယင်းနောက် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အာဖရိကနှင့် အာရပ်ရေးရာဝါရင့်ကျွမ်းကျင်သူအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကောင်စစ်ရေးရာဌာန၌ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး လေးဦးရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"ရာပြည့်တက္ကသိုလ် မြကျွန်းညို"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာ ကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက်ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အဦများ၊ ရန်ကုန်တက္ကသိုလ် နှစ်ပေါင်း (၁၀၀) အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များစသည့် ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။
(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစား တစ်မျိုးတည်းသာပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက်အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။
(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းမပြုရ။
(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်စေရ။
(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။
(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။
(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း ငါးသောင်း၊ တတိယဆု ကျပ် နှစ်သိန်းနှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင် ဓာတ်ပုံအဖြစ်လက်ခံမည် မဟုတ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘားအံမြို့နယ် တော်လှအင်းအတွင်း ငါးမျိုးများစိုက်ထည့်

ဘားအံ ဇွန် ၃၀

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အေးအေးဇော်၊ ဘားအံခရိုင်မှူး၊ ကော့ကရိတ်ခရိုင်မှူးနှင့် ဝန်ထမ်းများသည် ဇာသပြင် ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီး သားပေါက် ကောင်ရေ ၂၀၀၀၀ စီဖြင့် စုစုပေါင်း ကောင်ရေ ၄၀၀၀၀ ကို ဘားအံမြို့နယ် တော်လှအင်း အတွင်းသို့ ကမ်းကြီးကျေးရွာနှင့် မိကရင်ကျေးရွာတို့အနီးမှ မျိုးစိုက်ထည့်ခဲ့သည်။

ထို့နောက် ဘားအံခရိုင် လှိုင်းဘွဲ မြို့နယ် ကော့မြတ်ကြီးကျေးရွာ မြစိမ်းရောင် (ငါးကဏ္ဍ) ကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။ **သတင်းစဉ်**




## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဇွန် ၃၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မိုး/ဇလ**



# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ယနေ့တွေ့ဆုံပွဲသည် ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူများ မပေါ့ဆလာစေရန်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်းများ စတင်သတ်မှတ်ခဲ့သည်မှာ ဧပြီ၊ မေနှင့် ဇွန်လများဆိုပါ က ၃ လကျော်လာပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ အနည်းငယ်ငြီးငွေ့လာခြင်းနှင့် ပေါ့ဆလာခြင်းများ ရှိလာကြပါကြောင်း၊ အနည်းငယ် စိတ်ပူမိလာပါကြောင်း၊ ပေါ့ဆနေ၍ မရပါကြောင်း။

## ဒုတိယလှိုင်းဝင်လာ

သတင်းများကို လေ့လာကြည့်မည်ဆိုပါက အခြားနိုင်ငံများတွင် ကောင်းသွားပြီဆိုပြီး ကိုဗစ် – ၁၉ ရောဂါ ဒုတိယလှိုင်းဝင်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့အနေဖြင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါကြောင်း၊ ဆိုးရွားစွာ မဖြစ်စေလိုပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးရှုထောင့်နှင့် ကုသရေးရှုထောင့်များအနေဖြင့် မည်သည်တို့ကို သတိပြုရန်လိုအပ်သည်၊ မည်သည့်အတွက်ကြောင့် သတိပြုရန်လိုအပ်သည် စသည်တို့ကို အများပြည်သူ ရှင်းရှင်းလင်းလင်းနားလည်နိုင်စေရန် ဆောင်ရွက်ပေးလိုပါကြောင်း၊ ပေါ့ဆ၍ မဖြစ်သေးပါကြောင်း၊ နောက်နှစ်လ သုံးလခန့် စည်းကမ်းထိန်းသိမ်းပြီး လိုက်နာဆောင်ရွက်ကြမည်ဆိုပါက အန္တရာယ်ကို ကျော်လွန်သွားပြီဟု ပြောနိုင်မည့်အခြေအနေသို့ ရောက်ရှိနိုင်ပါကြောင်း၊ ရောက်မည်ဟု တိတိကျကျပြောခြင်း မဟုတ်ပါကြောင်း၊ အဆိုပါအလားအလာကို ရှေးရှု၍ဆွေးနွေးလိုပါကြောင်း၊ ကျန်းမာရေးဦးစီးဌာနသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏အမြင်ဖြင့် မည်သည့်အတွက်ကြောင့် ယခုအချိန်တွင် ပေါ့ဆ၍မရသည်၊ မည်သည်တို့ကို အထူးသတိထားရမည်ဆိုသည်တို့ကို ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင် က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်နိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါ စတင်ပေါ်ပေါက်လာသည့် အချိန်မှစ၍ ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါအတွေ့အကြုံများသည် မိမိတို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုပါကြောင်း၊ လုပ်ငန်းစတင်မှု၊ ကြိုတင်ပြင်ဆင်မှုကို ဇန်နဝါရီ ၄ ရက် ကတည်းက စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဓိကအရေးကြီးသည့် နိုင်ငံဖြတ်ကျော်ဝင်ပေါက်ထွက်ပေါက်များကို အဓိကထားကာကွယ်ရန် စီစဉ်ခြင်းဖြစ်သည့်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဂိတ်များတွင် မိမိတို့ကျန်းမာရေးဌာနက ကြိုတင်စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ဦးဆောင်၍ ဝန်ကြီးဌာနတွင် နေ့စဉ်အစည်းအဝေးများ ပြုလုပ်ပါကြောင်း၊ ကာကွယ်၊ ထိန်းချုပ်ရေး၊ ကုသရေး လုပ်ငန်းလမ်းညွှန်များကို ပြုစုရေးဆွဲဖြန့်ဝေခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ Website နှင့် Facebook Page များမှ တစ်ဆင့် ဖြန့်ဝေခဲ့ခြင်းဖြစ်ပါကြောင်း။

> **“ သတင်းများကို လေ့လာကြည့်မည်ဆိုပါက အခြားနိုင်ငံများတွင် ကောင်းသွားပြီဆိုပြီး ကိုဗစ် - ၁၉ ရောဂါ ဒုတိယလှိုင်းဝင်လာသည်ကို တွေ့ရ၊ မိမိတို့အနေဖြင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါကြောင်း၊ ဆိုးရွားစွာမဖြစ်စေလို၊ ထို့ကြောင့် ကာကွယ်ရေးရှုထောင့်နှင့် ကုသရေးရှုထောင့်များအနေဖြင့် မည်သည်တို့ကို သတိပြုရန်လိုအပ်သည်၊ မည်သည့်အတွက်ကြောင့် သတိပြုရန်လိုအပ်သည် စသည်တို့ကို အများပြည်သူ ရှင်းရှင်းလင်းလင်း နားလည်နိုင်စေရန် ဆောင်ရွက်ပေး၊ ပေါ့ဆ၍ မဖြစ်သေးပါ၊ နောက်နှစ်လ သုံးလခန့် စည်းကမ်းထိန်းသိမ်းပြီး လိုက်နာဆောင်ရွက်ကြမည်ဆိုပါက အန္တရာယ်ကို ကျော်လွန်သွားပြီဟု ပြောနိုင်မည့်အခြေအနေသို့ ရောက်ရှိနိုင် ”**

## အောက်ခြေအထိ ဆောင်ရွက်နိုင်ခဲ့

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တစ်ခုတည်းသာမက အခြားနီးနွယ်ဝန်ကြီးဌာနများ၊ ဗဟိုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းဆောင်တာများကို ကျယ်ကျယ်ပြန့်ပြန့် တစ်နိုင်ငံလုံးလွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လုပ်ဆောင်မှုများကို ဗဟိုသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များနှင့် ချိတ်ဆက်နိုင်ရန် Video Conferencing စနစ်ဖြင့် ဆွေးနွေး လမ်းညွှန်အနီးကပ်ကြီးကြပ်လုပ်ဆောင်ခဲ့သကဲ့သို့ ဆေးရုံအပိုင်းတွင်လည်း အထူးကြပ်မတ် ကုသဆောင်များကို ပြင်ဆင်ခဲ့ပါကြောင်း၊ ပြည်သူလူထုသည် အသိပညာရှိရန် အသိပညာပေးလုပ်ငန်းများကို Social media အသုံးပြု၍ အသိပညာပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ရပ်ကွက်ကျေးရွာများရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လှည့်လည်အသိပေးခြင်းများကို ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးကျွမ်းကျင်သူများသည် ဝန်ကြီးဌာနက ဖြန့်ဝေထားသည့် နေ့စဉ်အသိပေးညွှန်ကြားနေသည့် အသိပညာများကို ပြည်သူများရရှိနိုင်ရန် အောက်ခြေအထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ခြင်းနည်းတူ ပြည်တွင်း ပြည်ပခရီးသွားလာမှုကန့်သတ်ခြင်း၊ ပြည်ပမှ ဝင်ရောက်လာသူများကို စစ်ဆေးဆောင်ရွက်ခြင်း၊ သံသယလူနာများ ရှာဖွေဖော်ထုတ်၍ သီးခြားထားစစ်ဆေးကုသပေးခြင်း၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ပြည်သူလူထု၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ အသွားအလာကန့်သတ်သည့် Quarantine Centre များ တည်ထောင်လာခြင်းတို့တွင် ပြည်သူလူထုပူးပေါင်းပါဝင်လာခဲ့ပါကြောင်း၊ ရန်ပုံငွေရရှိရန်လည်း နိုင်ငံတော်နှင့် ပြည်သူများက ထည့်ဝင်ခဲ့ကြပါကြောင်း၊ တစ်ကိုယ်ရေ အကာအကွယ်ပစ္စည်းများကိုလည်း ဝယ်ယူဖြန့်ဖြူးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပထမဆုံးလူနာကို မတ်လ ၂၃ ရက်တွင် ရှာဖွေတွေ့ရှိပြီးသည့်နောက် ယခုအချိန်အထိ ၂၉၉ ဦး တွေ့ရှိခဲ့ပါကြောင်း၊ မိမိတို့ မျှော်မှန်းထားသည်ထက် များစွာလျော့နည်းသည့် အရေအတွက်ကိုသာ တွေ့ရှိခြင်းဖြစ်သည့်အတွက် မိမိတို့၏ ကြိုတင်ပြင်ဆင်မှုများနှင့် ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများသည် ထိရောက်မှုရှိသည်ကို တင်ပြလိုပါကြောင်း။

ကုသမှုပေးခဲ့သည့် လူနာများအနက် ၂၂၁ ဦးသည် ယနေ့တွင် ပြန်လည်ကောင်းမွန်လာပြီး သေဆုံးမှုသည် ၆ ဦးသာ ရှိခဲ့ပါကြောင်း၊ မိမိတို့၏ ထောက်လှမ်းမှုစနစ်များသည် ပြည်သူများအတွင်း တစ်ဦးနှင့်တစ်ဦး အချင်းချင်း ကူးစက်မှုမရှိသလောက် လျော့နည်းသွားသည်ကို တွေ့ရှိရပါကြောင်း၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များမှ သတင်းပေးပို့ရမည့်ရောဂါအဖြစ် ကိုဗစ် – ၁၉ ကပ်ရောဂါကို သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဧပြီ၊ မေနှင့် ဇွန်လများတွင် တိတိကျကျ နှိုးဆော်ဆောင်ရွက်ခဲ့သည့်အတွက် အိမ်တွင်နေထိုင်ရေး ညွှန်ကြားချက်အတိုင်း လိုက်နာရေးဆောင်ရွက်သည့်အခါ လူအစုလိုက်တွေ့ရသည့်နေရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် မြို့နယ်များတွင် အသွားအလာကန့်သတ်ခြင်း၊ စားသောက်ဆိုင်၊ ကျောင်းနှင့် စက်ရုံအလုပ်ရုံများတွင် ခေတ္တပိတ်ထားခြင်းနှင့် လူ ငါးဦးထက် ပိုမစုရန် နှိုးဆော်တားမြစ်ခြင်း၊ တရားပွဲများ၊ သင်္ကြန်ပွဲများ မလုပ်ဆောင်ရန် တားမြစ်နိုင်ခြင်းတို့သည် ထိရောက်သည့် နည်းဗျူဟာများ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်ရောဂါတွေ့ရှိပြီးနောက်တွင် ရောဂါကူးစက်မှုကို လျော့နည်းလာအောင် လျှော့ချနိုင်ခဲ့ပါကြောင်း၊ ဧပြီလကုန် နောက်ပိုင်းတွင် ကယ်ဆယ်ရေးလေယာဉ်ခရီးစဉ်များကို ပြန်လည်ဖွင့်လှစ်ခဲ့ပါကြောင်း၊ နယ်စပ်ဒေသများမှတစ်ဆင့် ပြန်လာသည့်သူများကိုလည်း လက်ခံကြိုဆိုခဲ့ရာ ဇွန်လ ၂၈ ရက်ထိ ပြည်ပမှ ပြန်လာသူ နှစ်သိန်း ရှစ်သောင်းခန့်အထိ ပြန်လာခဲ့ကြပါကြောင်း၊ ဓာတ်ခွဲစစ်ဆေးမှုကို ခုနစ်သောင်း ခြောက်ထောင်ခန့်ထိ စစ်ဆေးသည့်အခါ ၀ ဒသမ ၂ ရာခိုင်နှုန်းသာ ရောဂါပိုးတွေ့ရှိသည်ကို တွေ့ရပါကြောင်း၊ ရောဂါပိုးတွေ့ရှိသည်နှင့် ပြည်သူများသည် အကြောက်တရားဖြင့် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များဖြစ်သည့် နှာခေါင်းစည်းတပ်ရန်၊ လက်မကြာခဏဆေးရန်၊ လူစည်ကားရာမသွားရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊ အိမ်မှာပဲနေရန် စသည့် ညွှန်ကြားချက်များကို လိုက်နာကြပါကြောင်း၊ လူနာအသစ်တွေ့ရှိမှု လျော့ကျခြင်း၊ ပြည်တွင်းတွင် ကူးစက်မှုမြင့်တက်လာမှုမရှိခြင်း၊ နေ့စဉ်ထုတ်ပြန်ကြေညာချက်တွင် သံသယလူနာလျော့ကျလာခြင်း၊ လူနာသေဆုံးမှုသည် (၂) ရာခိုင်နှုန်းခန့်သာရှိခဲ့သည့်အတွက် ဖြေလျှော့မှုလုပ်သည်နှင့်အညီ ပြည်သူများအနေဖြင့် သတိလက်လွတ်ဖြစ်သွားနိုင်သည့် အခြေအနေမျိုးကို တွေ့ရပါကြောင်း၊ လနှင့်ချီ၍ ကန့်သတ်ထားသည့်အတွက် လူမှုစီးပွားရေးအခြေအနေများ ထိခိုက်မှုရှိလာပါကြောင်း၊ စီးပွားရေးပြန်လုပ်ရန် တာစူလာပြီး စက်ရုံအလုပ်ရုံ၊ စားသောက်ဆိုင်နှင့် လုပ်ငန်းခွင်များ ပြန်လည်ဖွင့်လှစ်ခွင့်များကို ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ညွှန်ကြားဆောင်ရွက်ထားပြီးဖြစ်သော်လည်း ရောဂါမကူးစက်အောင် လိုက်နာရမည့်၊ လုပ်ရမည့် အလုပ်များကို မလုပ်လျှင် ပေါ့ဆပြီး ရောဂါကူးစက်နိုင်သည့်အခြေအနေဖြစ်လာနိုင်သည်ကို တွေ့ရှိရပါကြောင်း။

တောင်ကိုရီးယား၊ တရုတ်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့တွင် ဖြေလျှော့မှုများ ပြုလုပ်ပြီးသည့်နောက် လူနာများ ပြန်လည်တွေ့ရှိသဖြင့် ပြန်လည်ကန့်သတ်မှုများ ပြုလုပ်ရပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းများပြန်ပိတ်ရန် စီစဉ်သည်ကို တွေ့ရပါကြောင်း၊ ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံများတွင် အဆင့်အလိုက် ဖြေလျှော့မှုများ ဆောင်ရွက်သော်လည်း ပြည်ပခရီးသွားလုပ်ငန်းများကို ယခုထိ ကန့်သတ်ထားဆဲဖြစ်ပါကြောင်း၊ စင်ကာပူနှင့် နယူးဇီလန်နိုင်ငံတို့တွင် ဖြစ်ပွားမှုများ များစွာလျော့ကျကာ မရှိသလောက်ဖြစ်သည်ဟု ကြေညာခဲ့ပြီး ဖြေလျှော့ခဲ့ပြီးနောက် လူနာများ ပြန်လည်တွေ့ရှိနေသည်ကို သိရပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လျှော့ပေါ့စွာဆောင်ရွက်မည်၊ သတိလက်လွတ်ဆောင်ရွက်မည်ဆိုပါက ရောဂါကူးစက်မှုသည် အချိန်မရွေး မြင့်တက်လာနိုင်သည့်အတွက် ပေါ့ဆ၍ မရသည်ကို ပြည်သူလူထုထံ တင်ပြလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

## အများဆုံးကုသပေးနေသည့် ဆေးရုံ

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးက ကိုဗစ်–၁၉ သံသယလူနာများအား ကုသပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခဲ့ရသည့် အခြေအနေများနှင့် ကုသပေးခဲ့ရသည့် အခြေအနေများကို တင်ပြဆွေးနွေးလိုပါကြောင်း၊ ရန်ကုန်ဆေးရုံကြီးအနေဖြင့် ကိုဗစ်–၁၉ သံသယလူနာများအား ကုသပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်နေရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၂၀၀၀ ဆံ့ Tertiary Care Teaching Hospital တစ်ခု ဖြစ်ပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် ကိုဗစ်–၁၉ အတည်ပြုလူနာများအား ကုသပေးသည့် သတ်မှတ်ဆေးရုံမဟုတ်ပါကြောင်း၊ သို့သော်လည်း ကိုဗစ်–၁၉ (PUI) သံသယလူနာများကို အများဆုံးကုသပေးနေသည့် ဆေးရုံတစ်ရုံ ဖြစ်ပါကြောင်း။

ကိုဗစ် –၁၉ သံသယလူနာများထားရှိရေးနှင့် ဆေးရုံအတွင်း ရောဂါကူးစက်မှုများ မဖြစ်ပေါ်နိုင်ရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဌာနအသီးသီးမှ ပါမောက္ခဆရာဝန်ကြီးများနှင့် တိုင်ပင်ညှိနှိုင်းပြီး လူနာများထားရှိရန် နေရာသတ်မှတ်ခြင်း၊ လူနာသယ်ယူရေး လမ်းကြောင်းရွေးချယ်ခြင်း၊ CCTV၊ Intercom ၊Oxygen Pipeline များ တိုးချဲ့တပ်ဆင်ခြင်း၊ လိုအပ်သောဆေးဝါးနှင့် စက်ကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်က ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ လိုအပ်ချက်များရှိသော်လည်း ယခုအခါ နိုင်ငံတော်နှင့် စေတနာအလှူရှင်ပြည်သူလူထုတို့က ဖြည့်ဆည်းပေးထား၍ အတော်အသင့် ပြည့်စုံနေပြီဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

လူနာများအား ကုသကိုင်တွယ်သည့်အခါ လူနာအချင်းချင်း၊ လူနာထံမှဝန်ထမ်းများ ရောဂါကူးစက်မှုမဖြစ်ပေါ်နိုင်ရေးအတွက် PPE ဝတ်ဆင်ခြင်း၊ ချွတ်ခြင်းတို့ကို စနစ်တကျ ဝတ်ဆင်နိုင်ရန် PPE Training များနှင့် ကူးစက်ရောဂါများ ထိန်းချုပ်ရေးအတွက် (Infection Control practice) အလေ့အကျင့်များကို ဝန်ထမ်းများအား လုပ်ငန်းခွင်မပျက် ဆောင်ရွက်၍ စဉ်ဆက်မပြတ်သင်ကြားပေးလျက်ရှိပါကြောင်း။

**အလှည့်ကျသွားရောက်တာဝန်ထမ်းဆောင်**

ကိုဗစ် -၁၉ လူနာ၊ ကိုဗစ် -၁၉ သံသယလူနာများထားရှိသည့် ဝေဘာဂီအထူးကုဆေးရုံ၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံ၊ ဖောင်ကြီးဆေးရုံများသို့ ဆရာဝန်များ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးလူမှုဆက်ဆံရေးမှူးများအား အလှည့်ကျသွားရောက်တာဝန်ထမ်းဆောင်စေပြီး လူနာများအား ကုသမှုများ ဆောင်ရွက်ပေးနေပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်၍ အဖျားရှိသည့် လူနာများ လာရောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဆရာဝန်ကြီးများမှ ကိုဗစ်-၁၉ ရောဂါ လက္ခဏာသံသယရှိပါက အထူးသတိပြုစစ်ဆေးကုသခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်၍ ကိုဗစ်-၁၉ သံသယလူနာများကို ကုသမှုပေးခဲ့ပြီး ယနေ့အထိ လူနာ စုစုပေါင်း ၁၁၄၇ ဦးရှိခဲ့ပါကြောင်း၊ ထိုလူနာများအနက် ၁၁ ဦးမှာ ကိုဗစ်-၁၉ Test Positive ဖြစ်ခဲ့ပါကြောင်း၊ ဧပြီလ နှင့် မေလတို့တွင် ဆေးရုံကြီး၌ နေ့စဉ် သံသယလူနာ စုစုပေါင်း ၁၀၀ ဝန်းကျင်ခန့်ရှိပြီး တစ်နေ့လျှင် လူနာအသစ် ၂၅ ဦးမှ ၃၀ ဦးခန့်အထိ တတ်ရောက်ကုသခံယူလျက်ရှိပါကြောင်း။

ပြည်သူ့ဆေးရုံကြီးမှ သံသယလူနာများကို မိမိတို့ဆေးရုံအလိုက် လက်ခံကုသပေးပြီး Swab Test ယူကာ Positive အဖြေထွက်ပါက သက်ဆိုင်ရာသတ်မှတ်ထားသည့်ဆေးရုံကြီးများသို့ ပို့ဆောင်၍ ကုသမှုများ ဆက်လက်လုပ်ဆောင်ပေးခဲ့ပါကြောင်း၊ Negative လူများ ကို မိမိတို့ဆေးရုံများ၌ ဆက်လက်ကြည့်ရှုကုသမှုများ ပေးလျက်ရှိပါကြောင်း၊ လူနာများ သယ်ယူပို့ဆောင်ရေးအတွက် လက်ထောက်ညွှန်ကြားရေးမှူး (ဆေးရုံအုပ်) တစ်ဦးမှ ဦးဆောင်ကာ ဆေးရုံပိုင်လူနာတင်ယာဉ် သုံးစီးဖြင့် ပုဂ္ဂလိက ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ Quarantine Center များမှ ပိုးတွေ့လူနာများ၊ သံသယလူနာများ၊ ၎င်းလူနာများနှင့် ထိတွေ့ခဲ့သည့် လူများ(Closed contact) ကို ဝေဘာဂီအထူးကုဆေးရုံနှင့် တောင်ဥက္ကလာပဆေးရုံများသို့ ချိတ်ဆက်ပို့ဆောင်ပေးခဲ့ပါကြောင်း။

**သံသယလူနာများ လျော့နည်းလာ**

ယခုအချိန်တွင် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် Mask တပ်ခြင်း၊ Social Distancing နှင့် Stay at home တို့ကို လိုက်နာကြပြီး နိုင်ငံတော်၏အစီအစဉ်ဖြင့် Facility Quarantine, Home Quarantine ထားရှိခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် သေဆုံးမှုနည်းပါး၍ ဆေးရုံတက်ရောက်သည့် သံသယလူနာများ တဖြည်းဖြည်း လျော့နည်းလာပါကြောင်း၊ ထို့ကြောင့် ဆေးရုံအနေဖြင့် နိုင်နင်းစွာကုသပေးနိုင်ပါကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဝန်ထမ်းများအနေဖြင့်လည်း သံသယလူနာများနှင့် Non COVID လူနာများ အားလုံးကို စိတ်ရောကိုယ်ပါ စေတနာထက်သန်စွာဖြင့် ညှိနှိုင်းကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အသွားအလာကန့်သတ်ခြင်းများ အထိုက်အလျောက်ဖြေလျှော့လာသည့်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရောဂါအမျိုးမျိုးဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အားကိုးတကြီး လာရောက်ပြသသည့် ပုံမှန်လူနာများသည်လည်း ယခင်ပုံမှန်အတိုင်း များပြားလာပါကြောင်း၊ ရန်ကုန်ဆေးရုံကြီးသည် အနယ်နယ်အရပ်ရပ်မှ RTA case များ လာရောက်ကုသမှုခံယူသည့် ဆေးရုံကြီးဖြစ်ပါကြောင်း၊ ယခုအခါ လမ်းများပေါ်တွင် ယာဉ်နှင့်လူအသွားအလာ ပြန်လည်များပြားလာသည့်အတွက် ယခင်ကဲ့သို့ ယာဉ်တိုက် လူနာများလည်း တဖြည်းဖြည်း ပြန်လည်များပြားလာသည်ကို တွေ့ရှိရပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဆက်လက်လိုက်နာမှုအားနည်းလာသည့်အတွက် ကူးစက်ရောဂါလူနာများ ပြန်လည်များပြားလာနိုင်ပြီး ပုံမှန်လာရောက်ကုသသည့် လူနာများနှင့် ကူးစက်ရောဂါလူနာများအတွက် ကုသမှုပေးရာတွင် နိုင်နင်းစွာကုသမှုပေးရန် ခက်ခဲလာနိုင်ပါကြောင်း။

- **ယခုအခါ ပြည်သူများသည် ကပ်ရောဂါကို စိုးရိမ်ကြောက်လန့်မှု လျော့နည်းလာသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာမှုတဖြည်းဖြည်း လျော့နည်းလာသည်ကို တွေ့ရ၊**
- **ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်ရောဂါသည် တစ်ကျော့ပြန် ဖြစ်ပွားလျက်ရှိ၊**
- **ထို့ကြောင့် မိမိနိုင်ငံတွင် ကိုဗစ်ရောဂါမကူးစက် မပြန့်ပွားစေရေးအတွက် ပြည်သူများအနေဖြင့် ညွှန်ကြားချက်များကို လိုက်နာကြရန် အထူးလိုအပ်**

ထို့ကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ဆက်လက်ထိန်းသိမ်းလိုက်နာကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေဖြင့်လည်း ဆေးရုံတက်လူနာများအားလုံးကို နိုင်နိုင်နင်းနင်း ထိရောက်စွာကုသမှုပေးနိုင်ရန် အခက်အခဲများ ရှိနေသည့်ကြားမှ ပါမောက္ခကြီးများ၊ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အခြေခံဝန်ထမ်းများက ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်၌ ဧပြီနှင့် မေ နှစ်လတွင် မည်သည့်နေရာကိုမျှ မသွားရပါကြောင်း၊ ယခင် သင်္ကြန်အချိန်ကာလတွင် တော်တော်များများ ထွက်ကြပြီး သင်္ကြန်ကာလအတွင်း ထိခိုက်ဒဏ်ရာရသည့် လူနာ ၉၀၀ ဦးကို ကုသမှုပေးခဲ့ရပါကြောင်း၊ ယခုအချိန်သည် ဖြေလျှော့လိုက်သည်ကိုအကြောင်းပြု၍ သွားလာလိုသည့်အတွက် Super Market များသို့ အတိုးချ၍ သွားလာနေကြပါကြောင်း၊ ကျောင်းများ မဖွင့်သေးပါကြောင်း၊ ကျောင်းများဖွင့်လျှင် ကားများ ပိုမိုများပြားလာမည်ဖြစ်ပါကြောင်း။

ယခုအခါ ပုံမှန်အတိုင်း ကားလမ်းများ ပိတ်နေပါကြောင်း၊ လမ်းတွင် သွားလာနေသည့်သူများမှာလည်း Mask တပ်ဆင်သည့်ဦးရေ နည်းလာပြီး စည်းကမ်းလျော့နည်းလာသည်ကို များစွာတွေ့ရှိရပါကြောင်း၊ ယခင်အချိန်က လူစုလူဝေးနေရာများသို့ သွားပါက Mask တပ်ဆင်ပြီး ခပ်ခွာခွာနေကြပါကြောင်း၊ အိမ်ထဲတွင် နေကြပါကြောင်း၊ ယခုအချိန်သည် ယခင် ဧပြီနှင့် မေလများထက် လမ်းပေါ်တွင် လူများစွာ သွားလာနေကြသည်ကို တွေ့ရှိရပါကြောင်း၊ အထူးသဖြင့် အပြင်သို့ ထွက်နေသည့်သူများမှာ လူငယ်များဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးတင်ပြသည်။

**ကိုဗစ်ရောဂါပျံ့နှံ့လာနိုင်**

ဆက်လက်၍ ဘားအံပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီး (ဆေးပညာ) ဒေါက်တာ ချိုချိုစန်းထူးက ကရင်ပြည်နယ်သည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေပြီး ကူးသန်းသွားလာမှုများပြားသောကြောင့် ကိုဗစ်ရောဂါပျံ့နှံ့လာနိုင်သည့် အန္တရာယ်ကြီးမားပါကြောင်း၊ ဘားအံဆေးရုံသည် ခုတင် ၂၀၀ ဆေးရုံသာဖြစ်သော်လည်း ပြည်နယ်ဆေးရုံကြီးဖြစ်သောကြောင့် ကိုဗစ်လူနာဆိုင်ရာ designated hospital အဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ကိုဗစ်ရောဂါသည် အလွန်ကြောက်စရာကောင်းသည့် ရောဂါသစ်ဟု သဘောပေါက်နားလည်ကြပြီး ခုခံကာကွယ်ရန်အတွက် ဆရာဝန်/ဆရာမများအားလုံး ပေါင်းစည်းညှိနှိုင်း၍ ဆေးရုံအုပ်ကြီး၊ ရောဂါဗေဒဆရာဝန်ကြီး၊ မေ့ဆေးဆရာဝန်ကြီး၊ ဆေးပညာအထူးကုများ၊ ကလေးဆေးပညာအထူးကုများသာမက သားဖွားမီးယပ်အထူးကု၊ ခွဲစိတ်အထူးကု၊ အရေပြား၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးအထူးကု၊ အရိုးအထူးကု၊ မေထရွန်ကြီး၊ သူနာပြုဆရာမကြီးများ၊ ဆေးလူမှုဌာနများ အားလုံးစုပေါင်းပြီး စည်းဝေးတိုင်ပင် ဆောင်ရွက်ခဲ့ပါကြောင်း။

နယ်ဆေးရုံတစ်ခုအနေဖြင့် ကပ်ရောဂါသစ်ကို ရင်ဆိုင်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အချိန်များများမရနိုင်ကြောင်း တွက်ဆမိသဖြင့် နိုင်ငံတော်က ပံ့ပိုးမှုကိုသာမက မိမိတို့အစီအစဉ်၊ ရပ်ရွာနှင့် အလှူရှင်များအားဖြည့်မှုကိုပါ လက်ကမ်းကြိုဆိုပြီး ရောဂါကူးစက်ပြန့်ပွားမှုမရှိအောင် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မိဘပြည်သူများက တစ်ခဲနက်လာရောက်လှူဒါန်းကြသည်မှာ ကျေးဇူးတင်စရာကောင်းလှပါကြောင်း၊ မိမိတို့ဆေးရုံတွင် ယခင်က Isolation သီးသန့်ဆောင်ရှိပြီးဖြစ်သော်လည်း ကိုဗစ်ရောဂါအနေအထားအရ လူနာများများပြားလာနိုင်သည့်အတွက် ဖေဖော်ဝါရီ လဆန်းပိုင်းတွင် ဆေးရုံအတွင်းရှိ အဆောင်တစ်ဆောင်ကို ကိုဗစ်လူနာပြုစုကုသရန် သီးသန့်ဆောင်အဖြစ် ရွေးချယ်ပြင်ဆင်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာပြီး နိုင်ငံတော်အစိုးရ၏ အထောက်အပံ့များ၊ ပြည်နယ်အစိုးရနှင့် ဒေသခံစေတနာရှင်၊ အလှူရှင်များ၏ ဝိုင်းဝန်းပံ့ပိုးမှုအင်အားကို ရယူကာ ကိုဗစ်ကုသရေးသီးသန့်ဆောင်ကို စနစ်တကျ ပြင်ဆင်ခဲ့ပါကြောင်း။

**စနစ်တကျ တပ်ဆင်နိုင်ခဲ့**

ယင်းသီးသန့်ဆောင်တွင် လူနာ ၅ ဦးကို တစ်ပြိုင်တည်း လက်ခံနိုင်အောင် ပြင်ဆင်ခဲ့ပါကြောင်း၊ သီးသန့်ဆောင်အတွက် အောက်ဆီဂျင်အိုးများ၊ အောက်ဆီဂျင်ထုတ်လုပ်သော Bedside Concentrator များ၊ ဆေးသွင်းစက်များ၊ ကုသမှုအထောက်အကူပြုစက်ကိရိယာများကို တတ်နိုင်သလောက် ဖြည့်ဆည်းတပ်ဆင်ခဲ့ပါကြောင်း၊ လေအေးပေးစက်များနှင့် CCTV များလည်း တပ်ဆင်ခဲ့ပါကြောင်း၊ ထို့ပြင် ကိုဗစ်လူနာသီးသန့် ICU ကို Isolation ဆောင်တွင် ဖွဲ့စည်းတည်ဆောက်ခဲ့ပါကြောင်း၊ အသက်ရှူအားကူစက် နှစ်လုံးကို အဆင်သင့်တပ်ဆင်ခဲ့ပြီး မေ့ဆေးဆရာဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှုဖြင့် အောက်ဆီဂျင်ပိုက်လိုင်းများကိုလည်း စနစ်တကျ တပ်ဆင်နိုင်ခဲ့ပါကြောင်း၊ ဘားအံမြို့ရှိ လူမှုရေးအသင်းအဖွဲ့များသည် ကူညီဆောင်ရွက်မှု အလွန်မြင့်မားသည့်အဖွဲ့အစည်းများ ဖြစ်ပါကြောင်း။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဆရာဝန်ကြီး၊ ပြည်နယ်ဆေးရုံအုပ်ကြီး၊ ဘာသာရပ်များမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် CMC group ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင် CMC Viber group ကိုလည်း ဖွဲ့စည်းကာ သံသယလူနာ၊ စောင့်ကြည့်လူနာ၊ ရုတ်တရက် အဆုတ်ရောင်လူနာများ၊ ကိုဗစ်လူနာများအကြောင်းကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆွေးနွေးတိုင်ပင်ကြပါကြောင်း၊ လိုအပ်ပါက ဗဟိုကော်မတီနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်ပါကြောင်း၊ ထို့ပြင် Fever ခန်းနှင့် ရုတ်တရက် အဆုတ်ရောင်လူနာကုသခန်းများကိုလည်း ဆေးရုံအတွင်း သီးသန့်ဖွဲ့စည်းထားပါကြောင်း။

**မျက်ခြည်မပြတ် အကဲခတ်နေ**

ကရင်ပြည်နယ်၏ ပထမဆုံးသံသယလူနာသည် မတ်လ ၇ ရက်နေ့တွင် စတင်ရောက်ရှိလာပါကြောင်း၊ ပြည်နယ်ဆေးရုံသို့ ဇွန်လ ၂၅ ရက်အထိ သံသယလူနာပေါင်း ၁၃၈ ဦး ရောက်ရှိခဲ့ပါကြောင်း၊ case No 186 နှင့် case No 187 တို့သည် မေလ ၁၈ ရက်တွင် လည်းကောင်း၊ case No 265 သည် ဇွန်လ ၁၉ ရက်တွင်လည်းကောင်း၊ case No 294 သည် ဇွန်လ ၂၈ ရက်တွင်လည်းကောင်း ရောက်ရှိလာပါကြောင်း၊ ၎င်းတို့ကို ကိုဗစ်သီးသန့်လူနာဆောင်တွင် နေရာချထားပြီး ကုသလျက်ရှိပါကြောင်း၊ သူနာပြု ဆရာမများ လူနာပြုစုမှုဆိုင်ရာဝင်ရောက်ခြင်းနှင့် ဆရာဝန်ကြီးပုံမှန် round လှည့်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူနာခန်းအားလုံးတွင် CCTV တပ်ဆင်ထားပြီး round ပြီးချိန်တွင်လည်း ဆရာမများ အခန်းမှလည်း မျက်ခြည်မပြတ် အကဲခတ်နေပါကြောင်း၊ ဆရာဝန်ကြီးများ၏ ဖုန်းနှင့်လည်း ချိတ်ဆက်ထားပြီး အမြဲမပြတ် လေ့လာစစ်ဆေးမှုများ ဆောင်ရွက်ပါကြောင်း။

**တာဝန်ခန်းဖုန်း**

လူနာများ အထီးကျန်စိတ်အားငယ်မှု မဖြစ်မပွားစေရန်နှင့် စိုးရွံ့မှုများလျော့ပါးသွားစေရန်အတွက် လူနာ၏ ဖုန်းနံပါတ်ကိုယူထားပြီး တာဝန်ခန်း ဖုန်းနံပါတ်၊ ဆရာဝန်ဖုန်းနံပါတ်ပါပေးထားပြီး စကားပြောခြင်း၊ သတင်းမေးခြင်း၊ အားပေးခြင်းများ ဆောင်ရွက်ပေးပါကြောင်း၊ Isolation ရနေချိန်တွင် ပြင်ပကမ္ဘာလောကနှင့် အဆက်မပြတ်တစ်သားတည်းဖြစ်စေရန် ဖုန်းမရှိသူများကို ဖုန်းရရှိအောင် ဝိုင်းဝန်းလှူဒါန်းခြင်း၊ ရေဒီယိုများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အစားအစာ၊ အဝတ်အစား၊ ဆပ်ပြာ၊ သွားတိုက်ဆေးကအစ ပြည့်စုံအောင်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဘားအံဆေးရုံသည် ခုတင် ၂၀၀ ဆေးရုံသာဖြစ်သော်လည်း ပြည်နယ်အစိုးရနှင့် အလှူရှင်များ ပံ့ပိုးကူညီမှုဖြင့် ကျောက်ကပ်ဆေးသည့် unit တစ်ခုတည်ထောင်နိုင်ခဲ့ပါကြောင်း၊ ဘားအံဆေးရုံ၏ ဆေးပညာအထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်သည့် ဒေါက်တာဝင်းဝင်းမြင့်က တာဝန်ယူ၍ စက် ငါးလုံးဖြင့် ကျောက်ကပ်ဆေးကြောပေးလျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံတွင် နေထိုင်ပြီး ကျောက်ကပ်ဆေးကြောနေရသည့် မြန်မာနိုင်ငံသားများသည် ကပ်ရောဂါကို ကြောက်လန့်သည့်အတွက် မြန်မာနိုင်ငံသို့ ပြန်ဝင်လာပါ ကြောင်း၊ ပြန်ဝင်လာသည့်အခါ Quarantine ၂၁ ရက် ဝင်ရပါကြောင်း၊ ၎င်းတို့ အသက်ရှင်သန်ရေးအတွက် ကျောက်ကပ်ပုံမှန်ဆေးနေရသူများ ဖြစ်ပါကြောင်း၊ ကျောက်ကပ်ပုံမှန်မဆေးကြောနိုင်ပါက အသက်အန္တရာယ်အတွက် စိုးရိမ်ရပါကြောင်း။

ရောဂါပိုး ပါမပါ မသေချာသေးသည့် စောင့်ကြည့်ကာလ လူနာများကို အခြားလူနာများ ဆေးကြောသည့်စက်နှင့်ဆေးရန် စိုးရိမ်မှုများရှိသည့်အတွက် ဒေါက်တာဝင်းဝင်းမြင့် က မတည်ငွေလှူဒါန်းကာ အလှူရှင်များစုပေါင်း၍ စက်အသစ်တစ်လုံး အမြန်တပ်ဆင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ကျောက်ကပ်ဆေးသည့်စက် စုစုပေါင်း ၆ လုံးရှိပါကြောင်း၊ တစ်လုံးကို Quarantine လူနာများအတွက် သီးသန့်ထားရှိပါကြောင်း၊ ယခုအချိန်တွင် ဝန်ကြီးဌာန၏ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုများကြောင့် အဆင်ပြေလျက်ရှိပါကြောင်း။

ယခုအခါ ပြည်သူများသည် ကပ်ရောဂါကို စိုးရိမ်ကြောက်လန့်မှုလျော့နည်းလာသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို လိုက်နာမှု တဖြည်းဖြည်းလျော့နည်းလာသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်ရောဂါသည် တစ်ကျော့ပြန် ဖြစ်ပွားလျက်ရှိပါကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံတွင် ကိုဗစ်ရောဂါမကူးစက် မပြန့်ပွားစေရေးအတွက် ပြည်သူများအနေဖြင့် ညွှန်ကြားချက်များကို လိုက်နာကြရန် အထူးလိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

**မကြာခဏ သတိပေးနေ**

ထို့နောက် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကာကွယ်ရေးတွင် အောင်မြင်ခဲ့ခြင်းသည် စောစီးစွာ အစီအစဉ်များချမှတ်ခဲ့၍ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အစောဆုံးစည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်ဟု ဆိုလျှင် မမှားပါကြောင်း၊ ကိုဗစ် - ၁၉ ရောဂါကို နိုင်ငံအများစုသည် ခပ်ပေါ့ပေါ့ ဖြစ်နေကြပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို ကိုင်တွယ်နိုင်မည်ဟု ယူဆကာ လေးလေးနက်နက် မမြင်ကြသည်ကို သတိပြုမိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဇန်နဝါရီ ၄ ရက် ကတည်းကစတင်၍ လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်၍ ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သဖြင့် အထောက်အကူများစွာ ဖြစ်ခဲ့ပါကြောင်း၊ အကြမ်းအားဖြင့် ကြည့်မည်ဆိုပါက ပြည်တွင်းတွင် ကူးစက်ခြင်းမရှိဘဲ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူပြည်သူများတွင် ရောဂါပိုးပါလာခြင်း သည်များပါကြောင်း၊ ထို့ကြောင့် သတိထားရန်လိုအပ်သဖြင့် မကြာခဏ သတိပေးနေပါကြောင်း၊ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုပုံစံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွာခြားသည်ဟု ပြောဆိုကြပါကြောင်း၊ တစ်နေရာနှင့် တစ်နေရာအပေါ်အခြေခံ၍ ပြောင်းလဲသွားပါကြောင်း၊ မိမိတို့နိုင်ငံတွင် အများစုသည် ရောဂါလက္ခဏာပြသခြင်း မရှိဟု ပြောကြပါကြောင်း၊ ထိုသို့ လက္ခဏာမပြခြင်းသည် အလွန်ကြောက်မက် ဖွယ်ဖြစ်ပါကြောင်း၊ လက္ခဏာပြသသဖြင့် မြင်တွေ့ရလျှင် ရှောင်တိမ်း၍ ရပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါလက္ခဏာ လုံးဝမပြသဖြင့် ရှောင်တိမ်း၍ မရပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို သတိဖြင့်နေထိုင်ခြင်းသည် လွန်စွာအရေးကြီးပါကြောင်း၊ ရောဂါရှည်ခြင်းသည် ကောင်းမွန်သည့်ကိစ္စရပ် မဟုတ်ပါကြောင်း၊ ရောဂါကုသရန် နိုင်ငံတော်အနေဖြင့်လည်း ရုန်းကန်ရပါကြောင်း၊ လူနာကိုယ်တိုင်လည်း ရုန်းကန်ရပါကြောင်း၊ အလားတူ လူနာ၏ မိသားစုအသိုင်းအဝန်းကလည်း ရုန်းကန်ရပါကြောင်း၊ သတိတရားသည် အဓိကဖြစ်ပါကြောင်း၊ သတိထား၍ ကာကွယ်ခြင်းသည် ကုသခြင်းထက်များစွာ ထိရောက်ပါကြောင်း။

*စာမျက်နှာ ၅ သို့*

# ပြည်သူသာလျှင် အဓိက

*စာမျက်နှာ ၄ မှ*

ရန်ကုန်မှ ပြည်သူများ အပြင်သို့ များပြားစွာထွက်နေကြပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တွင် နေသူတစ်ဦးအနေဖြင့် မည်သည့်ကိစ္စကြောင့် များစွာထွက်ကြသည်ကို အနည်းငယ် သုံးသပ်ပေးစေလိုပါကြောင်း၊ အလုပ်နှင့်ပတ်သက်၍ သွားသည်ကို မပြောလိုပါကြောင်း၊ အထူးသဖြင့် တစ်နေ့လုပ်မှ တစ်နေ့စားနေရသူများအနေဖြင့် အလုပ်အခွင့်အရေးရှိလျှင် သွားလာလုပ်ကိုင်နေရမည်ဖြစ်ပြီး မိသားစုအတွက် ရုန်းကန်ရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း အင်းလျားကန်စောင်းတွင် လမ်းလျှောက်သွားလာပြီး လူစုလူဝေးတော်တော်များများဖြင့် သွားလာနေသည်မှာ ရန်ကုန်တွင် မည်သည့်ကိစ္စကြောင့် သွားလာကြသည်ကို ပြောပြပေးစေလိုပါကြောင်း။

## စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရ

ထွက်ပေါက်ဆိုသည်မှာ မိမိစိတ်တွင်ရှိပြီး အားလုံးသတိပြုရန် လိုအပ်ပါကြောင်း။ မည်သို့ လျှောက်သွားနေပါသော်လည်း အထီးကျန်ခံရဆုံးအချိန်သည် လူအုပ်ထဲတွင်ဆိုသည့် စကားအရ ကိုယ်တစ်ယောက်တည်းရှိနေသလို၊ ကိုယ့်ကိုမည်သူမှ ဂရုမစိုက်သလို လူအုပ်ထဲတွင် အထီးကျန်ခံရသည့်စိတ်သည် အဆိုးဆုံးဟု စိတ္တဗေဒပညာရှင်များက သုံးသပ်ခဲ့ဖူးပါကြောင်း၊ ထွက်ပေါက်ဆိုသည်မှာ မိမိ၏စိတ်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုက်တွန်းလိုသည်မှာ နောက်ထပ် နှစ်လ ၊ သုံးလ သည်းခံပေးကြစေလိုပါကြောင်း၊ နှစ်လ၊ သုံးလဆိုလျှင် အားလုံးပေါင်း ၅ လ ၆ လ ဆိုသည့်အချိန်သည် ကြာမြင့်သည့်အချိန်မဟုတ်ပါကြောင်း၊ ဘဝသက်တမ်းတစ်ခုတွင် ၅ လ ၆ လသည် ကြာမြင့်သည့်အချိန်ဟု မပြောနိုင်ပါကြောင်း၊ မကြာခဏ သတိပေးနေရသည်မှာ မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ မဟုတ်သဖြင့် စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရပါကြောင်း၊ စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရသည် ဆိုသည်မှာ စည်းကမ်းဖြင့် ရပ်တည်နေရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ကိုလေးစားရမည်၊ စည်းကမ်းကို ထိန်းသိမ်းရမည်၊ မိမိကိုယ်ကို စိတ်ချမ်းသာစွာနေတတ်အောင် နေရမည်ဖြစ်ပါကြောင်း၊ မိမိစိတ်ချမ်းသာမှုကို မိမိသာလျှင် ဖန်တီးနိုင်ပြီး မည်သူမျှဖန်တီးပေး၍မရပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များအားလုံးက ဝိုင်းဝန်းသတိပေးစေလိုပါကြောင်း၊ ယခုအချိန်သည် ပြည်ပမှပြန်လာသည့် မိမိတို့ပြည်သူများကို မိမိတို့အနေဖြင့် ကြိုဆိုကြရမည်ဖြစ်ပါကြောင်း၊ အရေးအကြောင်း ကြုံလာသည့်အခါ မိမိတို့၏ မိဘအိမ်သို့ပြန်လာ၍ရသည့်သဘောမျိုး ဖြစ်ပါကြောင်း၊ မိမိနိုင်ငံသို့ပြန်လာနိုင်ပါကြောင်း၊ မိမိနိုင်ငံသို့ ပြန်လာပါက ပြဿနာရှိလျှင် အားလုံးဝိုင်းဝန်းကူညီပေးမည့်သူများရှိသည်ဆိုသည့် စိတ်ဓာတ်ဖြင့် ပြန်လာသည်ကို ကြိုဆိုကြရမည် ဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်ကို ရှင်သန်အောင် လုပ်ဆောင်ပေးကြရမည် ဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်ကို ရှင်သန်အောင်လုပ်မှ မိမိတို့နိုင်ငံသည် ပြည်ထောင်စုတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း။

## တွေ့ဆုံရခြင်း၏ အဓိကအချက်

ယနေ့ တွေ့ဆုံရခြင်း၏ အဓိကအချက်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စိတ်ပူလာပါကြောင်း၊ ပြည်သူများပေါ့လာပါကြောင်း၊ ပြည်သူများက မိမိတို့မဖြစ်တော့ပါဘူး၊ ယခုလောက်ဆိုလျှင် ယခုအန္တရာယ်ကြီးက လွန်သွားပြီဟု ထင်နေပါကြောင်း၊ မလွန်သေးကြောင်းကို သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တွင် ကိုဗစ်ရောဂါနှင့် ပတ်သက်သည့် စည်းကမ်းများကို မလိုက်နာသည့်အတွက် အကျိုးဆက်အနေဖြင့် အခြားရောဂါများနှင့်ထိခိုက်မှုများ ပိုရှိလာပါကြောင်း၊ ဥပမာ ယာဉ်များ၊ လူများ အသွားအလာ များလာသည့်အတွက် ယခင်ကအတိုင်း ယာဉ်တိုက်မှုများ ပို၍ဖြစ်လာပါကြောင်း၊ လူနာများ များလာပါကြောင်း၊ များလာသည့်အတွက်ကြောင့် ဆေးရုံက ယင်းလူနာများကို ကြည့်ရှုသည့်အထဲတွင် ကိုဗစ်ရောဂါဖြစ်ပါကလည်း ပြန်လည်ကြည့်ရှုရပါကြောင်း၊ အလုပ်များက ပို၍ပြင်းထန်လာပါကြောင်း၊ ပြင်းထန်လာသည့်အခါတွင် နိုင်ငံအတွက် ရင်ဆိုင်ရမည့်ကိစ္စများ ပိုများလာပါကြောင်း၊ ထို့ကြောင့် သတိ၊ သတိဆိုသည်ကို ခဏခဏ ပြောနေရပါကြောင်း၊ ထပ်တလဲလဲပြောမှ ဦးနှောက်ထဲတွင် စွဲသွားသည်ဟု ပညာရှင်များက ပြောကြပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြောသွားသည့်အထဲတွင် စောစောစီးစီးကာကွယ်ရန် ခြေလှမ်းများစခဲ့သည့်အတွက် ယခုအချိန်အထိ ထိန်းနိုင်ခြင်းဖြစ်ပါကြောင်း၊ ယခုလို အခြေအနေမျိုးရောက်မှ ပေါ့လျော့သွားပြီး ယခုအန္တရာယ်နှင့်ရင်ဆိုင်ရမည်ဆိုလျှင် များစွာနှမြောစရာကောင်းပါကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည်များ အဟောသိကံ ဖြစ်သွားမည်ဖြစ်ပါကြောင်း၊ သေသေချာချာစီစဉ်ပြီး မဖြစ်အောင် ကာကွယ်ခဲ့သည့် အကျိုးဆက်များသည် အလကား အဟောသိကံဖြစ်သွားလျှင် မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအတွက်လည်း အလွန်နှမြောစရာကောင်းပါကြောင်း၊ ပြည်သူများအတွက်လည်း နှမြောစရာကောင်းပါကြောင်း၊ ပြည်သူများသည် မိမိတို့၏ အဖိုးအတန်ဆုံး အရင်းအမြစ်များ ဖြစ်ပါကြောင်း၊ ရောဂါကြောင့်ပြည်သူများထိခိုက်သွားပြီဆိုလျှင် နိုင်ငံ အင်မတန်မှ ထိခိုက်ပါကြောင်း၊ ထို့ကြောင့် တစ်ချိန်လုံးသတိထားစေလိုပါကြောင်း။

နောက်ပိုင်းတွင် ပြည်သူများက မကြောက်တော့ကြောင်းကို ဆွေးနွေးသွားပါကြောင်း၊ အမြဲကြောက်နေခြင်းမှာလည်း မကောင်းပါကြောင်း၊ ကြောက်ခိုင်းခြင်းမဟုတ်ပါကြောင်း၊ သတိရှိရန် ပြောခြင်းဖြစ်ပါကြောင်း၊ သတိရှိခြင်းနှင့် ကြောက်ခြင်း မတူညီပါကြောင်း၊ အပြင်သွားသည့်အခါ မျက်နှာဖုံးတပ်လိုက်ခြင်းသည် သတိဖြစ်ပါကြောင်း၊ လက်ကို မှန်မှန် သေသေချာချာဆေးခြင်း၊ အိမ်ပြန်လာသည့်အခါတွင် ချက်ချင်းလက်ဆေးခြင်း၊ မျက်နှာဖုံးများချွတ်ပြီး အဝတ်များ ချက်ချင်းလဲခြင်း စသည့်ကိစ္စရပ်များသည် များစွာအပန်းမကြီးပါကြောင်း၊ ယင်းခြေလှမ်းများလှမ်းခြင်းအားဖြင့် ယခုထက် အပန်းကြီးသည့် အခြေအနေကို မရောက်သွားနိုင်အောင် မိမိကိုယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ချိန်လုံး သတိပေးနေရခြင်းဖြစ်ပါကြောင်း။

## ဖြည်းဖြည်းချင်း လျှော့ပေးလျက်ရှိ

အခြားနိုင်ငံများတွင် ပြန်လည်ပြီး ဒုတိယအကြိမ်ပြန်ဖြစ်လာခြင်းသည် ပိုမိုဆိုးရွားပါကြောင်း၊ သတင်းစာထဲတွင် အမေရိကန်နိုင်ငံရှိ တချို့ပြည်နယ်များတွင် ဖွင့်ခွင့်ပေးပြီးမှ ပြန်လည်ပိတ်ရပါကြောင်း၊ ကိုဗစ်ဖြစ်ပွားသည့် လူနာနှုန်း အလွန်မြင့်တက်လာသည့်အတွက် ဖွင့်ခွင့်ပေးထားသည့် စားသောက်ဆိုင်များ၊ အခြားနေရာများ စသည်ဖြင့် ပြန်လည်ပိတ်လိုက်ရပါကြောင်း၊ မိမိနိုင်ငံတွင် ယင်းကဲ့သို့ မဖြစ်ပွားစေချင်သဖြင့် ဖြည်းဖြည်းချင်းလျှော့ပေးလျက်ရှိပါကြောင်း၊ တစ်လှမ်းချင်း တစ်လှမ်းချင်းသွားနေပါကြောင်း၊ သို့သော်လည်း တချို့က စိတ်မရှည်ပါကြောင်း၊ အမြန်သွားပြီးမှ နောက်သို့ ပြန်ဆုတ်ရခြင်းသည် အလွန်ခက်ခဲပါကြောင်း၊ နောက်ပြန်ဆုတ်ခြင်းသည် ပြဿနာဖြစ်သည့်အတွက် နောက်ပြန်ဆုတ်ရခြင်းဖြစ်ပါကြောင်း၊ ပြဿနာမဖြစ်ပွားအောင် ကာကွယ်ခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် တဖြည်းဖြည်းချင်းသွားရန် လိုအပ်ပါကြောင်း၊ ဘားအံက တင်ပြသွားသည့်အထဲတွင် အားလုံးပူးပေါင်းဆောင်ရွက်သည်ဆိုသည့်ကိစ္စသည် အလွန်အားရစရာကောင်းပါကြောင်း၊ ကရင်ပြည်နယ်မှ လူငယ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ လူငယ်များသည် ယခုအချိန်ကတည်းက မေတ္တာ၊ စေတနာစိတ်ကို လေ့ကျင့်မွေးမြူခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် များစွာကောင်းမွန်ပါကြောင်း၊ အရေးအကြီးဆုံးသည် မေတ္တာ၊ စေတနာဖြစ်ပါကြောင်း၊ လူမှုရေးစိတ်ဓာတ်ဖြင့် အများအတွက် လုပ်ပေးချင်သည့်စိတ်ဓာတ်ကို အားပေးရမည်ဖြစ်ပါကြောင်း၊ အားပေးသည့်နည်းတစ်နည်းသည် အသိအမှတ်ပြုခြင်းပင် ဖြစ်ပါကြောင်း၊ ကောင်းသည့်ဆောင်ရွက်ချက်များကို အသိအမှတ်ပြုရန် လိုအပ်ပါကြောင်း၊ လူသားများအချင်းချင်း ချစ်ခင်ကြင်နာမှုပွားများရန် ကြိုးစားဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုကပြောသည့် စကားတစ်ခွန်းရှိပါကြောင်း၊ မိမိက အခြားသူကို လက်ညှိုးတစ်ချောင်းထိုးပါက ကိုယ့်ဘက်ကို သုံးချောင်းပြန်ထိုးသည်ကို သတိထားကြရန် ဖြစ်ပါကြောင်း၊ လူငယ်များတွင် အကောင်းမြင်တတ်ပြီး အခြားသူများကို ကူညီချင်သည့် စိတ်ဓာတ်များရှိလာခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် မျှော်လင့်ချက်ပေးသည့် လက္ခဏာတစ်ရပ် ဖြစ်ပါကြောင်း။

## အားလုံးဝိုင်းဝန်းပြီး ဆောင်ရွက်ပေး

ယနေ့တင်ပြသွားသည့်အထဲတွင် ပြည်ပမှ ပြန်လာသည့် အချို့လူနာများတွင် ဖုန်းမရှိဟု ကြားသိရပါကြောင်း၊ လူတချို့တွင် အသုံးမပြုတော့သည့် ဖုန်းများရှိပါကြောင်း၊ အသုံးပြု၍တော့ ရသေးပါကြောင်း၊ ဘာမှ အကုန်အကျမရှိဘဲ မိမိအသုံးမပြုတော့သည့် ဖုန်းအပိုကို လှူခြင်းမျိုးသည် အများအတွက်လည်း အကူအညီဖြစ်ပါကြောင်း၊ လူနာများအတွက်လည်း နွေးထွေးမှုကို ခံစားရပြီး စိတ်ဓာတ်ခွန်အားများ တက်ကြွလာကာ ရောဂါပျောက်ကင်းရန် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အားလုံးဝိုင်းဝန်းပြီး ဆောင်ရွက်ပေးကြရန်၊ ဆက်လက်ပြီး သတိထားရန်၊ မပေါ့လျော့ရန်၊ သည်းခံကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်သူများအားလုံး ကိုဗစ်ရောဂါစိန်ခေါ်မှုကြီးကို ကျော်လွှားနိုင်ရန် ဝိုင်းဝန်းကူညီကြသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ အခက်အခဲကို ကျော်လွှားနိုင်ပြီး ယင်းအခက်အခဲထဲမှ နိုင်ငံအတွက် အကျိုးအမြတ်တစ်ခု ထုတ်ယူနိုင်ပါက ကိုဗစ်ကာလအတွက်သာမက နောင်တွင် နိုင်ငံသူ နိုင်ငံသားများအတွက် အားတက်စရာအကြောင်းတစ်ခု ဖြစ်လာမည် ဖြစ်ပါကြောင်း၊ နောင်အနာဂတ်အတွက် စွမ်းရည်များပေးခြင်း ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြည်ပနိုင်ငံများရှိ မြန်မာစီးပွားရေးသံမှူးများနှင့် ဆွေးနွေး

**နေပြည်တော် ဇွန် ၃၀**

တရုတ်(ပေကျင်း)၊ တရုတ်(နန်နင်း)၊ တရုတ်(ဟောင်ကောင်)၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ရှိ မြန်မာစီးပွားရေးသံမှူးများ၏ ၎င်းတို့တာဝန်ထမ်းဆောင်နေသည့်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုမြှင့်တင်ရေး (၃) နှစ် စီမံချက်များတင်ပြခဲ့မှုအပေါ် ဆွေးနွေးသည့်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ နယ်ပယ်ကဏ္ဍစုံအပေါ် များစွာသက်ရောက်မှုရှိသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း ထိခိုက်မှုများစွာရှိကြောင်း၊ အထူးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းအပေါ် သက်ရောက်မှုကြီးမားသည်ကို တွေ့မြင်ရပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် တက်ညီလက်ညီ ဆောင်ရွက်နေကြကြောင်း၊ စိုက်ပျိုးရေးကို အခြေခံ၍ ပြည်တွင်းဝယ်လိုအား တိုးတက်ရေးနှင့် ထုတ်လုပ်မှု လုံလောက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးသံမှူးများအနေဖြင့် ကိုဗစ်-၁၉ ကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလများတွင် အခြားနိုင်ငံများ၏ စီးပွားရေး ပြန်လည်နာလန်ထူရေးအတွက် ဆောင်ရွက်ချက်များနှင့် ဈေးကွက်အခြေအနေများကို စဉ်ဆက်မပြတ်လေ့လာပြီး အစီရင်ခံစာများ တင်ပြသွားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စီးပွားရေးသံမှူးများ၏ အဓိကတာဝန်မှာ မိမိနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စီးပွားရေးသံမှူးများအနေဖြင့် မိခင်ဝန်ကြီးဌာနကိုသာမက မြန်မာနိုင်ငံကို ကိုယ်စားပြုစေလွှတ်ထားခြင်းဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများက ဆက်သွယ်မေးမြန်းလာပါက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ဖြေကြားနိုင်ရန်အတွက် အစိုးရ၏မူဝါဒများ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များကို လေ့လာထားရန်လိုအပ်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် မိမိတို့၏ စွမ်းဆောင်နိုင်မှုအခြေအနေတို့ကို အမြဲဆန်းစစ်၍ ပိုမိုကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန်အတွက် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဖြည့်စွက်မှာကြားသည်။



ထို့နောက် နိုင်ငံအလိုက်စေလွှတ်ထားသည့် စီးပွားရေးသံမှူးများက ၎င်းတို့တင်ပြထားသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး(၃)နှစ် စီမံချက်အပေါ် ဆောင်ရွက်သွားမည့် အစီအမံများ၊ ကုန်သွယ်မှုဆိုင်ရာအခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ အားသာချက်နှင့် အားနည်းချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ဥယျာဉ်မှူးများရဲ့ စေတနာ

**သစ်တောမောင်**



### ဥယျာဉ်မှူးရဲ့ စေတနာ

မိုးလရာသီ ရောက်လေပြီ။ တသဲသဲ တဖွဲဖွဲဖြင့် ပုလဲလုံးလေးတွေလို ရွာလိုက်၊ တဝုန်းဝုန်း တဂျုံးဂျုံး ဖြင့် မိုးလုံးမိုင်းပြီး ရွာလိုက်ဖြင့် မိုးရာသီသရုပ် ပီပီပြင်ပြင် တွေ့မြင်နေရလေပြီ။ ရုံးဝန်ထမ်းမို့ စနေ၊ တနင်္ဂနွေနေ့ ရုံးအားလပ်ရက်တွေ မိမိဝါသနာပါရာ လွတ်လပ်ပေါ့ပါးစွာ ဆောင်ရွက်ခွင့်ရကြသည်။ အထူးသဖြင့် COVID-19 ကူးစက်ရောဂါကြောင့် ရုံးပိတ်ရက်များ အိမ်မှာနေလျက် ဝါသနာပါရာ သစ်ပင်စိုက်ပျိုးခြင်း၊ စိုက်ပြီးအပင်များ ပြုစု ထိန်းသိမ်းခြင်း၊ ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း၊ မြေဆီ ကြွေးခြင်း၊ ခါးဆွခြင်း စသည့်သစ်ပင်စိုက်ပျိုးပြုစုခြင်း များကို ဆောင်ရွက်ဖြစ်သည်။

ဝန်ထမ်းပေမို့ ဝန်ထမ်းအိမ်ရာ အိမ်ရှေ့ မြေကွက် လပ်၊ ခြံစည်းရိုးတစ်လျှောက် ဘူးပင်၊ ရေတ်ပင်၊ ဖရုံပင်၊ သံပရာ၊ ဒန့်သလွန် စသည့်အချိန်တိုအတွင်း မိမိပြန်လည် ခူးဆွတ်စားသုံးနိုင်သော ရာသီသီးနှံပင်များ တစ်နိုင် တစ်ပိုင် စိုက်ပျိုးပြီး စိတ်ကူးဖြင့် ကြည်နူးရသလို နောက်လူ အဆက်ဆက် စိတ်ချမ်းမြေ့စွာ အရိပ်အာဝါသ ကောင်းမှာနေနိုင်စေဖို့၊ လိုအပ်သလို ဆွတ်ခူးစားသောက် နိုင်ဖို့၊ စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်ကို ကြည့်ရှု ခံစား စိတ်အပန်းပြေစေဖို့ ၊ လိုအပ်သလို ထုတ်ယူသုံးစွဲ နိုင်စေဖို့ဆိုတဲ့ စိတ်စေတနာ အရင်းခံဖြင့် သရက်၊ ပိန္နဲ၊ မာလကာ စသည့်နှစ်ရှည်စားပင်သီးပင်များ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့်အဖိုးတန် သစ်တော သစ်ပင်များ စိုက်ပျိုးဖြစ်သည်။ ပင်ပန်းသော်လည်း ဝမ်းသာပီတိဖြစ်ရသည်။ ဒါသည်ပင် ဥယျာဉ်မှူးတစ်ဦး ရဲ့ စေတနာလို့ ခေါ်ဆိုမည်ထင်သည်။

တစ်ဆက်တည်းမှာ နိုင်ငံတစ်နိုင်ငံလုံးကို စိမ်းလန်း စိုပြည်နေအောင်၊ သစ်တောသစ်ပင်များ ဖုံးလွှမ်းနေ အောင်၊သစ်တောသစ်ပင်များက အထောက်အပံ့ပေးသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာအောင် စိုက်ပျိုးပြုစုထိန်းသိမ်းပေးနေသော သစ်တောသမား ဥယျာဉ်မှူးကြီးများနှင့် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ် အသီးသီးမှာ မိမိတို့ အသိစိတ်ဓာတ်ဖြင့် သစ်ပင်စိုက်ပျိုး ထိန်းသိမ်းနေကြတဲ့ ပြည်သူပြည်သား ဥယျာဉ်မှူးကြီးများ ၏ စိတ်ရင်းစေတနာများ၊ ကြိုးစားအားထုတ်မှုများကို လည်း အထူးအလေးထား အသိအမှတ်ပြု ကျေးဇူးတင် မိသည်။

### ထာဝရကုသိုလ်

စားပင်သီးပင်၊ အရိပ်ရပင်၊ ပန်းအလှပင်၊ လေကာ တန်းပင်၊ ရတနာတန်းဝင် အဖိုးတန် သစ်တောသစ်ပင် စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သစ်ပင်များ စိုက်ပျိုးကြသည်။ မည်သည့် အပင်စိုက်သည်ဖြစ်စေ သစ်ပင်စိုက်ပျိုးခြင်းသည် ကောင်းမွန်သော အလေ့အထ ဖြစ်ပြီး အကျိုးကျေးဇူးမျိုးစုံ ရရှိခံစားနိုင်သည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်း သည် ထာဝရကုသိုလ်ပြုခြင်းလည်းမည်၏ ဟူ၍ ဗုဒ္ဓဘာသာတွင် ညွှန်ပြထားသည်။ ပန်းဥယျာဉ် သစ်သီး ဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း (အာရာမရောပဒါန)၊ အရိပ်ရအပင် စားသုံးပင် စသောသစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း (ဝနရောပဒါန)၊ တံတားခင်း လမ်းဖောက်လှူဒါန်းခြင်း (သေတုကာရကဒါန)၊ ရေချမ်း စင်တည်၍ လှူဒါန်းခြင်း (ပပါဒါန)၊ ရေတွင်းရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း (ဥပဒါန)၊ ဇရပ်တန် ဆောင်း၊ ဂူကျောင်း ပြာသာဒ်၊ နားနေရိပ်သာ၊ ဆေးရုံ ဆေးခန်း စသောအဆောက်အအုံများ ဆောက်လုပ်လှူဒါန်း ခြင်း (ဥပဿယဒါန) ဟူသည့် ထာဝရကုသိုလ်ခြောက်ပါးရှိရာ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရ ကုသိုလ်တစ်ပါးအဖြစ် ပါဝင်သည်။ သစ်ပင်စိုက်ပျိုး ခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်နှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည် ကျန်းမာကုသိုလ်အကျိုးထူး တို့ကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

သစ်ပင်သစ်တောများသည် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းအမျိုးမျိုးကို ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိ၏။ သက်ရှိ များအတွက် အကျိုးကျေးဇူးများစွာ ပြုလျက်ရှိပြီး ဖွံ့ဖြိုးမှု အားလုံး၏ အရင်းအမြစ်၊ ဇဟိုချက်သဖွယ်လည်းဖြစ်၏။ ထို့ကြောင့်လည်း ဘာသာတရားတိုင်းတွင် သစ်တောသစ်ပင် စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သော အကျိုး ကျေးဇူးများကို ပြဆိုထားကြသည်။

သစ်ပင်သစ်တောများ၏ အကျိုးကျေးဇူးများ ခံစားရရှိ ဖို့ ဘယ်အချိန်မှာ သစ်ပင်စိုက်မလဲ မေးလာလျှင် **“နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ ခုချိန်စိုက်က နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ”** ဟူသော ဆိုရိုးစကားနှင့်အညီ ယခုအချိန်သည် သစ်ပင် စိုက်ပျိုးရန် ဒုတိယအကြိမ် အကောင်းဆုံး အချိန်အခါဖြစ်ဟု ဆိုရပါလိမ့်မည်။ ထို့ကြောင့်လည်း မိုးလရာသီရောက်ပြီ ဆိုသည်နှင့် မြန်ပြည်တစ်ဝန်းစိမ်းလန်းစေဖို့ သစ်ပင် သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေးကို တာဝန်ယူ ဆောင်ရွက်နေရသော သစ်တောသမား ဥယျာဉ်မှူးကြီးများ သာမက ပြည်သူပြည်သား ဥယျာဉ်မှူးကြီးများပါ တစ်နိုင် တစ်ပိုင် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှသည် ကျေးရွာ အစုအဖွဲ့၊ အစိုးရနှင့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်း များ၊ ကျောင်းသား ကျောင်းသူများ မိုးရာသီ လူထုလှုပ်ရှားမှု အနေဖြင့် သစ်ပင်များ ခြိမ့်ခြိမ့်သဲ အင်တိုက်အားတိုက် စိုက်ပျိုးကြသည်။ ထာဝရကုသိုလ်အတွက်၊ မိမိတို့ ပတ်ဝန်း ကျင်အတွက်၊ နောက်အနာဂတ် မျိုးဆက်သစ်များအတွက် ဥယျာဉ်မှူးကြီးများ မမောနိုင်၊ မပန်းနိုင် ပျော်ရွှင်စွာ ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သစ်ပင်မျိုးစုံ စိုက်ပျိုးကြသည်။ **“ရှင်အောင် စိုက်ပျိုး၊ ကြီးအောင် ပြုစု၊ မြဲအောင် ထိန်းသိမ်း”** ဟူသော ဆောင်ပုဒ်များနှင့်အညီ တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှ အပင်ရှင်သန်ဖို့လည်း ကြိုးပမ်းကြရသည်။

### နည်းလမ်းစုံလင် စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းခွင်

သစ်တောဦးစီးဌာနအနေဖြင့် မြန်မာ့သစ်တော မူဝါဒ ရည်မှန်းချက်များနှင့် နှစ် ၃၀ အမျိုးသား သစ်တောကဏ္ဍ ပင်မစီမံကိန်း ရည်ရွယ်ချက်များ ပြည့်မီစေရန်အတွက် လည်းကောင်း၊ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲခြင်း မူဘောင်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် အခြားအပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို ဖြည့်ဆည်းနိုင်ရန်အတွက် လည်းကောင်း သစ်တောများ ထာဝစဉ်တည်တံ့စေရေး အတွက် နှစ်တို၊ နှစ်ရှည်စီမံချက်များရေးဆွဲပြီး လုပ်ငန်း များစွာကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအဝန်း ဂေဟစနစ် မတူညီသော နေရာဒေသ အသီးသီး ရှိ တောနိမ့်တောပျက်များတွင် သစ်တောသစ်ပင်များ ပြန်လည်တည်ထောင်စိုက်ပျိုးခြင်းလုပ်ငန်းသည် အဓိက ကျသော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်။

စီးပွားရေးစိုက်ခင်း၊ ရေဝေရေလဲဒေသ ထိန်းသိမ်းရေး စိုက်ခင်း၊ ကမ်းရိုးတန်း ထိန်းသိမ်းရေး ဒီရေတောစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း၊ သီးနှံ သစ်တောရောနှောစိုက်ခင်း၊ အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေး စိုက်ခင်း၊ ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း စသည်ဖြင့် ရည်ရွယ်ချက်မျိုးစုံဖြင့် သစ်ပင်များ စိုက်ပျိုးခြင်း၊ သစ်တော များ တည်ထောင်ခြင်းတို့ကို မြန်မာနိုင်ငံတစ်ဝန်းနေရာ ဒေသ အမျိုးမျိုးတွင် ဆောင်ရွက်လျက်ရှိသည်။

သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းများ ပိုမို ထိရောက်စေရန်အတွက် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၇-၂၀၂၈) ကို ရေးဆွဲပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည်။ ထို့အပြင် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်း ဒေသ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်း အစီအစဉ် (၂၀၁၉ -၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ) နှင့် နိုင်ငံအဆင့် ဒီရေတောနှင့် ကမ်းရိုးတန်းဒေသများ ထိန်းသိမ်းခြင်းဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ အစရှိသည့် စီမံကိန်း များကို ရေးဆွဲပြီး သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင် ရေး စီမံကိန်းကာလအတွင်း သစ်တောစိုက်ခင်း ၅၃၂၄၃၈ ဧက၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း ၂၈၅၁၀၄ ဧက နှင့် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ၇၇၀၃၃၂ ဧကတို့ကို ရည်မှန်းချက်ချမှတ်လျက် နည်းလမ်းမျိုးစုံဖြင့် တည်ထောင်စိုက်ပျိုးလျက်ရှိသည်။

သစ်ပင်စိုက်ပျိုးသည့် နေရာဒေသ၏ ရာသီဥတု၊ မိုးရေချိန်၊ မိုးရွာသွန်းမှုပုံစံ၊ မြေဆီလွှာ အခြေအနေနှင့် စိုက်ပျိုးမည့် သစ်မျိုးတို့အပေါ် မူတည်ပြီး စိုက်ပျိုးနည်း စနစ်တို့ကို ရွေးချယ်ပြီး စိုက်ပျိုးကြရသည်။ လုံ့လဝီရိယ ထားပြီး သစ်စေ့စုခြင်း၊ ပျိုးထောင်ခြင်း၊ မြေပြုပြင်ခြင်း စသည့် သစ်တောစိုက်ခင်းလုပ်ငန်းများ၊ သစ်ပင်စိုက်ပျိုး ခြင်း လုပ်ငန်းများကို စိုက်ပျိုးချိန်အမီ အချိန်ကိုက် ဆောင်ရွက်ကြရသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တော စိုက်ခင်း တည်ထောင်ခြင်း လုပ်ငန်းများသည် ရေရှည် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သဖြင့် စိုက်ပျိုးသည့် ဧရိယာ ပမာဏများပြားလေ တာဝန်ကြီးလေဖြစ်သည်။

### ပြည်သူများ ပူးပေါင်းဆင်နွှဲ သစ်ပင်စိုက်ပွဲ

ယခုကဲ့သို့ မိုးရာသီတွင် စီမံချက်များအရ သစ်တော စိုက်ခင်းများ လျာထားချက်ပြည့်မီစေရေး ကြိုးပမ်း စိုက်ပျိုးရသကဲ့သို့ မိုးရာသီ လူထုလှုပ်ရှားမှုအသွင်ဖြင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၊ စာသင်ကျောင်း၊ ဆေးရုံ စသည့်အများနှင့်သက်ဆိုင်သော နေရာများတွင် ဒေသခံပြည်သူများ၊ ဌာနအသီးသီးမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သစ်ပင်များကို စနစ်တကျစိုက်ပျိုးကြသည် မှာလည်း ဝမ်းသာကြည်နူးစရာ။ သစ်တောဦးစီးဌာနအနေ ဖြင့် ပြည်သူများ သစ်ပင်သစ်တော ချစ်ခင်စိတ်တိုးပွား လာစေရေး၊ သစ်တောသစ်ပင် ထိန်းသိမ်းရေး အသိစိတ်ဓာတ်များ ပိုမိုမြင့်မားလာစေရေးနှင့် သစ်တော များမှ ထောက်ပံ့ပေးသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်လာစေရေးတို့ အတွက် ရည်ရွယ်ပြီး မိုးလရာသီ သစ်ပင်စိုက်ပျိုးပွဲတော် များကို ပြည်သူများနှင့် အတူ ပူးပေါင်းဆောင်ရွက်လာခဲ့ရာ နှစ်စဉ် ပျိုးပင် ၁၀ သန်းကျော်ကို အခမဲ့ဖြန့်ဖြူးပေးပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်ပင်စိုက်ပျိုးခြင်း လုပ်ငန်းများကို အားပေးကူညီပံ့ပိုးပေးလျက်ရှိသည်။ “သက်ရှိလောက၊ တည်မြဲဖို့”၊ “ထာဝရကုသိုလ် ရယူဖို့”၊ “ဇီဝမျိုးစုံ ထိန်းသိမ်းဖို့”၊ “လောင်စာစွမ်းအင် ရရှိဖို့”၊ “ရေသယံဇာတ ထိန်းသိမ်းဖို့”၊ “ရာသီဥတုမျှတဖို့” စသော အကျိုးကျေးဇူးများစွာအတွက် ပြည်သူလူထု ပူးပေါင်း ပါဝင်သည့် စနစ်ကျသော၊ ထိရောက်သော၊ ကြီးအောင် ပြုစုနိုင်သော၊ မြဲအောင်ထိန်းသိမ်းနိုင်သော လူထု လှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲတော်များကို ကြိုဆိုရမည်သာ ဖြစ်သည်။

### စွန့်ပစ်မြေ ပြန်လည်စိမ်းလန်းဖို့၊ တောင်ကတုံး သျှောင်ထုံးဖို့

သစ်ပင်တစ်ပင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းဖို့ ဆို သည်မှာ အပြောလွယ်သလောက် အလုပ်ခက်၏။ အထူးသဖြင့် ရွှေနှင့် ဓာတ်သတ္တု အမျိုးမျိုး တူးဖော် ထုတ်လုပ်ပြီးသော နေရာဒေသများ၊ ရာသီဥတုကြမ်းတမ်း သောနေရာများ၊ မြေဆီလွှာ ပျက်စီးမှုကြီးမားသော နေရာ များ၊ နေရာဒေသ ဝေးကွာမှု၊ စီမံအုပ်ချုပ်ခက်ခဲမှု၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိသော နေရာဒေသများ တွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်း တည်ထောင် နိုင်ခြင်းမရှိဘဲ ဓာတ်သတ္တု စွန့်ပစ်မြေများ၊ တောင်ကတုံး များ၊ ဖုန်းဆိုးတောများ၊ တောနိမ့်တောပျက်များအဖြစ် နှစ်များစွာ ရှိနေခဲ့သည်။ သစ်တောများပြန်လည် တည်ထောင်ရေးလုပ်ငန်းအတွက် ကြီးမားသော စိန်ခေါ်မှု ကြီးတစ်ခုလည်းဖြစ်သည်။

“လိုလျှင်ကြံဆ၊ နည်းလမ်းရ” ဆိုသည့်အတိုင်း အဆိုပါနေရာများတွင် သစ်ပင်များ ပြန်လည်ပေါက် ရောက်လာစေရန် ယမန်နှစ်ကစတင်ပြီး သစ်စေ့မြေလုံး “Seed Ball” များ ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးခြင်း၊ ဆူးထိုးစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူများ ပူးပေါင်း ပါဝင်မှုဖြင့် သစ်စေ့မြေလုံးများ ဖြန့်ကြဲစိုက်ပျိုးခြင်းတို့ကို စမ်းသပ်ဆောင်ရွက်လာနိုင်ခဲ့သည်။ ယခင်ကာလများ ကတော့ သစ်စေ့ (သစ်စေ့)များကိုသာ ကြဲချခြင်းဖြစ်ပြီး အောင်မြင်မှု နည်းပါးလွန်းသောကြောင့် ဆက်လက် ဆောင်ရွက်ခြင်း မရှိခဲ့ချေ။

**“သစ်ပင်သစ်တောများသည် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း အမျိုးမျိုးကို ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိ။ သက်ရှိများ အတွက် အကျိုးကျေးဇူးများစွာ ပြုလျက်ရှိပြီး ဖွံ့ဖြိုးမှုအားလုံး၏ အရင်းအမြစ်၊ ဇဟိုချက်သဖွယ်လည်းဖြစ်။ ထို့ကြောင့်လည်း ဘာသာတရားတိုင်းတွင် သစ်တော သစ်ပင် စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်သော အကျိုးကျေးဇူးများကို ပြဆိုထား”**

*စာမျက်နှာ ၁၁ သို့*

❖ *ကျော်ဖုံးမှ*

ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ က ကိုဗစ်-၁၉ ရောဂါသည် တစ်ကမ္ဘာလုံးကို ထိခိုက်စေသည့်ကိစ္စဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကြိုတင်စီစဉ်မှုများကြောင့် First Wave ကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်သည့် အနေအထားရှိပါကြောင်း၊ မိမိတို့သတိထားရမည့်ကိစ္စမှာ လက်ရှိရပ်တည်ထားသည့် ထိန်းသိမ်းမှုကို ဆက်လက်ထိန်းသိမ်းရန်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အားလုံးကိုထိခိုက်စေခဲ့ပြီး မိမိတို့၏ ငြိမ်းချမ်းရေးလမ်းစဉ်ကိုလည်း နှောင့်နှေးမှုဖြစ်စေခဲ့ပါကြောင်း။

ငြိမ်းချမ်းရေးခရီးစဉ်သည် လွယ်ကူသည့်ခရီးစဉ်မဟုတ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမတိုင်မီကပင် ငြိမ်းချမ်းရေးခရီးစဉ်၏ ရှေ့ဆက်သွားရမည့် နည်းလမ်းများကို အစိုးရ၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ EAO များနှင့် အမြဲမပြတ် ဆွေးနွေးခဲ့ပါကြောင်း၊ အစောပိုင်းတွင် ဆွေးနွေးညှိနှိုင်းမှုများ ကြန့်ကြာသော်လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ခေါ်ယူနိုင်ပြီးနောက်တွင် တိုးတက်မှုများ ရရှိခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားခဲ့ပါက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို သုံးလခန့်စော၍ ကျင်းပနိုင်မည်ဖြစ်ပါကြောင်း။

**ပုံစံသစ်ဖြင့်ကျင်းပရန် စီစဉ်ထား**

ငြိမ်းချမ်းရေးခရီးစဉ်သည် အရေးကြီးသည့်အတွက် ကိုဗစ်-၁၉ ရောဂါကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်သည့် အခြေအနေတွင် New Normal ဟုခေါ်သည့် ပုံစံဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ကျင်းပရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂတွင် နှစ်စဉ်အထွေထွေညီလာခံ ကျင်းပပါကြောင်း၊ ယခုနှစ် အထွေထွေညီလာခံကို ပုံစံသစ်ဖြင့် ကျင်းပရန် စီစဉ်ထားပါကြောင်း၊ အထွေထွေညီလာခံ၏ General Debate တွင် ပုံမှန်တက်ရောက်နေကျ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ မတက်ရောက်ဘဲ Video Conferencing ဖြင့် ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ ယင်းအချက်ကိုကြည့်၍ မိမိတို့အနေဖြင့် (၂၁)ရာစုပင်လုံကို ကျင်းပသည့်အခါတွင် အကျဉ်းချုံးကိုသာ လုပ်နိုင်သည့် အခြေအနေရှိသည်ဟု သုံးသပ်ပါကြောင်း။

မိမိတို့ စဉ်းစားသုံးသပ်ရာတွင် ကိုယ်စားလှယ်များကို Social Distancing ဖြင့်ထား၍ ဆောင်ရွက်မည်ဆိုပါက မည်သည့်အရေအတွက်ဖြစ်နိုင်မည်ဆိုသည်ကို ကြည့်ပါကြောင်း၊ ထိုသို့သုံးသပ်ရာတွင် ယခင်က ကိုယ်စားလှယ် ၇၀၀ ခန့် တက်ရောက်ပါကြောင်း၊ ယခင် ကိုယ်စားလှယ်အရေအတွက် သုံးပုံတစ်ပုံခန့်ဖြင့် ကျင်းပရန် အဖြေထွက်ပါကြောင်း၊ ယင်းအဖြေပေါ်မူတည်၍ EAO များနှင့် ညှိနှိုင်းသည့်အခါတွင် EAO များကလည်း ငြိမ်းချမ်းရေးညီလာခံသည် မဖြစ်မနေ ကျင်းပသင့်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ အခြေအနေပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုလုပ်ထားသည့် ပုံစံသစ်ဖြင့် ဆောင်ရွက်ရန်ကိုလည်း သဘောတူပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ချက်ချင်းထွက်ပေါ်လာသည့် အခြေအနေမဟုတ်ဘဲ Working Plan အဖွဲ့တွင် ဆက်တိုက်ညှိနှိုင်းရသည်များ ရှိပါကြောင်း၊ ညှိနှိုင်းချက်များအပေါ်မူတည်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပရန် စီစဉ်နေခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် က ဖိတ်ကြားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် က ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ခန်းမအတွင်း နေရာချထားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အမြဲတမ်းအတွင်းဝန် တို့က အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် က ဧည့်ခံကျွေးမွေးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က လုံခြုံရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် က သတင်းပြန်ကြားရေးနှင့် မှတ်တမ်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူတို့က ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ က ငြိမ်းချမ်းရေးကိစ္စသည် အရေးကြီးသည့်အတွက် ကိုဗစ်-၁၉ ကာလတွင် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူအားလုံး၏ ကျန်းမာရေးအတွက် ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို အပြည့်အဝကျင့်သုံးလိုက်နာဆောင်ရွက်ခြင်းဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်မည်ဟု ယူဆပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# အာဆီယံ- ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများ၏ COVID-19 ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကျင်းပ

## COVID–19 တိုက်ဖျက်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ဩစတြေးလျနိုင်ငံက အစီအစဉ်သစ်များ ကြေညာ

နေပြည်တော် ဇွန် ၃၀

**အာဆီယံ- ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် Video Conferencing ဖြင့် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ပါဝင်တက်ရောက်သည်။** (အောက်ပုံ)



အစည်းအဝေးတွင် အာဆီယံ-ဩစတြေးလျ ဆွေးနွေးဖက် ဆက်ဆံရေးညှိနှိုင်းရေးမှူးဖြစ်သူ မလေးရှားနိုင်ငံခြားရေးဝန်ကြီး Dato' Seri Hishammuddin Tun Hussein နှင့် ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမျိုးသမီးရေးရာဝန်ကြီး Madame Marise Payne တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**အစီအစဉ်သစ်များကို ကြိုဆိုခဲ့**

အစည်းအဝေးတွင် ဝန်ကြီးများက ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်ရာတွင် အာဆီယံနှင့် ဩစတြေးလျတို့အကြား ဦးစားပေးအကောင်အထည်ဖော်ရန်လိုအပ်သော ကဏ္ဍရပ်များဖြစ်သည့် ကျန်းမာရေးလုံခြုံမှုရှိရေး၊ ဒေသတွင်းတည်ငြိမ်မှုရှိရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရေးတို့၌ ပူးပေါင်းဆောင်ရွက်ကြရေးကို အလေးပေးဆွေးနွေးခဲ့ကြသည်။ ဝန်ကြီးများက ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်ရေးနှင့် ပြန်လည်နာလန်ထူရေး လုပ်ငန်းစဉ်များတွင် အာဆီယံနှင့် ဩစတြေးလျတို့၏ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေမည့် အစီအစဉ်သစ်များကို ကြိုဆိုခဲ့ကြပြီး အာဆီယံဦးဆောင်သည့် ဒေသတွင်း ယန္တရားများမှတစ်ဆင့် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုးကျိုး သက်ရောက်မှုများ လျော့ပါးစေရေးတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ယင်းရောဂါကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများ လျော့ပါးရေးနှင့် စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ထားရှိမှုများကို အသိပေးပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ကျန်းမာရေးနှင့် လူမှု-စီးပွားရေးထိခိုက်နစ်နာမှုများကို ဖြေရှင်းရာတွင် မြန်မာအစိုးရအနေဖြင့် အရင်းအမြစ်အကန့်အသတ်ရှိသော်လည်း "တစ်နိုင်ငံလုံးပါဝင်သည့် ချဉ်းကပ်မှုပုံစံ" ဖြင့် စောစီးစွာ အရေးယူဆောင်ရွက်ခဲ့မှုကြောင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်ထားနိုင်သည့် အခြေအနေများနှင့် ကူးစက်ရောဂါတိုက်ဖျက်ရာတွင် အစိုးရအနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို ရယူလျက် "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေးမူ"ကို ကျင့်သုံး၍ နေရပ်ရွှေ့ပြောင်းသူများအပါအဝင် ထိခိုက်လွယ်သည့် အုပ်စုများအတွက်ပါ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းအသိပေးခဲ့သည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရာတွင် အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကူးစက်ရောဂါ တိုက်ဖျက်ရေးကြိုးပမ်းမှုတွင် ဩစတြေးလျနိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၆၃၀ ကျော် သုံးစွဲရန် ကတိကဝတ်ပြုမှုအပေါ် ကြိုဆိုကြောင်း ပြောကြားပြီး ပြည်သူ့ကျန်းမာရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နေထိုင်မှုပုံစံသစ်၌ အံဝင်ခွင်ကျ နေထိုင်နိုင်မှုကို အထောက်အကူဖြစ်စေမည့် ဒစ်ဂျစ်တယ်ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး၊ ဒေသတွင်းစီးပွားရေးပြန်လည်ရှင်သန်လာစေရေးအတွက် အာဆီယံ၊ ဩစတြေးလျ နှင့် နယူးဇီလန်တို့အကြား ချုပ်ဆိုထားသည့် လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ် အဆင့်မြှင့်တင်ရေး လုပ်ငန်းစဉ်ကို မြန်ဆန်စွာဆောင်ရွက်ရေး၊ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership) ကို ၂၀၂၀ ပြည့်နှစ်အတွင်း ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး၊ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများက အကျပ်အတည်းများ ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ထိခိုက်မှုဒဏ်ကို အများဆုံးခံစားရသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ ထိခိုက်နစ်နာမှုများကို လျော့ပါးသက်သာစေရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ထည့်သွင်းဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် ပူးတွဲသဘာပတိများ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထူးအစည်းအဝေး ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ကင်းတားဆည်ရေသောက်စနစ်၌ ရေအသုံးချသူများအဖွဲ့ တိုးချဲ့ဖွဲ့စည်း



**မြစ်သား ဇွန် ၃၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကင်းတားဆည်ရေသောက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆည်ရေသောက်အတွင်းရှိ ဆည်ရေသောက် တောင်သူများ တွေ့ဆုံညှိနှိုင်းကာ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် ထူထောင်နိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့ကို ထပ်မံတိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း သိရသည်။

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်တွင် ရေအသုံးချသူများသည် ဆည်မြောင်းအဆောက်အအုံများကို ထိန်းသိမ်းမှုများ၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာနိုင်ခြင်းကြောင့် ၎င်းတို့၏ ဆည်ရေသောက်အတွင်းရှိ ရေပေးမြောင်းများ၏ အပျက်အစီးများကိုလည်း ချက်ချင်းပြုပြင်ထိန်းသိမ်းနိုင်မည်ဖြစ်၍ ကုန်ကျစရိတ်များ ပိုမိုသက်သာစေပြီး အရည်အသွေးကောင်းမွန်မှုကို ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ရေပေးမြောင်းများ ကောင်းမွန်ကာ ရေအလေလွင့်နည်းပါးခြင်း၊ အချိန်တိုအတွင်း ရေလိုအပ်သော နေရာများသို့ အချိန်မီပေးပို့နိုင်မည်ဖြစ်သောကြောင့် သီးနှံများအထွက်တိုးကာ ဝင်ငွေတိုးပွားလာမည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။ ကင်းတား ဆည်ရေသောက်စနစ်အတွင်းတွင် လက်ရှိ ရေအသုံးချသူများအဖွဲ့ပေါင်း ၂၀၇ ဖွဲ့ ဖွဲ့စည်းထားပြီး ကျန်ရှိသည်များကိုလည်း ရေထုတ်ပြွန်အလိုက် ထပ်မံတိုးချဲ့ ဖွဲ့စည်းလျက်ရှိကြောင်း သိရသည်။ **မောင်မွေး**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်/ရုပ်သံ ပြန်လည်ရိုက်ကူးနိုင်ရေးနှင့် ရုပ်ရှင်ရုံများ ပြန်လည်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ရုပ်ရှင်/ရုပ်သံ ပြန်လည်ရိုက်ကူးနိုင်ရေးနှင့် ရုပ်ရှင်ရုံများ ပြန်လည်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃၀**

ရုပ်ရှင်/ရုပ်သံ ပြန်လည်ရိုက်ကူးနိုင်ရေးနှင့် ရုပ်ရှင်ရုံများ ပြန်လည်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ရုပ်ရှင်ရုံလုပ်ငန်းရှင်များနှင့် ထုတ်လုပ်သူများ၊ ဗိုလ်ချုပ်အောင်ဆန်းအထ္ထုပ္ပတ္တိ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးမှ တာဝန်ရှိသူများ၊ ရုပ်မြင်သံကြားလိုင်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### နီးနီးနှောတိုင်ပင် ဆောင်ရွက်ပေးလျက်ရှိ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်/ ရုပ်သံလောကသည် မိတ်ဖက်အဖွဲ့များ ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်/ ရုပ်သံလောကဖွံ့ဖြိုးတိုးတက်ရေးကို တစ်စိတ်တစ်ပိုင်း တာဝန်ယူရသည့်ဌာန ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အစိုးရပိုင်းက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးသကဲ့သို့ ရုပ်ရှင်/ ရုပ်သံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကူညီပေးနိုင်သည်များကိုလည်း နီးနီးနှောတိုင်ပင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရုပ်ရှင်ရာပြည့်ပွဲတော်ကို အောက်တိုဘာလထဲတွင် ကျင်းပရန်ဖြစ်သော်လည်း COVID ကြောင့် ရုပ်ရှင်ရာပြည့်ပွဲတော်ကို မည်သို့ကျင်းပမည်၊ မည်သည့်အတိုင်းအတာဖြင့် ကျင်းပမည်ကို မဆုံးဖြတ်နိုင်သေးသည့် အခြေအနေဖြစ်နေပါကြောင်း၊ ရုပ်ရှင်ရာပြည့်ပွဲတော် ကျင်းပမည့် အခြေအနေနှင့် ပွဲတော်အစီအစဉ်များကို ဩဂုတ်လလယ်ပိုင်းတွင် ဆုံးဖြတ်ရန် ရွှေ့ဆိုင်းထားပါကြောင်း၊ ယင်းပွဲတော်ကို များစွာမျှော်လင့်ထားကြပါကြောင်း၊ ရုပ်ရှင်လောကသားများ မျှော်လင့်သည့်အတိုင်း မိမိတို့အနေဖြင့်လည်း ယခုလို ကြုံကြိုက်သည့် ရုပ်ရှင်ရာပြည့်ပွဲတော်ကြီးကို အလွန်တန်ဖိုးထားပါကြောင်း၊ ရုပ်ရှင်ရာပြည့်ပွဲတော်ကြီးအပြင် ရုပ်ရှင်လောကက နှစ်စဉ်တန်ဖိုးထားဆောင်ရွက်နေသည့် အကယ်ဒမီပွဲကိုလည်း ရွှေ့ဆိုင်းခဲ့ရပါကြောင်း၊ ရုပ်ရှင်လောကသည်လည်း COVID ကြောင့် များစွာထိခိုက်နေသည့် သဘောရှိပါကြောင်း။

နောက်တစ်ချက်မှာ ပုံမှန်လည်ပတ်နေသည့်လုပ်ငန်းများ ရပ်ဆိုင်းသွားပါကြောင်း၊ လုပ်ငန်းရှင်များမှစပြီး အလုပ်သမားများအထိ ယခု ၃၊ ၄ လ ကာလအတွင်း အခက်အခဲများ ကြုံတွေ့ရပါကြောင်း၊ စားဝတ်နေရေးအခက်အခဲကြုံကြရသူများရှိသည့်အတိုင်း လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများ ရပ်ဆိုင်းသွားရပြီး ဝင်ငွေများ မရရှိကြပါကြောင်း၊ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ ရုပ်ရှင်မပြသရသည့်အတွက် ဝင်ငွေများထိခိုက်နေပါကြောင်း၊ အနုပညာရှင်များတစ်ဦးချင်း ထိခိုက်ပြီး အနုပညာလောကကြီးတစ်ခုလုံးပါ ထိခိုက်ဆုံးရှုံးမှုများ ရှိလာပါကြောင်း။

### နည်းလမ်းရှာကြံ ဆောင်ရွက်နေ

ထိုသို့ ထိခိုက်မှုများရှိနေသည့်အတွက် ယင်းအခက်အခဲများကို မည်သို့ဖြေရှင်းရမည်ကို စဉ်းစားပါကြောင်း၊ ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်သံလုပ်ငန်းများက နိုင်ငံတကာတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် နည်းလမ်းများကို တင်ပြကြောင်း၊ COVID ကြောင့် မိမိတို့ထက် များစွာထိခိုက်ခဲ့သည့် ဥရောပ၊ အမေရိကနိုင်ငံကြီးများတွင် ရုပ်သံလုပ်ငန်းများကို COVID ဖြစ်နေသည့် အခက်အခဲများကြားမှ ရောဂါမကူးစက်စေအောင် နည်းလမ်းရှာကြံ ဆောင်ရွက်နေကြခြင်းများ ရှိပါကြောင်း၊ ရုပ်ရှင်/ရုပ်သံလုပ်ငန်းကြီးများ ပြိုလဲပျက်စီးမသွားအောင် နည်းလမ်းအမျိုးမျိုး ရှာဖွေပြီး ပြန်လည်ထိန်းသိမ်း ထူမတ်လျက်ရှိပါကြောင်း။

မိမိတို့၏ ရုပ်ရှင်/ရုပ်သံသမားကလည်း အလားတူနည်းလမ်းများဖြင့် ကိုယ်တိုင်ကျင့်သုံးနိုင်မည့် အခြေအနေများကို သေချာပြုစုပြီး မိမိတို့ထံ တင်ပြထားပါကြောင်း၊ ရုပ်ရှင်/ရုပ်သံလုပ်ငန်းများနှင့် ပတ်သက်ပြီး စဉ်းစားဆောင်ရွက်ပေးနိုင်ရန် ကိုဗစ်နှင့်ပတ်သက်သည့် အမျိုးသားအဆင့် ဗဟိုကော်မတီအထိ တင်ပြထားပါကြောင်း၊ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ စောင့်ရှောက်မှုများ လုပ်ကိုင်သည့်ကြားထဲမှ မရှိမဖြစ်၊ မလည်လျှင် မဖြစ်သည့်လုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများ ချမှတ်ပြီး ပြန်လည်လည်ပတ်စေကာ ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### လည်ပတ်အောင်ကူညီ

ရုပ်ရှင်လုပ်ငန်းများကို စိစစ်လေ့လာပြီး လုပ်ငန်းများအတတ်နိုင်ဆုံး လုပ်ကိုင်နိုင်ရန်နှင့် COVID ရောဂါကူးစက်မှုတတ်နိုင်သမျှ ထိန်းသိမ်းကာကွယ်နိုင်မည့် နည်းလမ်းများ ရှာဖွေလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဟု မြင်ပါကြောင်း၊ လက်တွေ့မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်နိုင်မည်ဆိုသည့်အပိုင်းကို အမျိုးသားအဆင့် ဗဟိုကော်မတီ၊ အထူးသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြည့်ရှုသုံးသပ်ပြီး လိုအပ်သည်များကို လမ်းညွှန်ခြင်း၊ ကြပ်မတ်ခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း စသည်ဖြင့် လုပ်ငန်းများ လည်ပတ်အောင် ကူညီဆောင်ရွက်ပေးနိုင်သည်ဟု မြင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဗိုလ်ချုပ်အောင်ဆန်း၏ အထ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးရေးနှင့် ပတ်သက်ပြီး မိမိတို့ဌာနကို သီးသန့်တာဝန်ပေးထားပါကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် တာဝန်ပေးပြီး လိုအပ်သည့် ကော်မတီအရပ်ရပ်ဖွဲ့စည်းကာ လုပ်ငန်းစတင်ခဲ့ပါကြောင်း၊ ဇာတ်လမ်းအခန်းစဉ် စုစုပေါင်း ၁၃၄ ခန်းရှိသည့်အနက် ၈၀ ရာခိုင်နှုန်းခန့် ရိုက်ကူးပြီးစီးပြီဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်ရုပ်ရှင်နှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် စတင်ရိုက်ကူးခဲ့ပြီး COVID-19 ကြောင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်မှစ၍ ခေတ္တရပ်နားထားခဲ့ရာ ယခုအချိန်အထိ ဖြစ်ပါကြောင်း။

သို့သော် ဗိုလ်ချုပ်ရုပ်ရှင်ကို သတ်မှတ်ကာလ ၂၀၂၀ ပြည့်နှစ်အတွင်းတွင် တာဝန်ရှိအကြီးအကဲများက ကြည့်ရှုအကဲခတ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရိုက်ကူးရန် ကျန်ရှိနေသည့် ဇာတ်လမ်းအခန်းစဉ်များ ရိုက်ကူးခွင့်ရရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### အရေးကြီးဆုံးအချက်ဖြစ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက COVID-19 ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းနှင့် လူစုလူဝေး မဖြစ်ပွားစေခြင်းစသည့် social distancing ပြုလုပ်ခြင်းသည် အဓိကအရေးကြီးဆုံး အချက်ဖြစ်ပါကြောင်း၊ ယခုလတ်တလောအခြေအနေ၌ မိမိတို့နိုင်ငံတွင် ပြည်တွင်းကူးစက်မှုမရှိသလောက်ဖြစ်နေသော်လည်း ပြည်ပမှပြန်လည်ဝင်ရောက်လာသူများတွင် ရောဂါကူးစက်မှုများ တွေ့နေရဆဲဖြစ်ပါကြောင်း။

COVID-19 ကူးစက်မှု မရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပေါ့ဆစွာဖြင့် ကောင်းစွာလိုက်နာဆောင်ရွက်ခြင်းမရှိပါက ရောဂါဖြစ်ပွားမှု ပြန်လည်များပြားလာနိုင်ခြေရှိပါကြောင်း၊ COVID-19 ရောဂါသည် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့မှတစ်ဆင့် ဝင်ရောက်ကူးစက်ပြီး ရုပ်ရှင်/ရုပ်သံရိုက်ကူးခြင်းလုပ်ငန်းသည်လည်း တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ဆက်ဆံလုပ်ကိုင်ရသည့် သဘောသဘာဝရှိသောကြောင့် ရောဂါကူးစက်မှုမရှိစေရေး သတိကြီးစွာထားရှိ လုပ်ကိုင်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ထိုသို့ ရိုက်ကူးမှုပြုရာတွင်လည်း သီးသန့်ရုပ်ရှင်-စတူဒီယိုအခန်းများတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ ရိုက်ကူးပါက ရောဂါကူးစက်ရန် အန္တရာယ်သိပ်မရှိသော်လည်း ပြင်ပရိုက်ကွင်းများဖြစ်ပါက လာရောက်ကြည့်ရှုမည့် အများပြည်သူများ စုဝေးလာမည့် အခြေအနေနှင့် ရောဂါကူးစက်မှု အန္တရာယ်များရှိပါကြောင်း၊ ကူးစက်မှုအန္တရာယ်ရှိသည်ဟု ပြောရခြင်းမှာ မြန်မာနိုင်ငံတွင် တွေ့ရှိသော ခတ်ခွဲအတည်ပြု လူနာများ၏ ၅၆ ရာခိုင်နှုန်းမှာ ရောဂါလက္ခဏာ တစ်စုံတစ်ရာမပြသူများ ဖြစ်နေသောကြောင့် လူများစုဝေးမိပါက ရောဂါကူးစက်မှု အခွင့်အလမ်းများပါကြောင်း။

ရုပ်ရှင်ထုတ်လုပ်သူ၊ ဒါရိုက်တာ၊ သရုပ်ဆောင်များ၊ ရုပ်သံရိုက်ကူးသူများအပါအဝင် ရုပ်ရှင်လောကသားတိုင်းအနေဖြင့် COVID-19 ၏ ရောဂါကူးစက်ပုံနည်းလမ်း၊ ရောဂါလက္ခဏာများနှင့် ကာကွယ်ပုံနည်းလမ်းများကို ကောင်းစွာသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ ရုပ်ရှင်/ရုပ်သံ ပြန်လည်ရိုက်ကူးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရုပ်ရှင်၊ ရုပ်သံလောကမှ တာဝန်ရှိသူများ သီးခြားတွေ့ဆုံညှိနှိုင်းပြီး COVID-19 ရောဂါကူးစက်မှုအန္တရာယ် အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

COVID-19 ကပ်ရောဂါနှင့်အတူ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ပုံမှန်အခြေအနေသစ် (New Normal) နှင့် လိုက်လျောညီထွေ ပြင်ဆင်နေထိုင် လုပ်ကိုင်နိုင်ရန် လိုအပ်မည်ဖြစ်ပြီး အချိန်ကြာသည်နှင့်အမျှ လူမှုစီးပွားရေး ပိုမိုထိခိုက်မည်ဖြစ်၍ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဖြေလျှော့မှုများကို တဖြည်းဖြည်းနှင့် တစ်ဆင့်ပြီးတစ်ဆင့် လျှော့ပေါ့မှုများ ပြုလုပ်ပေးနေကြောင်း၊ ထိုသို့ ဖြေလျှော့မှုများ ပြုလုပ်စဉ်ကာလအတွင်း စနစ်တကျစောင့်ကြပ်ကြည့်ရှုပြီး လိုအပ်သလို ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ရုပ်ရှင်နှင့်ရုပ်သံ လောကမှ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးချက်များကို သေချာစွာ မှတ်သားစဉ်းစားပြီး အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး ကူညီသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ထည့်သွင်းစဉ်းစားပေးမည်ဖြစ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ကပ်ရောဂါနှင့်ပတ်သက်၍ ပြန်ပြောင်းကြည့်ပါက ကနဦးကာလတွင် ကျန်းမာရေးကိစ္စတစ်ခုတည်းအတွက် စိန်ခေါ်မှုဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် ကျန်းမာရေးအပြင် လူမှုရေးနှင့်စီးပွားရေးပါ ဂယက်များ ရိုက်ခတ်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အကြီးအကဲများက မတ်လခန့်မှစ၍ စီးပွားရေးနှင့်ပတ်သက်ပြီး ကုစားနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ခဲ့ပါကြောင်း၊ ကပ်ရောဂါသည် မကြုံဖူးသည့် ကပ်ရောဂါဖြစ်သည့်အတွက် မည်သည့်အချိန်တွင် ထိုကပ်ရောဂါမှ လွတ်မြောက်မည်ကို မခန့်မှန်းနိုင်၍ ရေရှည်မည်သို့ ချဉ်းကပ်ကာကွယ်မည်ကို စဉ်းစားသည့်အခါ ရေတိုရေရှည် ဆောင်ရွက်ချက်များ လုပ်ရန်အတွက် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယခု အရေးပေါ်ကာလ ကျော်လွန်လာပြီဖြစ်ပြီး ရေရှည်စဉ်းစားရမည် ဖြစ်သည့်အတွက် CERP ဟုခေါ်သည့် စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်ဖြင့် အားလုံးတစ်ပေါင်းတစ်စည်းတည်း ကျော်လွှားခြင်းသည် မိမိတို့နိုင်ငံတွင် အားလုံးလက်တွဲပြီး အခက်အခဲကို ကျော်လွှားမည်ဆိုပါက မုချအောင်မြင်မည်ဟု ခံယူထားပါကြောင်း၊ ထို့ကြောင့် ယင်းအစီအစဉ်ကို ချမှတ်ဆောင်ရွက်သည့်အခါ ဦးတည်ချက် (၇) ရပ်ထားပြီး ဆောင်ရွက်နေပါကြောင်း၊ ကဏ္ဍများရှိသည့်အနက် အလုပ်လက်မဲ့မဖြစ်စေရေးလည်း ပါပါကြောင်း၊ ယင်းထဲတွင် ယခုတင်ပြသည့် ရုပ်ရှင်/ ရုပ်သံ ပြန်လည်ရိုက်ကူးရေး၊ ပြသရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားပေးမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်/ ရုပ်သံလောကတွင် လုပ်ကိုင်နေသည့် လူများလည်း အလုပ်ပြန်လုပ်ရမည်ဖြစ်ပါကြောင်း၊ အလုပ်ပြန်လုပ်နိုင်ရန်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

အတွက် မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ကြမည်ကို စဉ်းစားရန် လိုအပ်ပါကြောင်း။

**တတ်နိုင်သမျှ ပံ့ပိုးကူညီ**

စီးပွားရေးဘက်မှ ကြည့်မည်ဆိုပါက စီးပွားရေးဦးမော့လာရေးအတွက် ပြန်စဉ်းစားရန် လိုအပ်ပါကြောင်း၊ ယခုလောလောဆယ်တွင် အခက်အခဲကြုံတွေ့နေသူများအတွက် မတည်ငွေများပေး၍ တတ်နိုင်သမျှ ပံ့ပိုးကူညီပေးမည်ဖြစ်ပါကြောင်း၊ ယခုခေတ်ကာလအသစ်တွင် မည်သို့ဆောင်ရွက်ကြမည်နှင့် ရုပ်ရှင်ပြသမည်ဆိုပါက Social Distancing ကို မည်သို့ ပြုလုပ်မည်၊ ရုပ်ရှင်လုပ်ငန်းရှင်များ အဆင်ပြေမှု ရှိ၊ မရှိတို့ကို စဉ်းစားပေးရန်လည်း လိုအပ်ပါကြောင်း၊ အလုံအခန်းထဲတွင် နှစ်နာရီ၊ သုံးနာရီ ထိုင်ပါက ကူးစက်နိုင်သည့် အလားအလာ ပိုများလာမည်ဆိုပါက မည်သို့ဆောင်ရွက်မည် စသည်တို့ကို ချင့်ချိန်ပြီး သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ အကြံပြုချက်၊ စီမံချက်များနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ဖြစ်နိုင်ပါကြောင်း၊ ယခု တွေ့ဆုံပွဲတွင် မိမိတို့အနေဖြင့် နားထောင်ပေးမည်ဖြစ်ပါကြောင်း၊ လုပ်နိုင်မည်ဟု ထင်မြင်မိပါကြောင်း၊ လုပ်နိုင်မည်ဆိုပါက စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လုပ်မည်ဆိုပါက ဖြစ်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦးက COVID ကာလ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဆောင်ရွက်ချက်များ၊ ရိုက်ကူးရေးလုပ်ငန်းများ ဆောလျင်စွာ ပြန်လည်စတင်နိုင်ရေး၊ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသနိုင်ရေး၊ COVID -19 ကာလ နိုင်ငံတော်မှ အထူးချေးငွေပံ့ပိုးမှု ရရှိနိုင်ရေးနှင့် မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲတော် ကျင်းပနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ Forever Group Co., Ltd. Co-Founder & Director ဦးခင်မောင်ဌေးက ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ၊ ရုပ်သံအစီအစဉ်များ ပြန်လည်ရိုက်ကူး ထုတ်လွှင့်နိုင်ရေး၊ ဝန်ထမ်းများ၏ စားဝတ်နေရေးအခြေအနေ၊ ရိုက်ကူးထုတ်လွှင့်မှုအဆင့်ဆင့်၊ ပါဝင်ကြမည့် အနုပညာရှင်များ၊ ရိုက်ကူးရေးဝန်ထမ်းများနှင့် ရိုက်ကွင်းနေရာတို့အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရုပ်ရှင်/ရုပ်သံ ပြန်လည်ရိုက်ကူးနိုင်ရေးနှင့် ရုပ်ရှင်ရုံများ ပြန်လည်ပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးမျိုးမင်း၊ ရုပ်ရှင်ရုံ ပိုင်ရှင်များကိုယ်စား မင်္ဂလာရုပ်ရှင်ရုံအုပ်စုမှ ဦးဇော်မင်းနှင့် Clover Solutions Co.,Ltd မှ ဦးဇင်အောင်စိုး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာဝိုင်း၊ Channel K (KMA Tele media Holdings Co.,Ltd.) Chief Content Officer ဦးမျိုးမြင့်၊ ဗိုလ်ချုပ်အောင်ဆန်း အတ္တုပတ္တိရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးလူမင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်တို့က ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ သင့်တင့်လျောက်ပတ်ဆီလျော်သည့် အချိန်တွင် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ COVID ကာလ ထောက်ပံ့ငွေ၊ ချေးငွေရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး(မန္တလေးတောင်)၊ ခရိုင်ရုံး(မန္တလေးမြောက်)တို့တွင် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး ရက်ချိန်းကို Online Booking စနစ်ကျင့်သုံးရန် အသိပေးကြေညာချက်

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံးများနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး(မန္တလေးတောင်)၊ ခရိုင်ရုံး(မန္တလေးမြောက်)တို့တွင် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးစောင့်ရေ များပြားလာသည့်အတွက် လုပ်ငန်းဆောင်ရွက်သည့် ပြည်သူများ အချိန်ကြာမြင့်စွာတန်းစီစောင့်ဆိုင်းရခြင်း၊ ရုံးတွင်းယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်ခြင်းနှင့် COVID-19 ရောဂါအန္တရာယ် စိုးရိမ်ရခြင်းများ လျော့နည်းစေရန်နှင့် ပြည်သူများ သက်သာအဆင်ပြေစေရန် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးရက်ချိန်း ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို ၆-၇-၂၀၂၀ ရက် (တနင်္လာနေ့)မှ စတင်၍ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။

၂။ ပြည်သူများသည် မိမိယာဉ်မောင်းလိုင်စင် သက်တမ်းတိုးလိုသည့် ရက်များကို ၃-၇-၂၀၂၀ ရက် (သောကြာနေ့)မှ စတင်၍ www.rtad.gov.mm Website တွင် Online Booking ကို အနည်းဆုံး (၁)ရက်မှ အများဆုံး(၃၀)ရက်အထိ ကြိုတင်ရယူနိုင်ပါသည်။

၃။ Online Booking System အား "က"၊ "က-၁"၊ "ခ"၊ "ဃ"၊ "င" သက်တမ်းတိုး ယာဉ်မောင်းလိုင်စင်များအတွက်သာ စတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ "သ"၊ "ဂ"၊ "ဌ"၊ "စ"၊ "ဟ" သက်တမ်းတိုးမည့် ယာဉ်မောင်းလိုင်စင်များ၊ နယ်ဝင်နှင့် ပျောက်/ပျက် မိတ္တူဆောင်ရွက်မည့် ယာဉ်မောင်းလိုင်စင်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်းသာ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ ရုံးဖွင့်ရက်တစ်ရက်လျှင် နံနက် ၈:၃၀နာရီမှ ညနေ ၁၆:၃၀နာရီအထိ လေးကြိမ်ခွဲ၍ ရုံးများအလိုက် အောက်ပါစောင်ရေများအတိုင်း လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး**

| စဉ် | ရုံးအမည် | ၈:၃၀ မှ ၁၀:၃၀ ထိ | ၁၀:၃၀ မှ ၁၂:၀၀ ထိ | ၁၃:၀၀ မှ ၁၅:၀၀ ထိ | ၁၅:၀၀ မှ ၁၆:၃၀ ထိ |
|---|---|---|---|---|---|
| (က) | ခရိုင်ရုံး(ရန်ကုန်အရှေ့) | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ( ခ ) | ခရိုင်ရုံး(ရန်ကုန်အနောက်) | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| ( ဂ ) | ခရိုင်ရုံး(ရန်ကုန်မြောက်) | ၇၀ | ၆၀ | ၆၀ | ၆၀ |
| (ဃ) | ခရိုင်ရုံး(ရန်ကုန်တောင်) | ၃၀ | ၃၀ | ၃၀ | ၃၀ |
| ( င ) | ရန်ကုန်ဘူတာကြီး | ၇၀ | ၆၀ | ၆၀ | ၆၀ |
| ( စ ) | ဝါးတန်း | ၃၀ | ၃၀ | ၃၀ | ၃၀ |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | ရုံးအမည် | ၈:၃၀ မှ ၁၀:၃၀ ထိ | ၁၀:၃၀ မှ ၁၂:၀၀ ထိ | ၁၃:၀၀ မှ ၁၅:၀၀ ထိ | ၁၅:၀၀ မှ ၁၆:၃၀ ထိ |
|---|---|---|---|---|---|
| (က) | ခရိုင်ရုံး(မန္တလေးတောင်) | ၅၀ | ၅၀ | ၅၀ | ၅၀ |
| ( ခ ) | ခရိုင်ရုံး(မန္တလေးမြောက်) | ၉၀ | ၉၀ | ၉၀ | ၈၀ |
| ( ဂ ) | မန္တလေးဘူတာကြီး | ၅၀ | ၅၀ | ၅၀ | ၅၀ |

၅။ လက်ရှိကာလတွင် အစိုးရရုံးဖွင့်ရက်များသာမက အပတ်စဉ်စနေနေ့ကိုပါ ဝန်ဆောင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးလျက်ရှိပါ၍ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ နောက်ဆုံးပတ်အထိ စနေနေ့ပါ Online Booking ရယူနိုင်ပါသည်။

၆။ Online Booking အသုံးပြုရန် အသေးစိတ်အချက်များအား www.motc.gov.mm, www.myanmarrtad.com, www.rtad.gov.mm Website များနှင့် RTAD HQ Facebook တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**နေပြည်တော်**

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၀၉၉

**ရန်ကုန်တိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁-၅၇၀၉၆၇
- ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) - ၀၁-၅၉၀၁၀၇
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) - ၀၁-၅၇၃၁၀၉
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) - ၀၅၆-၂၁၀၈၀
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) - ၀၁-၃၆၄၄၃၁၀

**မန္တလေးတိုင်းဒေသကြီး**

- တိုင်းဒေသကြီးရုံး(မန္တလေး) - ၀၂-၄၀၃၆၁၁၃
- ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) - ၀၂-၄၀၃၆၆၉၇
- ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) - ၀၂-၄၀၆၁၈၃၆

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

❍ *ကျောဖုံးမှ*

လာမည့် ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဝင်ဘလေအားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဗိုလ်လုပွဲကို ဩဂုတ် ၁ ရက်တွင် ဝင်ဘလေအားကစားကွင်းကြီး၌ပင် ယှဉ်ပြိုင်ကစားသွားရန် လျာထားကြောင်း သိရသည်။

မဲခွဲဆုံးဖြတ်မှုရလဒ်အရ ယခုနှစ် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်များသည် အလွန်စိတ်ဝင်စားစရာ ကောင်းလှသည်။ အက်ဖ်အေဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ဒုတိယအအောင်မြင်ဆုံး အသင်းဖြစ်သည့် မန်ယူအသင်းသည် ခါးသီးပြိုင်ဘက် ချယ်လ်ဆီးအသင်းနှင့် ဆုံတွေ့နေခြင်းက စိတ်ဝင်စားဖွယ်ကောင်းသလို အအောင်မြင်ဆုံးအသင်းဖြစ်သည့် အာဆင်နယ်အသင်းကလည်း လက်ရှိချန်ပီယံမန်စီးတီးအသင်းနှင့် တွေ့ဆုံနေခြင်းက စိတ်ဝင်စားဖွယ်ရာ ကောင်းနေပြန်သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် အက်ဖ်အေဖလားကို ရှစ်ကြိမ်ရရှိထားသည်။ နောက်ဆုံးရရှိခဲ့သည်မှာ ၂၀၁၈ ခုနှစ်က ဖြစ်သည်။ ထိုစဉ်က မန်ယူအသင်းနှင့်ပင် ဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ရာ ပွဲကစားချိန် ၂၂ မိနစ်တွင် ရရှိခဲ့သည့် အီဒင်ဟာဇက်၏ ပယ်နယ်တီဂိုး တစ်ဂိုးတည်းဖြင့် မန်ယူအသင်းကို အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် ယခုနှစ် ချယ်လ်ဆီးအသင်းနှင့် သုံးကြိမ် ဆုံတွေ့ထားပြီး သုံးကြိမ်စလုံး အသာစီးရယူထားနိုင်သော်လည်း ယခုလေးကြိမ်မြောက် တွေ့ဆုံမှုတွင် ချယ်လ်ဆီးအသင်းကို အသာစီးရယူ၍ ၂၀၁၈ ခုနှစ်က အက်ဖ်အေဖလားဗိုလ်လုပွဲ ရှုံးကြွေးကို ပြန်ဆပ်သွားနိုင်မလားဆိုတာ အလွန်စိတ်ဝင်စားဖွယ် ကောင်းသည်။

အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ နောက်ဆုံးထိပ်တိုက် ခုနစ်ကြိမ်တွေ့ဆုံရာတွင် အာဆင်နယ်က ခုနစ်ကြိမ်စလုံး ဂိုးပြတ်ရှုံးနိမ့်ထားသည်။ ဒီတစ်ကြိမ်တွေ့ဆုံမှုမှာရော အာဆင်နယ်အသင်းအနေဖြင့် ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲ ရင်ခုန်စိတ်လှုပ်ရှားစရာပင်။

ယခုနှစ် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်သည် ကြည့်ရှုသူ ပရိသတ် အကြိုက်တွေ့စေမှာ အမှန်ပင်ဖြစ်သည်။ မည်သည့်အသင်းက အက်ဖ်အေဖလားဗိုလ်လုပွဲသို့ တက်ရောက် သွားမလဲ၊ မည်သည့်အသင်းက ဆီမီးဖိုင်နယ်အဆင့်မှ လက်ပြနှုတ်ဆက်ရမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# အမျိုးသမီးများ ပေါင်းစည်းအား ကိုဗစ် - ၁၉ ဒို့ကျော်လွှား

**မမမေ**

ကိုဗစ်-၁၉ ကပ်ရောဂါကို တစ်ကမ္ဘာလုံး တွေ့ကြုံခံစားနေကြရသည်။ နိုင်ငံအသီးသီးမှ သက်ဆိုင်ရာအစိုးရတို့က မိမိတို့တတ်စွမ်းသမျှ ရောဂါ ပြန့်ပွားမှုမရှိစေရေး၊ စနစ်တကျ ဆေးကုသမှု ပေးအပ်နိုင်ရေးအတွက် ကြိုးပမ်းကြသည်။ လုပ်အားရှင် ပြည်သူများက လည်း တတ်စွမ်းသမျှ မိမိတို့နိုင်ငံအတွင်း ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပူးပေါင်းအားဖြည့်လျက်ရှိကြသည်။ မိမိတို့နိုင်ငံသည်လည်း နိုင်ငံရေးနယ်ပယ်၊ ကျန်းမာရေးနယ်ပယ်၊ လူမှုရေးနှင့် စီးပွားရေး နယ်ပယ်အသီးသီးတို့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခံစားရမှုများ၊ တွန်းလှန်တိုက်ခိုက်ကြရမှုများစွာဖြင့် ကြုံတွေ့နေကြရသည်။ စုပေါင်းအားဖြင့် တွန်းလှန်ကာကွယ်ကြမည်ဆိုလျှင် ကိုဗစ်-၁၉ ရောဂါကို အထိုက်အလျောက်တော့ လျော့ပါးသက်သာစေမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ကမ္ဘာ့အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကို ကျရာနေရာ၊ တတ်စွမ်းရာ အခြေအနေများဖြင့် တွန်းလှန်သူများတွင် အမျိုးသားများနည်းတူ ရင်ပေါင်တန်း၍ အမျိုးသမီးများကလည်း စွမ်းစွမ်းတမံဆောင်ရွက်နေကြပါသည်။ ဇူလိုင်လ ၃ ရက်နေ့သည် မြန်မာအမျိုးသမီးများနေ့ဖြစ်ပြီး ယခုနှစ်အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်မှာ "အမျိုးသမီးများ ပေါင်းစည်းအား ကိုဗစ်-၁၉ ဒို့ကျော်လွှား" ဟူ၍ဖြစ်ပါသည်။

အမျိုးသမီးများသည် သမိုင်းတစ်လျှောက် ကြီးကျယ်မြင့်မြတ်သည့် လုပ်ရပ်များစွာကို စွမ်းဆောင်ခဲ့ကြဖူးသူများဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင်လည်း ရာစုနှစ်ပေါင်းများစွာကပင် ကမ္ဘာ့အသီးသီး၌ ထင်ရှားကျော်ကြားသည့် အမျိုးသမီးများစွာထွက်ပေါ်ခဲ့ပြီး ယနေ့တိုင် ထွက်ပေါ်နေဆဲပင်ဖြစ်ပါသည်။ ယင်းသည်မှာလည်း ထူးချွန်ထက်မြက်ခြင်းနှင့် ကရုဏာတရားပြည့်ဝခြင်း၊ အများအကျိုးအတွက် ကိုယ်ကျိုးမငဲ့ကွက် ဆောင်ရွက်တတ်ခြင်းတို့နှင့် ပြည့်စုံသည့် အမျိုးသမီးများကို အသိအမှတ်ပြုအားပေးလက်ခံခြင်း၊ တစ်နည်းအားဖြင့် ကျား မ အခွင့်အရေး မခွဲခြားခြင်းပင် ဖြစ်ပါသည်။

အမျိုးသမီးများသည် အကျပ်အတည်းကာလအတွင်း ပြုစုစောင့်ရှောက်ခြင်းဟူသည့် မိသားစုအတွက်တာဝန်ကို အခြားအချိန်များထက်ပင် ပိုမိုထမ်းဆောင်နေကြရပါသည်။ ပြုစုစောင့်ရှောက်ခြင်းများအနက် အိမ်ထောင်မှုကိစ္စရပ်များသာမက မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ သားသမီးများ၏ ပညာရေးအတွက် ပိုမို အချိန်ပေးသင်ကြားရခြင်းများအပြင် ရောဂါကြောင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုများတွင်လည်း စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေကြရပါသည်။ အမျိုးသမီးများ အလုပ်လုပ်ကိုင်ရန် အတားအဆီးများသည် မိသားစုဝင်ငွေကို လျော့ကျစေပြီး နိုင်ငံအတွက် ကုန်ထုတ်လုပ်မှုများတွင်လည်း ထိခိုက်စေနိုင်ပါသည်။

အမျိုးသမီးအများစုသည် အိမ်မှုကိစ္စရပ်များကိုသာမက စီးပွားရေး၊ လူမှုရေး စသည့် နယ်ပယ်အသီးသီးတွင်လည်း မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုသကဲ့သို့ အမျိုးသားများနည်းတူ မိမိအကျိုး၊ အများအကျိုး ဆောင်ရွက်လျက်ရှိကြသည်။ ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သည့် အမျိုးသမီးများ ပေါင်းစည်းအား ကိုဗစ်-၁၉ ဒို့ကျော်လွှား ဟူသည့်အတိုင်း ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်မှုများတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် စိန်ခေါ်မှုများကို အားလုံးက အသိအမှတ်ပြုခြင်း၊ လေးစားအားပေးခြင်းနှင့် အမျိုးသမီးများပါဝင်မှုကို ပိုမိုအားပေးခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များကို ရရှိစေမည် ဖြစ်ပါသည်။

**ကျန်းမာရေးအသိုက်အဝန်းမှ အမျိုးသမီးများ**

ကျန်းမာရေးကဏ္ဍအတွင်း နေ့မအား၊ ညမနား ဆောင်ရွက်သူများ၌ အမျိုးသမီးများစွာ ပါဝင်နေပြီး သူတို့ကြုံတွေ့ရသည့် စိန်ခေါ်မှုများသည် အမျိုးသားများထက် မလျော့သည့် စိန်ခေါ်မှုများပင်ဖြစ်သည်။ မိသားစုတိုင်းအတွက် မိခင်သည် အလွန်အရေးကြီးသကဲ့သို့ မိခင်စိတ်ထားဖြင့် လူနာများအပေါ် စောင့်ရှောက်တတ်သည့် ကျန်းမာရေးကဏ္ဍမှ ဆရာဝန်များ၊ သူနာပြုများသည်လည်း လူနာများအတွက် အလွန်အရေးကြီးပါသည်။ ထို့ပြင် ကူးစက်မြန်ရောဂါကို တွန်းလှန်နေကြရသည့် ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်ခြင်းကြောင့်လည်း စိန်ခေါ်မှုပြင်းထန်သည့် အခြေအနေ၌ မိမိနှင့် မိသားစုအရေးထက် လူနာများအတွက် ပေးဆပ်ကြသူများကို ပြည်သူများက အားပေးဂုဏ်ပြုကြသည်မှာလည်း အမျိုးသမီးကျန်းမာရေးဝန်ထမ်းများအတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပါလိမ့်မည်။

"ကျွန်မတို့ ကျန်းမာရေးကဏ္ဍမှာ အများစုက အမျိုးသမီးတွေဖြစ်ပါတယ်။ သူတို့မှာ မိသားစုတွေ ရှိကြပါတယ်။ ကိုဗစ် - ၁၉ ရောဂါက အသေအပျောက်ရှိတယ်။ ကူးစက်တာမြန်တယ်။ ကူးစက်နိုင်ခြေများတဲ့သူတွေထဲမှာ ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေ ပါဝင်နေပါတယ်။ ဒါဟာ ကျွန်မတို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်ပါတယ်။ သို့သော် ကျွန်မတို့တွေက ပြည်သူနဲ့အတူ အောင်မြင်အောင် တိုက်ထုတ်နိုင်မယ်လို့လည်း အပြည့်အဝယုံကြည်ချက်ရှိတယ်။ ကြိုတင်ပြင်ဆင်မှုတွေလည်း တတ်နိုင်သလောက်လုပ်ကြတယ်။ ဝန်ကြီးဌာနနဲ့ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်တွေကိုလည်း အတိအကျလိုက်နာပြီး စိန်ခေါ်မှုတွေကို ဖြေရှင်းနေတာလည်း ဖြစ်ပါတယ်" ဟု အထူးကုဆေးရုံ ဝေဘာဂီမှ အပူပိုင်းနှင့်ကူးစက်ရောဂါပညာဌာန၊ ပါမောက္ခ ဒေါက်တာစံပယ်ဖြူက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း အမျိုးသမီးများ၏ ကျန်းမာရေးကဏ္ဍ စိန်ခေါ်မှုများ စကားဝိုင်းတွင် ထည့်သွင်းပြောကြားထားသည်။

> **"၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းအရ ၅၄ ဒသမ ၅၈ သန်းအနက် အမျိုးသမီးဦးရေသည် ၂၈ ဒသမ ၄၃ သန်းနှင့် အမျိုးသားဦးရေသည် ၂၆ ဒသမ ၁၅ သန်း ရှိမည်ဟု ခန့်မှန်းထားရာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် နှစ်သန်းကျော်မျှ ပိုမိုများပြားလျက်ရှိ။ ထို့ကြောင့် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ၏ ထမ်းဆောင်မှုတာဝန်ဝတ္တရားများသည်လည်း များပြားလွန်း။ ကိုဗစ် - ၁၉ ကပ်ရောဂါ အကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ပြည့်ဝစွာဖြည့်ဆည်းပေးရန်နှင့် အမျိုးသမီးများ၏အခန်းကဏ္ဍကို အသိအမှတ်ပြု မြှင့်တင်ပေးနိုင်ရန် လိုအပ်"**

**ပြည်သူလူထုနှင့် ကျန်းမာရေးအသိတိုးတက်လာ**

ကျန်းမာရေးဝန်ထမ်းအမျိုးသမီးများ၏ စိန်ခေါ်မှုများတွင် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစဉ်များကဲ့သို့ ဆောင်ရွက်ချက်အချို့ ကိုဗစ်-၁၉ ရောဂါကြောင့် နှောင့်နှေးရခြင်းများအပြင် လူနာများ၏ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာများကို နှစ်သိမ့်ပညာပေးရခြင်းများနှင့် မီးဖွားလူနာများ ဆေးရုံသို့ အချိန်မီလာရောက်ရန် အခက်အခဲများကိုလည်း ကြုံတွေ့နေရသည်။ ထို့ပြင် ကူးစက်ရောဂါအသိပညာနှင့်ပတ်သက်သည့် သိရှိမှုအားနည်းသော လူနာများနှင့် လူနာရှင်များကြောင့်လည်း အခက်အခဲများကြုံတွေ့ရသည်ကို မြင်တွေ့ရသည်။ သို့သော် ယခုအခါ နိုင်ငံတော်၏ ကြိုးပမ်းမှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကြိုးပမ်းမှု၊ ပြည်သူအားလုံးစုပေါင်းပါဝင်မှုဖြင့် ကျန်းမာရေးအသိပညာများကို ဒေသအသီးသီးတွင် ဖြန့်ဝေနိုင်ခဲ့ခြင်းကြောင့် နားလည်သဘောပေါက်မှု မြင့်တက်လာကြပြီ ဖြစ်ပါသည်။

မူလက ဆေးရုံများတွင် လိုအပ်သည့် လှူဒါန်းမှုများကိုပင် ကိုယ်တိုင်မလှူဒါန်းရဲလောက်အောင် ကြောက်ရွံ့မှုများရှိခဲ့သော်လည်း တစ်ဦးနှင့်တစ်ဦး လိုအပ်သည့်အကွာအဝေးလုံလောက်မှုနှင့် ရောဂါမကူးစက်စေရေးအတွက် စနစ်တကျ နေထိုင်ရမည့် နည်းလမ်းများအကြောင်း ပြည်သူလူထုသိရှိလာမှုမှာ အားရကျေနပ်ဖွယ်ကောင်းလှသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်များ လုပ်ငန်းခွင်အတွင်း လိုက်နာရမည့် ကျန်းမာရေးအသိများပေးအပ်ခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သားဖွားမိခင်များအား ငွေကြေးအထောက်အပံ့များပေးအပ်ခြင်း၊ သက်ကြီးရွယ်အိုများအား ငွေကြေးထောက်ပံ့ခြင်းများနှင့် အခြေခံစားကုန်များပေးအပ်ခဲ့ခြင်းသည်လည်း အမျိုးသမီးများကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို လျော့ပါးသက်သာစေခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းအရ ၅၄ ဒသမ ၅၈ သန်းအနက် အမျိုးသမီးဦးရေသည် ၂၈ ဒသမ ၄၃ သန်းနှင့် အမျိုးသားဦးရေသည် ၂၆ ဒသမ ၁၅ သန်း ရှိမည်ဟု ခန့်မှန်းထားရာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် နှစ်သန်းကျော်မျှ ပိုမိုများပြားလျက်ရှိပါသည်။ ထို့ကြောင့် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ၏ ထမ်းဆောင်မှု တာဝန်ဝတ္တရားများသည်လည်း များပြားလွန်းလှပါသည်။ ထို့ကြောင့် ကိုဗစ် - ၁၉ ကပ်ရောဂါ အကျပ်အတည်းကို တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ပြည့်ဝစွာဖြည့်ဆည်းပေးရန်နှင့် အမျိုးသမီးများ၏အခန်းကဏ္ဍကို အသိအမှတ်ပြုမြှင့်တင်ပေးနိုင်ရန် လိုအပ်ပါသည်။

**အမျိုးသမီးများ၏ ဝင်ငွေရရှိမှုကို ထိခိုက်လာ**

အသွားအလာကန့်သတ်မှုများ ရှိနေရချိန်တွင် ဝင်ငွေရရှိမှုသည်လည်း အမျိုးသမီးများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ယင်းအတွက်ကြောင့်ပင် အကြမ်းဖက်ခံရမှုများလည်း ပိုမိုခံစားလာနေရသည်ကို ကမ္ဘာ့အရပ်ရပ်တွင် တွေ့ရှိနေကြရသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ အမျိုးသမီးများ အလုပ်အကိုင်များလုပ်ကိုင်ရန် ခက်ခဲလာနိုင်ခြင်းသည် ကုန်ထုတ်လုပ်မှု ကျဆင်းလာစေနိုင်ပြီး လုပ်ဖော်ကိုင်ဖက်များနှင့် ဝေးကွာရခြင်း၊ အလုပ်အကိုင်တိုးတက်မှုရပ်တန့်သွားခြင်းအပြင် အမျိုးသမီးအလုပ်သမားများ အခက်အခဲမျိုးစုံကြောင့် ကုန်ထုတ်လုပ်မှုများတွင်လည်း လုပ်သားလိုအပ်ချက်များ ကြုံတွေ့လာနိုင်ကြောင်း UN Women မှ ဌာနေကိုယ်စားလှယ် Mr. Nicolas Burniat က မြန်မာနိုင်ငံ အမျိုးသမီးများအပေါ် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေး အကျိုးသက်ရောက်မှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ခံနိုင်ရည်စွမ်းရည်တည်ဆောက်ရန်အတွက် ပကတိအခြေအနေပေါ်တွင်လေ့လာသုံးသပ်ခြင်းနှင့် ရှေ့အလားအလာဆွေးနွေးပွဲအတွင်း ထည့်သွင်းပြောကြားသည်။

ကိုဗစ် – ၁၉ ကြောင့် အာရှ-ပစိဖိတ်ဒေသများတွင် အမျိုးသမီးများ အများဆုံးပါဝင်သည့်ကဏ္ဍများ ရပ်ဆိုင်းသွားရသည်ကိုလည်း မြင်တွေ့ရသည်။ ခရီးသွားလုပ်ငန်း၊ လက်လီအရောင်းလုပ်ငန်း၊ အိမ်အကူလုပ်ငန်း၊ စက်ရုံ၊ လယ်ယာအလုပ်အကိုင်များ စသည်ဖြင့် အဝေးမှ လုပ်ကိုင်ရန် မဖြစ်နိုင်သည့်လုပ်ငန်းများတွင် အမျိုးသမီးအများစုမှာ လုပ်ကိုင်နေကြခြင်းဖြစ်သည်။

**အလုပ်အကိုင်ပြဿနာအဖြေရှာ**

မြန်မာနိုင်ငံတွင်လည်း စက်ရုံ၊ အလုပ်ရုံများ၏ ၈၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဝင်ရောက်လုပ်ကိုင်နေကြခြင်းဖြစ်ပါသည်။ ဧည့်ခံကြိုဆိုရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၏ အလုပ်သမားများမှ ၆၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ ခရီးသွားလုပ်ငန်း၏ အလုပ်သမားအများစုသည်လည်း အမျိုးသမီးများဖြစ်ကြပြီး ယခုအချိန်တွင် လုပ်ငန်းအတော်များများ ရပ်ဆိုင်းနေကြရပါသည်။ ရွှေ့ပြောင်းအမျိုးသမီး အလုပ်သမားများသည်လည်း နေရပ်သို့ပြန်လည်ရောက်ရှိရန် အခက်အခဲများရှိခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေရရှိရန် ခက်ခဲခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းများကို ကြုံတွေ့နေကြရနိုင်ကြောင်း Mr. Nicolas Burniat က ထောက်ပြထားပါသည်။

လက်လီအရောင်းအဝယ်များကဲ့သို့သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသည့် အမျိုးသမီးများသည် လုပ်ငန်းတူအမျိုးသားများထက် ကိုဗစ်-၁၉ ရောဂါ၏ ရိုက်ခတ်မှုကို ပိုမိုခံရနိုင်ဖွယ်ရှိသည်ဟု အမျိုးသမီးရေးရာ ကျွမ်းကျင်သူများက ခန့်မှန်းကြပါသည်။ ကမ္ဘာ့ဘဏ်စာရင်းများအရ မြန်မာနိုင်ငံတွင် အလွတ်တန်းစီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြသူများတွင် အမျိုးသမီးများ ပိုမိုများပြားကြပြီး ဥပမာအားဖြင့် လမ်းဘေးဈေးသည်များ၏ ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ စိုက်ပျိုးရေးကဏ္ဍတွင်လည်း အမျိုးသမီးဦးရေက ပိုမိုများပြားစွာ ဝင်ရောက်လုပ်ကိုင်လျက် ရှိပါသည်။

ထို့ပြင် အသေးစားစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများသည် အမျိုးသားများထက် ချေးငွေနှင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း လက်လှမ်းမီမှုအားနည်းလျက်ရှိနေသည်ကို မြင်တွေ့ရပါသည်။ ကိုဗစ် – ၁၉ အတွက် စီးပွားရေးတုံ့ပြန်မှုများ ဆောင်ရွက်ရာတွင် အမျိုးသမီးများပါဝင်လာရန် ကြိုးပမ်းခြင်းသည် စီးပွားရေးကို အမြန်ဆုံး ပြန်လည်ဦးမော့စေရန် အားလုံးအကျုံးဝင်ပါဝင်လာနိုင်အောင် မောင်းနှင်ပေးနိုင်မည်ဖြစ်ရာ အမျိုးသမီးများအား ပံ့ပိုးပေးရန် မှန်ကန်စွာဆောင်ရွက်ရုံသာမက စနစ်တကျ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ ရေးဆွဲဆောင်ရွက်လျက်ရှိသည့် CERP သည် အမျိုးသမီးများ၏ လိုအပ်ချက်များ၊ ပါဝင်မှုများကို မည်မျှအလေးထားဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့နိုင်မည် ဖြစ်ပါသည်။

**စီးပွားရေးအကျပ်အတည်းအတွက် ဖြေရှင်း**

"ကုန်သည်/စက်မှုအသင်းချုပ်မှာ ညီနောင်အဖွဲ့ ၇၄ ဖွဲ့ရှိပြီး အမျိုးသား အမျိုးသမီးတန်းတူ ပါဝင်ခွင့် ရရှိထားပါတယ်။ ကုန်သည်/စက်မှု အသင်းချုပ်ရဲ့ လုပ်ကိုင်ချက်တိုင်းမှာ အမျိုးသမီး၊ အမျိုးသား ခွဲခြားလုပ်ကိုင်ခြင်းမျိုးမဟုတ်ပေမယ့် အမျိုးသမီးများအပေါ် များစွာအထောက်အကူပြုတဲ့ ဆောင်ရွက်ချက်တွေ ပေးအပ်နိုင်ခဲ့ပါတယ်။ စားသောက်ကုန်အသင်းအဖွဲ့၊ ဆန်၊ ဆီ၊ ဆား စသည့် အသင်းအဖွဲ့များနဲ့ပူးပေါင်းပြီး ကိုဗစ် – ၁၉ ကာလ အမျိုးသမီးတွေရဲ့ ဘဝအမောတွေဖြစ်လာမယ့် ကုန်ဈေးနှုန်းတွေ တည်ငြိမ်စေဖို့အတွက် ထိန်းညှိပေးခဲ့တာတွေ၊ စက်မှုဇုန်တွေအထိ သွားရောက်ပြီး ကုန်စည်တွေကို ဈေးသက်သာစွာနဲ့ ရောင်းချပေးတာတွေက အမျိုးသမီးတွေကြုံရမယ့် ဒီကာလအကျပ်အတည်း ကူညီဖြေရှင်းပေးခဲ့တာဖြစ်ပါတယ်" ဟု အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်တစ်ဦးလည်းဖြစ်ပြီး ကုန်သည်/စက်မှုအသင်းချုပ်၏ တွဲဖက် အထွေထွေအတွင်းရေးမှူးလည်း ဖြစ်သူ ဒေါ်ခိုင်ခိုင်နွယ်က မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်စကားဝိုင်းအတွင်း ထည့်သွင်း ပြောကြားထားသည်။

အိမ်ထောင်စု၏ ဖိအား၊ စားဝတ်နေရေးအတွက် ဖိအား၊ ကျောင်းသားများ၊ အလုပ်အားနေသည့် မိသားစုဝင်များ၏ ဖိအားများကိုခံစားနေရချိန်တွင် ကုန်ဈေးနှုန်းထိန်းညှိနိုင်ခြင်းသည် အမျိုးသမီးများအတွက် စိတ်သက်သာမှုတစ်ရပ်ဖြစ်စေခဲ့သည်။ ထို့ပြင် နိုင်ငံတော်နှင့်အသင်းအဖွဲ့များက အမျိုးသမီးများအတွက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လျက်ရှိပြီး စီးပွားရေးကဏ္ဍများအတွင်း အမျိုးသမီးများ ပိုမိုပါဝင်လာစေရေးအတွက် နိုင်ငံတော်မှ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ သက်မွေးပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။ *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၆ မှ*

သစ်စေ့မြေလုံးများသည် ရိုးရှင်းပြီး ကုန်ကျစရိတ်သက်သာခြင်း၊ ဧရိယာကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်း၊ ရဟတ်ယာဉ်များဖြင့် သစ်စေ့ မြေလုံးကြဲချနိုင်ခြင်း၊ ရှင်သန်ပေါက်ရောက်ရန် သင့်လျော်သော ရာသီအနေအထားရရှိပါက ရှင်သန်မှုရာခိုင်နှုန်းမြင့်မားခြင်း၊ သစ်စေ့အား မြေလုံးထဲတွင် ကာကွယ်ထားသဖြင့် ၎င်း၏ အညှောက်ပေါက်ရန် ငုပ်လျှိုးကာလ (Dormancy Period) ပေါ်မူတည်၍ အညှောက်ပေါက်ရန် အခွင့်သာချိန်အထိ မပျက်စီးဘဲ ရှိနေနိုင်ခြင်း၊ ရေ၊ မြေ၊ ရာသီဥတုနှင့် သစ်မျိုးကိုက်ညီပါက ပေါက်ရောက်ရှင်သန်မှုကောင်းမွန်ခြင်း၊ ကြဲချသည့်နှစ်တွင် အပင်ပေါက်ရန် အခွင့်မသာသည့်တိုင်အောင် သစ်စေ့များသည် မြေလုံးထဲတွင် ရှိနေသဖြင့် အပူဒဏ်နှင့် သာမန်မီးဒဏ် (Surface Fire) ကြောင့် ပျက်စီးမှုမရှိဘဲ နွေရာသီကို ကျော်ဖြတ်နိုင်ပြီး လုံလောက်သည့် အစိုဓာတ်ရရှိချိန်တွင် အပင်ပေါက်နိုင်ခြင်း၊ မြေလုံးတွင် အာဟာရဓာတ် ပါဝင်သဖြင့် မြေဆီလွှာအတွက် အထောက်အပံ့ဖြစ်ခြင်း၊ မြေလုံး လုံးရာတွင် လည်းကောင်း၊ သစ်စေ့မြေလုံးများ ဖြန့်ကြဲရာတွင် လည်းကောင်း ဒေသခံပြည်သူများ အင်အားဖြင့် ဆောင်ရွက်နိုင်သဖြင့် ပူးပေါင်းဆောင်ရွက်မှုအား ပိုမိုကောင်းမွန်လာခြင်း စသည့်အားသာချက်များကြောင့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း /ဘဏ္ဍာရေး လျာထားချက်များတွင် မပါဝင်ဘဲ သီးခြားအစီအစဉ်ဖြင့် အပိုထပ်မံဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

ချင်းပြည်နယ် တောင်ကုန်းတောင်တန်းများတွင် ထင်းရှူး၊ ချယ်ရီ၊ ရေသင်းဝင်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေသတ္တုတူးဖော်နေရာဟောင်းများတွင် ရှား၊ ကုက္ကို၊ ဘောစကိုင်း၊ သင်းဝင်၊ မဲဇလီ၊ မကွေးတိုင်းဒေသကြီးတွင် ရှား၊ ထနောင်း၊ ထုံးပေါက်၊ မြန်မာကုက္ကို၊ မန်ကျည်း၊ ကန္တာစိမ်း၊ ဖောင်းပလွေ၊ ဖျောက်ဆိပ်၊ သန်း၊ ဘောစကိုင်းနှင့် နေပြည်တော်တွင် ကုက္ကို၊ မဲဇလီ၊ ဘောစကိုင်း၊ ရှမ်းပြည်နယ်တွင် ဘောစကိုင်း၊ မဲဇလီ၊ ရေသင်းဝင်၊ မန်ကျည်း၊ အော်ရီရှား၊ ပင်စိမ်း၊ စိန်ပန်းပြာ၊ စွယ်တော်၊ သဘော်တမာ၊ စစ် (သစ်ဖြူ) စသည့် နိုက်ထရိုဂျင်ဓာတ်ဖမ်းယူနိုင်သည့်ဒေသနှင့် သင့်လျော်သော အပင်မျိုးစိတ်များ ရွေးချယ်ပြီး သစ်စေ့မြေလုံးများတွင် ထည့်သွင်းကြဲချခြင်း၊ ဆူးထိုးစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယခုနှစ် မိုးရာသီအတွင်း ရှမ်းပြည်နယ် ညောင်ရွှေ၊ တောင်ကြီး၊ ကလော၊ ပင်းတယ၊ ဖယ်ခုံမြို့နယ်များတွင် သစ်စေ့မြေလုံးပေါင်း ၁၈၇၂၀၊ မကွေးတိုင်းဒေသကြီး ရေနံချောင်း၊ ပခုက္ကူ၊ ပေါက်မြို့နယ်များတွင် သစ်စေ့မြေလုံးပေါင်း ၅၁၃၀၀၊ ချင်းပြည်နယ် ဖလမ်း၊ တီးတိန်မြို့နယ်များတွင် သစ်စေ့မြေလုံးပေါင်း ၂၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဗန်းမောက်၊ ဟုမ္မလင်း၊ ခန္တီးမြို့နယ်များတွင် သစ်စေ့မြေလုံးပေါင်း ၆၁၁၅၀၀၊ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ၊ တပ်ကုန်းမြို့နယ်များတွင် သစ်စေ့မြေလုံးပေါင်း ၅၀၀၀၀ စုစုပေါင်း သစ်စေ့မြေလုံးပေါင်း ၁၁၀၀၀၀၀ ကို ဧ၊ ၃၀၁၅၀ တွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆူးထိုးစိုက်ပျိုး ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် သစ်စေ့မြေလုံးပေါင်း ၁၀၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသို၊ ဟုမ္မလင်း မြို့နယ်များတွင် သစ်စေ့မြေလုံးပေါင်း ၂၀၀၀၀၀၊ ရှမ်းပြည်နယ် ညောင်ရွှေ၊ လွိုင်လင်မြို့နယ်များတွင် သစ်စေ့မြေလုံးပေါင်း ၆၀၀၀၀၀၊ စုစုပေါင်း သစ်စေ့မြေလုံးပေါင်း ၉၀၀၀၀၀ တို့ကို ရဟတ်ယာဉ်ဖြင့် ကြဲချခြင်း ဆောင်ရွက်နိုင်ခဲ့သည်။

သစ်စေ့မြေလုံးများ ဖြန့်ကြဲစိုက်ပျိုးရာတွင် အားသာချက်များရှိသလို အားနည်းချက်များလည်း ရှိသည်။ ဥပမာအားဖြင့် စိုက်ခင်းတည်ထောင်ခြင်းနှင့် နှိုင်းယှဉ်ပါက ရှင်သန်မှုရာခိုင်နှုန်း နည်းပါးခြင်း (သစ်စေ့မြေလုံးကြဲစိုက်ပျိုးခြင်းသည် သစ်တောစိုက်ခင်း တည်ထောင်ခြင်း မဟုတ်ပါ)၊ မျိုးစေ့လေလွင့်မှုရှိသဖြင့် ရှားပါးမျိုးစေ့များ၊ အဖိုးတန်မျိုးစေ့များ စိုက်ပျိုးရန် မသင့်လျော်ခြင်း၊ ရေ၊ မြေ၊ ရာသီဥတု အဆင်မသင့်ပါက ရှင်သန်မှုအခွင့်အလမ်း သိသာစွာနည်းပါးနိုင်ခြင်း၊ သစ်စေ့၏ အညှောက်ပေါက်ကာလ၊ ရဟတ်ယာဉ်ဖြင့် ကြဲချရာတွင် ရာသီဥတု အခြေအနေကောင်းမွန်ရန် စောင့်ဆိုင်းရခြင်း စသည့် အခက်အခဲများလည်း ရှိပါသည်။ ကုန်ကျစရိတ် အလွန်နည်းပါးပြီး သစ်ပင်စိုက်ပျိုးရန် အလွန်ခက်ခဲသော နေရာများတွင်သာ သစ်စေ့မြေလုံး "Seed Ball" များ ဖြန့်ကြဲစိုက်ပျိုးသောကြောင့် အနည်းငယ်ရှင်သန် ပေါက်ရောက်သည်လျှင်ပင် ရှင်သန်ပေါက်ရောက်သမျှ အမြတ်ဟု သဘောထားကြရမည် ဖြစ်သည်။

**သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး**

သစ်ပင်စိုက်ပျိုးခြင်းသည် ရွှေတိုက်၊ ငွေတိုက်ကို ပိုင်စိုးရသကဲ့သို့ အကျိုးကျေးဇူး အမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှသည်။ ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ပေ။ သို့သော်လည်း အဆိုပါတန်ဖိုးများကို သိရှိနားလည်မှု မရှိခြင်း၊ သိရှိသူ အလွန်နည်းပါးခြင်း၊ သိရှိသော်လည်း မိမိအကျိုးစီးပွား၊ လူနည်းစု အကျိုးစီးပွားနှင့် ရေတို အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ခြင်း၊ အဆိုပါတန်ဖိုးများကို ဖော်ထုတ်မည့် အဖွဲ့အစည်း၊ ထိန်းသိမ်းမည့် အဖွဲ့အစည်း အလွန်နည်းပါးခြင်းနှင့် စွမ်းဆောင်ရည်နိမ့်ပါးခြင်း စသည့် အကြောင်းများကြောင့် သစ်တောများ ပြုန်းတီးပြီး သစ်တောဂေဟစနစ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ နိုင်ငံ၏ ကြွယ်ဝမှုကို ယုတ်လျော့ဆုံးရှုံးခြင်းလည်း ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များဆိုင်ရာ ကတိကဝတ်များနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အရင်းအနှီးများ၊ သစ်တော သယံဇာတများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်မှုများအကြားတွင် အမြော်အမြင်ရှိစွာ ဂရုပြု စီမံခန့်ခွဲရန် မဖြစ်မနေလိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသည့် အဖိုးတန်သယံဇာတ အရင်းအမြစ်များ၊ သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် အလွန်အရေးကြီးပါသည်။ သစ်တောသစ်ပင်ချစ်ခင်သူများ ပိုမိုတိုးပွားလာဖို့လိုသည်။ ပြည်သူများအကြား သစ်ပင်သစ်တောများ၏ စစ်မှန်သော တန်ဖိုးကို ပိုမိုနားလည်လာပြီး သစ်တောထိန်းသိမ်းရေး လုပ်ငန်းများတွင် ပိုမို ပူးပေါင်းပါဝင်လာစေဖို့ ကြိုးပမ်းကြရမည်ဖြစ်သည်။ ဥယျာဉ်မှူးကြီးများ၏ စိတ်ရင်းစေတနာကို အသိအမှတ်ပြုလျက် ရွှေတိုက် ငွေတိုက်ကို ပိုင်စိုးနိုင်သော သစ်တောသစ်ပင်ချစ်ခင်သူများ ပိုမို တိုးပွားလာစေကြောင်း ဆန္ဒပြုရင်း မိုးလရာသီ ချိန်ခါမီ သစ်ပင်စိုက်ပျိုးကြပါစို့။ ။

*စာမျက်နှာ ၁၀ မှ*

အထည်ချုပ်လုပ်ငန်း၊ လက်ခစားလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ပညာပေးလုပ်ငန်း၊ ဟိုတယ်ခရီးသွားလုပ်ငန်း၊ ကြော်ငြာဝန်ဆောင်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ကြပြီး အဆိုပါ ကဏ္ဍအတွင်း အမျိုးသမီးအလုပ်သမားများစွာ ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။ ၎င်းတို့လုပ်ငန်းများ ပုံမှန်လည်ပတ်စေရေးနှင့် မိသားစုအချင်းချင်း အပြန်အလှန်နားလည်မှုရှိရှိ ရင်ဆိုင်ကျော်လွှားရေး၊ အမျိုးသမီး အချင်းချင်း အပြန်အလှန် ဆက်သွယ်ချိတ်ဆက် အကူအညီပေးနိုင်ရေးတို့ကိုလည်း ပိုမိုအားကောင်းလာစေရန် အားလုံးစုပေါင်း အဖြေရှာ ဖော်ထုတ်နေကြသည်ကိုလည်း တွေ့ရှိရသည်။

**နည်းပညာအကူအညီဖြင့် အလုပ်အကိုင်များ ဖန်တီး**

နည်းပညာအကူအညီကိုရယူကာ သက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရန်ကူညီပေးခြင်း၊ ဒစ်ဂျစ်တယ်ဈေးကွက်ကို အမျိုးသမီးများ ဝင်ရောက်ခြေဆန့်နိုင်ရန် ကူညီခြင်းတို့သည်လည်း အမျိုးသမီးများ၏ အခက်အခဲအကျပ်အတည်းများကို ဖြေရှင်းအောင်မြင်နိုင်စေမည်ဖြစ်ကြောင်း အမျိုးသမီးရေးရာ ကျွမ်းကျင်သူများက ခန့်မှန်းထားကြပါသည်။ မိမိတို့နိုင်ငံသည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ခြင်းကြောင့် အခြေခံဒေသထွက်ကုန်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့မှထွက်ရှိသည့် ကုန်ကြမ်းအပေါ် အခြေခံကာ နည်းပညာအကူအညီဖြင့် သွင်းကုန်အစားထိုး ကုန်စည်များ ထုတ်လုပ်နိုင်မည်ဆိုပါကလည်း အမျိုးသမီးများအတွက် စီးပွားရေးနှင့် ဝင်ငွေအခွင့်အလမ်းကို ပြန်လည်ဦးမော့လာစေရန် အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

"အရင်တုန်းက အဆိုအတိုင်း ပုခက်လွှဲတဲ့လက်က ကမ္ဘာကို လွှမ်းမိုးတယ်တဲ့။ ကမ္ဘာကို အုပ်စိုးတယ်ဆိုတာ တကယ်တော့ လွှမ်းမိုးဖို့၊ စိုးမိုးဖို့မဟုတ်ပါဘူး။ မတည်ပေးဖို့သာဖြစ်ပါတယ်။ ဖေးမဖို့၊ လက်တွဲခေါ်ဖို့က အဓိကဖြစ်ပါတယ်။ ကိုယ့်ရဲ့ သားသမီးတွေကို ပြုစုပျိုးထောင်ဖို့သာဖြစ်ပါတယ်" ဟု ၂၀၁၈ ခုနှစ် ဇူလိုင်လ ၃ရက်နေ့ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ဖူးသည်။ အမျိုးသမီးများသည် မိမိနှင့် မိသားစုဝင်များ၊ မိမိနိုင်ငံနှင့်သတ္တလောကကြီးတစ်ခုလုံး၏ ကောင်းကျိုးအတွက် နှလုံးရည်မြင့်မားစွာဖြင့် အချင်းချင်း မျှဝေလက်တွဲကာ ကိုဗစ် - ၁၉ ကပ်ရောဂါကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ရင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ရက်နေ့တွင် ကျရောက်မည့် **မြန်မာအမျိုးသမီးများနေ့**ကို ကြိုဆိုလိုက်ရပါသည်။ ။

# ကွတ်ခိုင်မြို့နယ်အတွင်း ကုန်တင်ယာဉ်တစ်စီး ဘရိတ်ပေါက်ခဲ့ကာ အရှိန်ထိန်းသဲကွင်းကြောင့် ယာဉ်မောင်းအသက်ဘေးမှ လွတ်မြောက်

**မူဆယ် ဇွန် ၃၀**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်း ပါန်ကျန့်လော့ ခုံးဆင်းမိုင်တိုင်အမှတ် ၂၅၂/၂ မှ ၂၅၂/၄ ကြား မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးဘေးတွင် ကုန်တင်ယာဉ်တစ်စီး ဇွန်နောက်ဆုံးပတ်က အရှိန်လွန် ဘရိတ်ပေါက်မှုဖြစ်ပေါ်ခဲ့သော်လည်း အရှိန်ထိန်းသဲကွင်းကြောင့် ယာဉ်မောင်းတစ်ဦး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

မန္တလေး -မူဆယ် လမ်းသည် များသောအားဖြင့် အကွေ့အကောက်များသောကြောင့် အဆိုပါလမ်းပိုင်းတွင် ယာဉ်တိမ်းမှောက်ခြင်း၊ ယာဉ်ပိတ်ဆို့ခြင်း၊ လမ်းချော်၍ ယာဉ်များချောက်ထဲပြုတ်ကျခြင်း အပါအဝင် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ မူဆယ်နှင့် ကွတ်ခိုင်ကြား အရှိန်ထိန်းသဲကွင်းများကို အိုရီယမ်တယ် ဟိုက်ဝေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက မော်တော်ယာဉ်များအတွက် အကူအညီဖြစ်စေမည့် အတားအဆီးများ ဆောင်ရွက်ရန် လမ်းညွှန်ချက်နှင့်အညီ ပါကျန့်လော့ခုံးဆင်း မိုင်တိုင်အမှတ် ၂၅၂/၂ မှ ၂၅၂/၄ အတွင်း အရှိန်ထိန်းသဲကွင်းနှင့် ဘန်ကာများတည်ဆောက်ပေးခဲ့ပြီး အန္တရာယ်ခုံးဆင်း အမှတ်အသားများ ထားရှိပေးခဲ့ကြောင်း စီမံကိန်းမန်နေဂျာ ဦးမျိုးအောင်က ပြောသည်။

ယင်းသဲကွင်း ဘန်ကာများကြောင့် ပါန်ကျန့်လော့အဆင်းတွင် စက်ချွတ်ယွင်းသည့် ကုန်တင်ယာဉ်များ တိမ်းမှောက်မှုရှိသော်လည်း အသက်အန္တရာယ်ဖြစ်ပွားမှု နည်းပါးခဲ့သည်။

"လက်ရှိအနေအထားအရ အရှိန်ထိန်းသဲကွင်းကို ပြင်ဦးလွင် ခုံးဆင်း၊ မူဆယ်နှင့် ကွတ်ခိုင်ကြား ပါန်ကျန့်လော့ ခုံးဆင်း၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကြား မြကန်သာ စက္ကူစက်အနီး ပြည်ထောင်စုလမ်းမကြီးဘေး စသဖြင့် စုစုပေါင်း သုံးခုကို နည်းစနစ်ကျကျ ပြုလုပ်ထားပြီးဖြစ်ပါတယ်။ နောက်ထပ်လည်း လိုအပ်သော နေရာများ၌ ပြုလုပ်နိုင်ဖို့ နေ့စဉ် လမ်းပိုင်းအခြေအနေကို ကြည့်ရှုလေ့လာနေပါတယ်"ဟု စီမံကိန်းမန်နေဂျာ ဦးမျိုးအောင်က ပြောသည်။ **သန့်ဇင်(မူဆယ်)**

# စစ်တွေမြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီးတစ်ဦးကို အမျိုးသားနှစ်ဦးက ဓားဖြင့်ထိုးသတ်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၃၀**

ရခိုင်ပြည်နယ် စစ်တွေမြို့မရဲစခန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ကြပ်ကြီး တစ်ဦးသည် ဇွန် ၂၉ ရက် ည ၈ နာရီ ၅ မိနစ်ခန့်တွင် စစ်တွေမြို့ မကျည်းမြိုင်ရပ်ကွက် အကွက်(၃) မဏိပူရလမ်းရှိ ၎င်း၏နေအိမ်သို့ပြန်လာစဉ် နေအိမ်အဝင်ဝ၌ အသင့်စောင့်ဆိုင်းနေသည့် အမျိုးသား(၂)ဦးက အသင့်ပါလာသော သံတုတ်၊ ဓားမြှောင်တို့ဖြင့် ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် ရရှိဒဏ်ရာများကြောင့် သေဆုံးခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

# တာချီလိတ်နှင့် ကွမ်းလုံမြို့နယ်တွင် မူးယစ်ဆေးဝါးများ လက်နက်/ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃၀**

ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ရေပူစမ်းကျေးရွာအနီးရှိ လှိုဏ်အတွင်းမှ စုစုပေါင်း ငွေကျပ်သိန်း ၂၆၉၄၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၈၀၀၀၀ ၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၁၁၄၈ ကီလို၊ အေကေ-၄၇ တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၂၅ တောင့်၊ ပွိုင့်-၂၂ နှစ်လက်၊ တစ်လုံးထိုးသေနတ် နှစ်လက်၊ ၎င်းကျည် ငါးတောင့်၊ နှစ်လုံးပြူးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာအုပ်စု ဖာဆန်ကျေးရွာ ကွမ်းလုံ-ကန်မိန်းသွား ကားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ရဲဇော်၊ ဝင်းခိုင်နှင့် နိုင်လင်းတို့ သုံးဦးအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ၊ မြန်မာငွေကျပ် ၁၅ သိန်းနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရန်ကုန်မြစ်ထဲပြုတ်ကျသွားသော တံတားတည်ဆောက်ရေးမှ တရုတ်နိုင်ငံသား၏ အလောင်းတွေ့ရှိ

**ရန်ကုန် ဇွန် ၃၀**

ဒလတံတား တည်ဆောက်ရေး ရေလယ်တိုင်ကို ပိုင်ရိုက်ရန် ဆောင်ရွက်နေစဉ် ရေထဲပြုတ်ကျပျောက်ဆုံးနေသည့် တရုတ်နိုင်ငံသား၏ ရုပ်အလောင်းကို ဒလမြို့နယ် သမ္ဗန်ဆိပ် နှစ်ခုကြားတွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒလမြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

ဇွန် ၂၈ ရက် ည ၉ နာရီက ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေး လုပ်ငန်းခွင် ရေလယ်တိုင် တည်ဆောက်ရေး တရုတ်ကုမ္ပဏီမှ ညဆိုင်း တံတားရေလယ်တိုင် တည်ဆောက်ရေးအဖွဲ့မှ အလုပ်သမားခေါင်းဆောင်နှင့် တရုတ်နိုင်ငံသား ၁၃ ဦးတို့သည် ရေလယ်တိုင် ပိုင်ရိုက်ရန် ဆောင်ရွက်နေစဉ် အလုပ်သမားခေါင်းဆောင် တရုတ်နိုင်ငံသား Zhang Jiangnan မှာ ခြေချော်၍ ရန်ကုန်မြစ်အတွင်း ရေထဲသို့ ပြုတ်ကျခဲ့ရာ အခင်းဖြစ်နေ့ ညပိုင်းမှစ၍ ရေကြောင်းရဲတပ်ဖွဲ့စု (ရန်ကုန်)နှင့် တံတားတည်ဆောက်ရေးအဖွဲ့တို့ပူးပေါင်း၍ ရန်ကုန်မြစ်အတွင်း ရှာဖွေခဲ့ကြသည်။

အဆိုပါ တရုတ်နိုင်ငံသား၏ ရုပ်အလောင်းကို ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် သမ္ဗန်ဆိပ်နှင့် ဗိုလ်ရန်ပြေရပ်ကွက် သမ္ဗန်ဆိပ်ကြားတွင် တွေ့ရှိခဲ့သဖြင့် ရေကြောင်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်မျိုးမင်းနှင့် ရဲတပ်ဖွဲ့ဝင်များက စက်လှေဖြင့် ဝါးတန်းဆိပ်ကမ်းမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# လာမည့်နှစ်တွင် ကူဝိတ်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အပြည့်အဝ ဖွင့်လှစ်နိုင်မည်

**ကူဝိတ်စီးတီး ဇွန် ၃၀**

၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်ကာ ကူဝိတ်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စီးပွားရေးလေကြောင်းလိုင်းများ အပြည့်အဝ ပြန်လည်ပြေးဆွဲခွင့်ပြုမည်ဟု ကူဝိတ်လေကြောင်းအာဏာပိုင်အဖွဲ့က ဇွန် ၃၀ ရက်တွင် ကြေညာခဲ့သည်။

ကူဝိတ်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စီးပွားရေးလေကြောင်းလိုင်းများ အပြည့်အဝ ပြန်လည်ပြေးဆွဲခွင့်ပြုရေးနှင့်ပတ်သက်ပြီး အသေးစိတ် အကြောင်းအရာများကို လေကြောင်းအာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ်ရုံးက ကြေညာခဲ့ခြင်းဖြစ်သည်။

ကိုဗစ် – ၁၉ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် မတ် ၁၃ ရက်မှစတင်ကာ ကူဝိတ်နိုင်ငံသည် စီးပွားရေးလေကြောင်းလိုင်းအားလုံးကို ဆိုင်းငံ့ခဲ့သည်။ ဇွန် ၂၅ ရက်တွင် ပုံမှန်လူနေထိုင်မှုဘဝ ပြန်လည်ရရှိရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကူဝိတ်နိုင်ငံသည် ဒုတိယအဆင့်ဖြေလျှော့မှုပြုလုပ်နိုင်ရေးအတွက် ဆုံးဖြတ်ခဲ့သည်။

ဒုတိယအဆင့် ဖြေလျှော့မှုမှာ ဇွန် ၃၀ ရက်မှစတင်ပြီး သုံးပတ်ခန့် ကြာမြင့်မည်ဖြစ်သည်။ ဒုတိယအဆင့် ဖြေလျှော့မှုတွင် ပုဂ္ဂလိကနှင့် အစိုးရလုပ်ငန်းများသည် ၃၀ ရာခိုင်နှုန်းပမာဏဖြင့် ပြန်လည်လည်ပတ်ခွင့် ရမည်ဖြစ်သည်။ ထို့ပြင် ဘဏ္ဍာရေးကဏ္ဍများ၊ ဈေးဝယ်စင်တာများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လက်ကားဆိုင်ကြီးများ၊ ပန်းခြံများနှင့် စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့်ရမည်ဖြစ်သည်။

ကိုဗစ် – ၁၉ တိုက်ဖျက်ရေးတွင် ကူဝိတ်နိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် အပြန်အလှန် ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြပြီး ကိုဗစ် – ၁၉ စတင်ဖြစ်ပွားစဉ်ကာလကလည်း ကူဝိတ်နိုင်ငံသည် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာသုံးသန်းတန် ဆေးပစ္စည်းများထောက်ပံ့ပေးခဲ့သည်။

ဧပြီ ၂၇ ရက်ကလည်း တရုတ်မှ ဆေးဝါးကျွမ်းကျင်သူများသည် ကူဝိတ်နိုင်ငံသို့ လာရောက်ကာ ကိုဗစ်– ၁၉ တိုက်ဖျက်ရေးအတွက် ကူညီမှုများ လုပ်ဆောင်ပေးခဲ့သည်။

**ဆင်ဟွာ**



ကူဝိတ်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။

# အနာဂတ်တွင် ကိုဗစ်– ၁၉ နှင့် အသားကျသော နေထိုင်မှုပုံစံဖြင့် နေထိုင်ကြရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော

**ဂျီနီဗာ ဇွန် ၃၀**

ကမ္ဘာနှင့်တစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၀ သန်းကျော်လာပြီး သေဆုံးသူ ၅၀၀၀၀၀ ကျော် ရောက်လာချိန်တွင် ကိုဗစ်– ၁၉နှင့် နေထိုင်နေရသော နိုင်ငံများအားလုံး လာမည့်လများအတွင်း ပုံမှန်ဘဝကို ပုံစံသစ်ဖြင့် နေထိုင်ရှင်သန်ကြရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြောကြားလိုက်သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် အက်ဒါနွန်ဂီဘရီယက်စ်ဆုစ်

လာမည့်လများအတွင်း ကမ္ဘာ့နိုင်ငံများအားလုံး ကိုဗစ်– ၁၉နှင့် အသားကျသော နေထိုင်မှုပုံစံဖြင့် နေထိုင်ကြရနိုင်ကြောင်း၊ ယင်းသည် ပင်လျှင် ပုံမှန်ဘဝကို ပုံစံသစ်တစ်မျိုးဖြင့် နေထိုင်ရှင်သန်ကြည့်ခြင်းတစ်မျိုးပင်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အတွင်းရေးမှူးချုပ် တက်ဒရော့စ်အက်ဒါနွန် ဂီဘရီယက်စ်ဆုစ်က ပြောကြားလိုက်သည်။

ကိုဗစ်–၁၉ ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် နိုင်ငံအများစု အနေဖြင့် တိုးတက်မှုများရှိသော်လည်း ကိုဗစ်–၁၉ ကပ်ရောဂါကူးစက်မှုသည် ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် အရှိန်အဟုန်ဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ နောက်ဆုံး ထုတ်ပြန်လိုက်သော ကိန်းဂဏန်းများအရ ကမ္ဘာ့လူဦးရေ ၁၀၀၂၁၄၀၁ ဦး ကိုဗစ်– ၁၉ ကူးစက်ခံထားရကြောင်းနှင့် ကူးစက်ခံထားရသူများအနက် ၅၀၅၄၅၅ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ခြောက်လက ဗိုင်းရပ်စ်အသစ်ကြောင့် မိမိတို့တွေထဲက မည်သူမှု ဒီလိုမျိုးဆိုးရွားမှုတွေ ဖြစ်လာမည်ဟု ထင်မထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ပြောကြားလိုက်သည်။

ကပ်ရောဂါသည် လူသားမျိုးနွယ်အတွက် အဆိုးဆုံးနှင့် အကောင်းဆုံးကို ယူဆောင်လာခဲ့ခြင်းဖြစ်သည်ဟု တက်ဒရော့စ်က ပြောသည်။ ကမ္ဘာ အနှံ့ကြံ့ကြံ့ခံမှု၊ တီထွင်ဆန်းသစ်မှု၊ စည်းလုံးညီညွတ်မှု၊ မေတ္တာတရားများကို အခြေခံသည့် ဆောင်ရွက်ချက်များကို တွေ့မြင်ရကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၆၄ ဦးအထိမြင့်တက်

**ဒါကာ ဇွန် ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန် ၃၀ ရက်တွင် ကိုဗစ်– ၁၉ ကူးစက်ခံရမှုကြောင့် တစ်ရက်အတွင်း သေဆုံးသူ ၆၄ ဦးအထိ ပေါ်ထွက်လာကြောင်း သိရသည်။ ယင်းပမာဏသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်မှု စတင်ဖြစ်ပွားခဲ့သည့် မတ် ၈ ရက်မှစတင်ကာ တစ်ရက်အတွင်း အမြင့်ဆုံးရောဂါကူးစက်မှုပမာဏဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

တစ်ရက်အတွင်း ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၆၄ ဦးအထိ ထွက်ပေါ်လာပြီးနောက် သေဆုံးသူအရေအတွက် စုစုပေါင်း ၁၈၄၇ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်းအရာရှိ နာဆီမာစူလ်တန်နာက ပြောကြားခဲ့သည်။

အာဏာပိုင်များ၏ ဖော်ပြချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူ အတည်ပြုလူနာအရေအတွက် ၁၄၅၄၈၃ ဦးအထိ ရှိလာပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ်ရောဂါကူးစက်ခံရသူ ၃၆၈၂ ဦးရှိကြောင်း သိရသည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်သက်သာလာသည့် လူနာအရေအတွက် ၅၉၆၂၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# စင်ကာပူနိုင်ငံ၏ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများစတင်

**စင်ကာပူ ဇွန် ၃၀**

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများကို ဇွန် ၃၀ ရက်တွင် စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ စင်ကာပူပါလီမန်လွှတ်တော်ရှိ ရာထူးနေရာ ၉၃ ခုတို့တွင် အနိုင်ရရှိရေးအတွက် ကိုယ်စားလှယ်လောင်း ၂၀၀ ခန့်တို့ အပြိုင်အဆိုင် ကြိုးစားလျက်ရှိသည်။

**နိုင်ငံနှင့် သက်ဆိုင်သည့် အရေးအကြီးဆုံးကိစ္စရပ်**

ငါးနှစ်အတွင်း ပထမဆုံးအကြိမ် မဲပေးမှုအဖြစ် လာမည့်ဇူလိုင် ၁၀ ရက်တွင် စင်ကာပူပြည်သူများ မဲရုံသို့ လာရောက်ကြတော့မည်ဖြစ်သည်။ စင်ကာပူနိုင်ငံ၏ လတ်တလောရင်ဆိုင်နေရသည့် အကျပ်အတည်းကာလတွင် နိုင်ငံနှင့် သက်ဆိုင်သည့် အရေးအကြီးဆုံးကိစ္စရပ်များအတွက် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဖြစ်ကြောင်း စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းက ပြောကြားခဲ့သည်။

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ကာလကြာရှည် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့ပြီးနောက်တွင် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်အကြာတွင် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုများ စတင်လာခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ဇွန် ၃၀ ရက်က ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၂၄၆ ဦး ရှိပြီး စုစုပေါင်း ရောဂါကူးစက်ဖြစ်ပွားသူ ၄၃၀၀၀ ကျော်ရှိလာကြောင်း သိရသည်။

**စီးပွားရေးကို ပြင်းပြင်းထန်ထန် ထိခိုက်ခဲ့**

ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် စင်ကာပူ၏ စီးပွားရေးကို ပြင်းပြင်းထန်ထန်ထိခိုက်ခဲ့ရာ အစိုးရက ယခုနှစ် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို သိသိသာသာ လျှော့ချထားသည်။

**အင်န်အိတ်ချ်ကေ**

# အီရန်စစ်တပ်ကို ဆီးရီးယားနိုင်ငံထဲသို့ ဆွဲမသွင်းရန် သမ္မတအာဆတ်ကို အစ္စရေးဝန်ကြီးချုပ်သတိပေး

**ဒမတ်စကတ် ဇွန် ၃၀**

အီရန်တပ်ဖွဲ့ဝင်များကို ဆီးရီးယားနိုင်ငံ၌ တပ်စွဲခွင့် ပြုခဲ့လျှင် ဆီးရီးယားနိုင်ငံ၏ အနာဂတ်ကို ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို သတိပေးလိုက်ကြောင်း သိရသည်။

ဆီးရီးယား၌ အီရန်က စစ်တပ်တစ်ခု ထူထောင်ခြင်းကို ကျွန်ုပ်တို့က ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း အီရန်အရေးနှင့် မူဝါဒနှင့် ပတ်သက်သည့် အမေရိကန် အထူးကိုယ်စားလှယ် ဘရီယန်ဟွတ်ခ်ထံ အလည်အပတ်ရောက်ရှိခဲ့စဉ်အတွင်း ဝန်ကြီးချုပ် နေတန်ယာဟုက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဘရီယန်ဟွတ်ခ်နှင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုတို့သည် အီရန်နိုင်ငံအပေါ် လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးရန် တောင်းဆိုထားသည်။ အီရန်၏ လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်ထားမှုသည် လာမည့် အောက်တိုဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံက အိမ်နီးချင်း ဆီးရီးယားနိုင်ငံမှနေ၍ အစ္စရေးနိုင်ငံကို ဆန့်ကျင်သည့် ရှေ့တန်းစစ်မျက်နှာ ထူထောင်မှုနှင့် နောက်ထပ် အကြမ်းဖက်လုပ်ရပ်များ ဖန်တီး မှုကို ကာကွယ်တားဆီးရန် အစ္စရေးက လိုအပ်သည့် အရေးယူဆောင်ရွက်မှု မှန်သမျှကို ဆက်လက်လုပ်ဆောင်မည်ဟု အီရန်ကို အသိပေးလိုက်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

# ကိုဗစ် – ၁၉ လူနာတစ်ဦးလျှင် ရမ်ဒီဆီဗာဆေးအတွက် အမေရိကန်ဒေါ်လာ ၂၃၄၀ ကုန်ကျမည်

**နယူးယောက် ဇွန် ၃၀**

ရမ်ဒီဆီဗာဆေးတန်ဖိုး သတ်မှတ်ထားပြီး ကိုဗစ် – ၁၉ ကူးစက်ခံရသူလူနာတစ်ဦးကို အဆိုပါဆေးဖြင့် ကုသလျှင် အမေရိကန်ဒေါ်လာ ၂၃၄၀ ခန့်ကျသင့်မည်ဟုသိရသည်။

ယင်းဆေးဝါးကို အမေရိကန်အခြေစိုက် ဆေးကုမ္ပဏီဖြစ်သည့် Gilead Sciences က ထုတ်လုပ်ထားသည်။ ကုမ္ပဏီဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ ဒန်နီရယ်အိုဒေးက ရမ်ဒီဆီဗာဆေးအတွက် ငွေကြေးတန်ဖိုးကို ဇွန် ၂၉ ရက်က သတ်မှတ်ခဲ့ပြီး အမေရိကန်အပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ဆေးတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၃၉၀ ကျသင့်မည်ဖြစ်သည်။

လက်ရှိကုသနေသည့် ပုံစံအပေါ် အခြေခံကာ လူနာများသည် ငါးရက်စာကုသမှုအတွက် ရမ်ဒီဆီဗာဆေးခြောက်ပုလင်းဖြင့် ကုသမှုခံယူရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းဆေးဝါးကို အသုံးပြုခြင်းအားဖြင့် ပြန်လည်နာလန်ထူမည့် အချိန်ကာလကိုတိုတောင်းစေမည်ဖြစ်ပြီး ပျမ်းမျှအားဖြင့် နာလန်ထမည့်အချိန်ကို လေးရက်ဟု ခန့်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် လူတစ်ဦးဆေးရုံမှ စောစီးစွာဆင်းလျှင် ဒေါ်လာ ၁၂၀၀၀ ခန့် ကုန်ကျစရိတ် သက်သာမည်ဖြစ်သည်။ ယင်းအချက်ပေါ် အခြေခံကာ ရမ်ဒီဆီဗာဆေးအတွက် ကုန်ကျစရိတ်ကို သတ်မှတ်ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသည် မေလအတွင်းမှစတင်ကာ လူနာများတွင် ရမ်ဒီဆီဗာဆေးကို အသုံးပြုရန် ထောက်ခံခဲ့သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်ကျစရိတ် သက်သာစွာဖြင့် ထုတ်လုပ်နိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း သဘောတူညီချက်ရရန်နီးစပ်နေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ရမ်ဒီဆီဗာဆေးထုတ်လုပ်နေမှုကို တွေ့ရစဉ်။

# ထိုင်းနိုင်ငံက နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပိတ်ပင်ထားမှုကို ဇူလိုင် ၁ ရက်တွင် ဖယ်ရှားမည်



ထိုင်းနိုင်ငံရှိ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဇွန် ၃၀ ရက်က ခရီးသည်များသွားလာလှုပ်ရှားမှုကို တွေ့ရစဉ်။

**ဘန်ကောက် ဇွန် ၃၀**

ထိုင်းနိုင်ငံတွင် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပျံသန်းခွင့် ပိတ်ပင်ထားမှုကို ဇူလိုင် ၁ ရက်မှ စတင်ကာ ဖယ်ရှားပေးမည်ဖြစ်ကြောင်း ပြည်တွင်းလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

သို့ရာတွင် ထိုင်းနိုင်ငံသို့ ဝင်ရောက်လာမည့် လေယာဉ်များနှင့် စီးနင်းလိုက်ပါလာသူ ခရီးသည်များအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဥပဒေ၊ ကူးစက်ပျံ့နှံ့လွယ်သည့် ရောဂါဆိုင်ရာဥပဒေ၊ လေကြောင်းသွားလာမှုဆိုင်ရာဥပဒေနှင့် အရေးပေါ် အခြေအနေဆိုင်ရာ အမိန့်ထုတ်ပြန်ချက် စည်းမျဉ်းစည်းကမ်းများ၊ အချိန်ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း လေကြောင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံအစိုးရက ဇွန် ၂၉ ရက် အစောပိုင်းတွင် ထိုင်းနိုင်ငံသို့ စီးပွားရေးလုပ်ငန်းအရ ခရီးသွားလာသူများ၊ ပြည်ပနိုင်ငံသားများနှင့် ၎င်းတို့၏ မိသားစုများအတွက် လုပ်ငန်းခွင့်ပြုချက်နှင့် နိုင်ငံအတွင်းနေထိုင်ခွင့်ကို အတည်ပြုလိုက်ပြီးနောက်တွင် ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့အစည်း၏ ယခု ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လေဆိပ်များနှင့် လေကြောင်းကုမ္ပဏီများသည် ပြီးခဲ့သည့်ဧပြီလအတွင်း ခရီးသွားလာမှုပိတ်ပင်လိုက်မှုကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

**ဘန်ကောက်ပို့စ်**

## တရုတ်နိုင်ငံသို့ နိုင်ငံတကာလေကြောင်း ပြေးဆွဲမှုများ ပြန်လည်စတင်

**ပေကျင်း ဇွန် ၃၀**

ကိုဗစ်– ၁၉ နှင့် သက်ဆိုင်သော လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းနှင့်အတူ တရုတ်နိုင်ငံသို့ နိုင်ငံတကာလေကြောင်း ပြေးဆွဲမှုများ ပြန်လည်စတင်နေပြီ ဖြစ်ကြောင်း သိရသည်။

**ပြန်စနိုင်ရန်စီစဉ်**

ဂျာမနီ လေကြောင်းလိုင်း လုဖ်သင်ဇာသည် ဇူလိုင် ၁ ရက်မှစပြီး တစ်ပတ်လျှင် တစ်ကြိမ် ဖရန့်ဖတ်မြို့နှင့် ရှန်ဟိုင်းမြို့ကြား ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်နိုင်ရန် စီစဉ်ထားကြောင်းနှင့် ကူးစက်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း လအနည်းငယ်အကြာတွင် အဆိုပါ မြို့နှစ်မြို့အကြား ပထမဆုံး လေကြောင်း ပြေးဆွဲမှုဖြစ်သည်။

**မျှော်လင့်ထား**

ဩစတြေးလျနှင့် ဆွစ်ဇာလန်၊ တရုတ် လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှုများကို လာမည့် ရက်သတ္တပတ်များတွင် ပြန်လည်စတင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**လျှော့ပေါ့ပေးခဲ့**

ပြည်တွင်း၌ ကိုဗစ်– ၁၉ အခြေအနေတိုးတက်မှုရှိလာခြင်းနှင့်အတူ တရုတ်နိုင်ငံအနေဖြင့် မတ်လကုန်ပိုင်းတွင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတကာမှ ဝင်ရောက်လာသူများကို ဟန့်တားခြင်း အစီအစဉ်တစ်ခုဖြစ်သော လေကြောင်းလိုင်းတစ်ခုချင်းစီအတွက် ခရီးစဉ်ပျံသန်းပြေးဆွဲမှု တစ်ပတ်လျှင် တစ်ကြိမ် ဝင်ရောက်ခွင့်ပြုသည့် ဖိုက်ဝမ်းမူဝါဒကို မိတ်ဆက်ပေးခဲ့ပြီး လေကြောင်းကန့်သတ်ချက်များကို ဇွန်လအစောပိုင်းတွင် စတင် လျှော့ပေါ့ပေးခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## အမေရိကန် သမ္မတထရမ့်ကို အီရန်နိုင်ငံက ဖမ်းဝရမ်းထုတ်

**တီဟီရန် ဇွန် ၃၀**

အီရန်ထိပ်တန်း ဗိုလ်ချုပ်တစ်ဦးကို သတ်ဖြတ်မှုတွင် ပါဝင်သည့် လူပေါင်း ၃၅ ဦးနှင့် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်တို့ကို အီရန်နိုင်ငံက ဖမ်းဝရမ်းထုတ်ခဲ့ကြောင်းသိရသည်။

ကာဆမ်ဆူလေမန်နီသည် အီရန်တော်လှန်ရေးအစောင့်တပ်၏ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၎င်းသည် ဇန်နဝါရီလအတွင်းက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတထရမ့်နှင့် အခြား၃၅ ဦးတို့ကို ဇွန် ၂၉ ရက်တွင် ဖမ်းဝရမ်းထုတ်ခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတထရမ့်၊ အမေရိကန်တပ်ဖွဲ့ခေါင်းဆောင်များနှင့် အရပ်သားအရာရှိများသည် အလိုရှိသည့်စာရင်းတွင်ပါဝင်ပြီး နောက်ထပ်အသေးစိတ်အချက်အလက်များကိုမူ ဖော်ပြခြင်းမရှိပေ။

ဆူလေမန်နီ အသတ်ခံရပြီးနောက် အိမ်နီးချင်း အီရတ်နိုင်ငံရှိ အမေရိကန် စစ်အခြေစိုက်စခန်းကို ပစ်မှတ်ထားကာ အီရန်ဘက်မှ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက်ပိုင်းတွင် အမေရိကန်နှင့် အီရန်ကြား တင်းမာမှု မြင့်တက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံဖြစ်ပွားမှု များပြားလာသော်လည်း အရေးပေါ်အခြေအနေထုတ်ပြန်ရန်မရှိဟု အတွင်းဝန်ချုပ်ပြော

**တိုကျို ဇွန် ၃၀**

ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် စုဂါယိုရှီဟိဒဲ့က တိုကျိုတွင် ကိုဗစ် –၁၉ ကူးစက်ပြန့်ပွားမှု ထပ်မံဖြစ်သည့် အရေအတွက် များပြားလာသော်လည်း အစိုးရအနေဖြင့် အရေးပေါ်အခြေအနေကို အလျင်စလို ထုတ်ပြန်ရန် အစီအစဉ်မရှိကြောင်း ပြောကြားလိုက်သည်။

မစ္စတာစုဂါက သတင်းထောက်များကို ဇွန် ၂၉ ရက်က ပြောကြားရာတွင် တိုကျို၌ ကိုဗစ်– ၁၉ ထပ်မံကူးစက်ပြန့်ပွားမှုအဆင့်တစ်ခုအထိ ရောက်လာခြင်းကို လတ်တလောတွင် အတည်ပြုနိုင်ခဲ့ခြင်းသည် ကူးစက်ခံရသူများနှင့် နီးကပ်သည့် ဆက်ဆံမှုရှိသူများကို စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်နိုင်ခြင်း၏ အကျိုးရလဒ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း တိုကျိုတွင် အသစ်ကူးစက်ခံရသူ ၆၀ ကျော်ရှိခဲ့သည်ဟု အတည်ပြုခဲ့သည်။ အဆိုပါပမာဏသည် နိုင်ငံတော်အရေးပေါ်အခြေအနေကို အပြည့်အဝပြန်လည်ရုပ်သိမ်းခဲ့သည့် မေ ၂၅ ရက် နှောင်းပိုင်း နေ့စဉ်ကူးစက်မှု အရေအတွက်ထဲတွင် အများဆုံးဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် ဂျပန်နိုင်ငံတစ်ဝန်းလုံး အတည်ပြုခဲ့သည့် နေ့စဉ်ကူးစက်မှုသည် ၁၀၀ ကျော်ခန့် ရှိမည်ဖြစ်သည်။

လတ်တလောတွင် အရေးပေါ် အခြေအနေကို အမြန်ထုတ်ပြန်ရန် သို့မဟုတ် ပြည်သူများကို ခရိုင်တစ်ခုမှ တခြားခရိုင်တစ်ခုသို့ ကူးသန်းသွားလာခြင်းကို ရှောင်ကြဉ်ရေး မေတ္တာရပ်ခံရန် မလိုအပ်သေးဟု ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဗဟိုအစိုးရသည် ဒေသန္တရအစိုးရအဖွဲ့များနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဒေသတစ်ခုချင်းစီ၏ ကူးစက်မှုအခြေအနေများကို စောင့်ကြည့်ပြီး လူမှုရေးနှင့် စီးပွားရေးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်ခွင့် ပြုသွားမည် ဖြစ်သကဲ့သို့ ဗိုင်းရပ်စ် ပြန့်ပွားမှုမှ ကာကွယ်တားဆီးရန် ကြိုးစားသွားမည်ဖြစ်ကြောင်း မစ္စတာစုဂါက ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်အတွင်းဝန်ချုပ် စုဂါယိုရှီဟိဒဲ့

# ပြီးဆုံးဖို့ မဖြစ်နိုင်သေးတဲ့ ကိုရိုနာ

## ထွန်းသစ်စ

**ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေဟာ သန်းတစ်ဝက် ကျော်လွန်လာသလို လက်တင်အမေရိကနဲ့ အမေရိကန်ပြည်ထောင်စုမှာ ကူးစက်ဖြစ်ပွားမှု မြင့်တက်နေသေးတဲ့အတွက် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဟာ ပြီးဆုံးဖို့ မနီးစပ်နိုင်သေးပါဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေးလိုက်ပါတယ်။ နောက်ထပ် စိတ်ပျက်ဖွယ်ရာ သမိုင်းတွင်ရစ်တာကတော့ ကမ္ဘာနဲ့တစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရတဲ့သူအရေအတွက် ဆယ်သန်းကျော်လွန်လာတာပဲဖြစ်ပါတယ်။ တချို့ကမ္ဘာ့နိုင်ငံတွေမှာဆိုရင် စီးပွားရေးကို အကြီးအကျယ်ထိခိုက်စေတဲ့ ကန့်သတ်ပိတ်ဆို့မှုတွေတောင် ပြန်လည်လုပ်ဆောင်နေကြပါတယ်။**



### ဒါကိုပြီးဆုံးစေချင်တယ်

"ကျွန်တော်တို့အားလုံး ဒါကိုပြီးဆုံးစေချင်ပါတယ်။ ကျွန်တော်တို့အားလုံး ဘဝမှာအဆင်ပြေချင်ကြတယ်" လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်က ပြောပါတယ်။

သို့သော်လည်း တကယ့်လက်ရှိမှာတော့ ဒါက ပြီးဆုံးဖို့ မနီးစပ်သေးပါဘူး။ တချို့ကမ္ဘာ့နိုင်ငံတွေမှာ တိုးတက်မှုတွေရှိသော်လည်း ကမ္ဘာလုံးအတိုင်းအတာနဲ့ဆိုရင်တော့ ကူးစက်မှုအရှိန်မြင့်နေတုန်းပဲလို့ သူက ဆက်ပြောပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဟာ လွန်ခဲ့တဲ့ခြောက်လလောက်က တရုတ်နိုင်ငံမှာ စတင်ပေါ်ပေါက်လာခဲ့တာပါ။ ဒါကြောင့် သူ့ရဲ့ မူရင်းဇာစ်မြစ်ကိုရှာဖွေဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လာမယ့်သီတင်းပတ်ထဲမှာ တရုတ်နိုင်ငံကို အဖွဲ့တစ်ဖွဲ့ စေလွှတ်သွားမယ်လို့ ပြောပါတယ်။

### လေးပုံပုံတစ်ပုံနီးပါးရောက်လာ

ကိုဗစ် – ၁၉ ဟာ အမေရိကန်ပြည်ထောင်စုတစ်ခုလုံးကို ဝင်ရောက်မွှေနှောက်လျက်ရှိတုန်းပါ။ အခုဆိုရင် အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၂၅၀၀၀ ကျော်လာပါပြီ။ ထို့အတူ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူပေါင်းဟာလည်း ၂ ဒသမ ၅ သန်းကျော်လွန်လာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်–၁၉ သေဆုံး၊ ကူးစက်မှုအရေအတွက်ဟာ ကမ္ဘာကြီးရဲ့ ကိုဗစ်–၁၉ ဖြစ်စဉ် စုစုပေါင်းရဲ့ လေးပုံတစ်ပုံနီးပါး ရောက်ရှိလာပြီ ဖြစ်ပါတယ်။ ဒါတောင်ပြီးဆုံးမယ့် လက္ခဏာမပြသေးပါဘူး။

အမေရိကန်ပြည်ထောင်စုရဲ့ ပြည်နယ်အများစုမှာရှိတဲ့ စားသောက်ဆိုင်တွေနဲ့ ဘားတွေကို ပြန်လည်ကန့်သတ်ပိတ်ဆို့ဖို့ တောင်းဆိုနေကြပါပြီ။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်လည်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်မှုနဲ့ပတ်သက်ပြီး ဝေဖန်ခံနေရပါတယ်။

### နိုင်ငံတံခါးပေါက်ကို ပိတ်ရမယ်

ထရမ့်အစိုးရရဲ့ ကျန်းမာရေးဝန်ကြီးကတော့ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေကို ထိန်းချုပ်ဖို့ နိုင်ငံတံခါးပေါက်ကို ပိတ်ရမယ်လို့ သတိပေးလိုက်ပါတယ်။ သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ ဒီအကျပ်အတည်းကို မောင်းထုတ်တဲ့အနေနဲ့ ဗာဂျီးနီးယားမှာရှိတဲ့ သူ့ရဲ့ဂေါက်ကွင်းမှာ ဂေါက်သွားကစားခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူ့အနေနဲ့ ပါးစပ်နှာခေါင်းစည်းကို အမြဲတော့ မရှောင်လွှဲနိုင်ခဲ့ပါဘူး။ ဖလော်ရီဒါပြည်နယ်ရဲ့ အကြီးဆုံးမြို့ဖြစ်တဲ့ ဂျက်ဆွန်ဗီလီမှာ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက် ကြေညာလိုက်ပါတယ်။

### နာကျင်မှုကြီးကြီးမားမားခံစား

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကို အဆိုးဆုံးခံစားနေရတဲ့နောက်ထပ် ကမ္ဘာ့နိုင်ငံတစ်ခုကတော့ ဘရာဇီးနိုင်ငံဖြစ်ပါတယ်။ ဘရာဇီးမှာ တစ်ပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူအရေအတွက်ဟာ ၂၅၉၁၀၅ ဦးရှိခဲ့ပါတယ်။ ဒါကို ကိုဗစ်–၁၉ ကာလတစ်လျှောက်လုံးမှာ အမြင့်ဆုံးကူးစက်ခံရတဲ့ သီတင်းပတ်တစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။ ဘရာဇီးနိုင်ငံတစ်ဝန်းရှိ မြို့များတွင် သမ္မတ ဂျာဘော်ဆိုနာရိုကို ဆန့်ကျင်ဆန္ဒပြသူများ စုဝေးရာမှတစ်ဆင့် ကိုဗစ်–၁၉ ကူးစက်ခံခဲ့ရတာဖြစ်ပါတယ်။ ဘရာဇီးသမ္မတ ဂျာဘော်ဆိုနာရိုက ကိုဗစ်–၁၉ ကပ်ရောဂါကို မဖြစ်စလောက်တုပ်ကွေး အပျော့စားအဖြစ် တင်စားပြောဆိုခဲ့ကာ အိမ်တွင်းဌ်သာ နေထိုင်ရန် ဆောင်ရွက်ချက်များကို ဆန့်ကျင်ခဲ့ပါတယ်။

**ဘရာဇီးမှာ တစ်ပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ အရေအတွက်ဟာ ၂၅၉၁၀၅ ဦးရှိခဲ့ပါတယ်။ ဒါကို ကိုဗစ်–၁၉ ကာလတစ်လျှောက်လုံးမှာ အမြင့်ဆုံးကူးစက်ခံရတဲ့ သီတင်းပတ်တစ်ခုအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။**

ဘရာဇီးနိုင်ငံဟာ ကိုဗစ်–၁၉ ကြောင့် နာကျင်မှုကြီးကြီးမားမားကို ခံစားနေရကြောင်း မြို့တော်ဘရာဆီးလီးယားရှိ ဆန္ဒပြပွဲစည်းရုံးဆော်သြသူများက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မှာ ဘားများ ပိတ်ထားခိုင်းလိုက်ပေမယ့် အိုင်ယာလန်နိုင်ငံရဲ့ ဘားများကို သီတင်းပတ် ၁၅ ပတ်ကြာပြီးနောက်မှာ ပထမဆုံး ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ ကမ္ဘာ့ကိုရိုနာဗိုင်းရပ်စ် အဆိုးရွားဆုံးထိခိုက်တဲ့ ဥရောပမှာတော့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတွေ ကျဆင်းလာပြီးတဲ့နောက်မှာ စီးပွားရေးတွေ ပြန်လည်ဖွင့်လှစ်လာခဲ့ပါပြီ။

### ဖျက်သိမ်းခဲ့ရတယ်

ဗြိတိန်မှာလည်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က သူ့နိုင်ငံမှာ ကိုဗစ်–၁၉ကူညီကယ်ဆယ်ရေးအစီအစဉ်တစ်ခုကို စတင်ခဲ့သလို သူ့အစိုးရဟာလည်း ဘားတွေနဲ့ စားသောက်ဆိုင်တွေကို ဇူလိုင် ၄ ရက်မှာ ပြန်ဖွင့်ခွင့်ပြုဖို့ စီစဉ်နေပါတယ်။ သို့သော်လည်း ဇွန် ၂၉ ရက်က အင်္ဂလန်နိုင်ငံအလယ်ပိုင်း လီဆက်စတာမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားခဲ့တဲ့အတွက် အဲဒီမှာရှိတဲ့ ကျောင်းတွေနဲ့၊ ဆိုင်တွေကို ပြန်ပိတ်ဖို့အတွက် အမိန့်ထုတ်ပြန်ထားပါတယ်။

တစ်ချိန်တည်းမှာပဲ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နဲ့ ပြင်သစ်သမ္မတ မက်ခရွန်က ဥရောပသမဂ္ဂအတွက် ထိရောက်အကျိုးရှိတဲ့ ပြန်လည်ထူထောင်ရေး ရန်ပုံငွေရဖို့ တိုက်တွန်းပြောကြားထားပါတယ်။ ကိုဗစ်–၁၉ ဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ကိုင်တွယ်တဲ့အပေါ် ဂျာမနီနိုင်ငံဟာ ချီးကျူးခံရသလို ကိုဗစ်–၁၉ ကြောင့် သားသတ်ရုံလိုဖြစ်ခဲ့ရတဲ့ ရိုင်းမြောက်ပိုင်း ဝက်စ်ဖေးလီးယားပြည်နယ်မှာ ကန့်သတ်ပိတ်ဆို့မှုတွေကို တိုးမြှင့်လိုက်ပါတယ်။

ဆွစ်ဇာလန်နိုင်ငံမှာလည်း ၂၀၂၁ ဂျီနီဗာအပြည်ပြည်ဆိုင်ရာ ကားအရောင်းပွဲတော်ကို ဖျက်သိမ်းခဲ့ရတယ်လို့ ပွဲစီစဉ်သူများက ပြောပါတယ်။

### ပါးစပ်နှာခေါင်းစည်းတပ်ရမယ်

ဆေးရုံတွေမှာ ခုတင်တွေတောင် မလောက်တော့ဘူးလို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက သတိပေးပြောကြားလိုက်ပြီးနောက်မှာ ကာဇက်စတန်သမ္မတဟာ ဇွန် ၂၉ ရက်မှာ ကန့်သတ်ပိတ်ဆို့မှုတွေ ပြန်လုပ်ဖို့ အမိန့်ထုတ်ပြန်ခဲ့ရပါတယ်။ ကိုဗစ်–၁၉ နောက်တစ်ခါမြင့်တက်လာတဲ့ ဆားဘီးယားနိုင်ငံမှာလည်း ကန့်သတ်ပိတ်ဆို့နေရာတွေနဲ့ လူစုလူဝေးတွေမှာ ပါးစပ်နှာခေါင်းစည်းတွေ မဖြစ်မနေတပ်ဆင်ဖို့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်တဲ့အနေနဲ့ တရုတ်နိုင်ငံ ပေကျင်းအနီးဝန်းကျင်ဒေသမှာရှိတဲ့ လူသန်းထက်ဝက်လောက်ကိုလည်း တင်းကျပ်တဲ့ ကန့်သတ်ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဇူလိုင် ၂၉ ရက်မှာ အရှေ့အလယ်ပိုင်းရဲ့ ကိုဗစ်–၁၉ ဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရတဲ့ အီရန်နိုင်ငံမှာ ကိုဗစ်ကြောင့် ၁၆၂ ဦးသေဆုံးခဲ့တယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒါဟာ အီရန်နိုင်ငံမှာ တစ်နေ့တည်း ကိုဗစ်–၁၉ ကြောင့် သေဆုံးခဲ့တဲ့သူ အရေအတွက်အများဆုံးအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။ အဲဒီမတိုင်ခင် တစ်ရက်က အီရန်နိုင်ငံအတွင်း လူစုလူဝေးလုပ်တဲ့အခါမှာ ပါးစပ်နှာခေါင်းစည်းတွေ တပ်ရမယ်ဆိုပြီး အမိန့်တစ်ခုထုတ်ပြန်ခဲ့ပါတယ်။

### ဘာများတတ်နိုင်ပါဦးမလဲ

ကိုဗစ်–၁၉ အဖြစ်များနေတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ တောင်ပိုင်းနှင့် အနောက်ပိုင်းမှာရှိတဲ့ ပြည်နယ်ခေါင်းဆောင်တွေက စီးပွားရေးလုပ်ငန်းတွေ စောစောစီးစီးပြန်ဖွင့်ဖို့ အလျင်လိုနေကြပါတယ်။ အတိုက်အခံဒီမိုကရက်တွေက သမ္မတထရမ့်ကို ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး သတိပေးချက်တွေ ထပ်ထုတ်ဖို့ တိုက်တွန်းပြောကြားထားပါတယ်။ သို့သော်လည်း အိမ်ဖြူတော်မီဒီယာတာဝန်ခံ ကေလတ်မက်အန်နနီက သမ္မတထရမ့်အနေနဲ့ အဲဒီလိုလုပ်ဖို့ စိတ်မဝင်စားဘူးလို့ ဇွန် ၂၉ ရက်က ပြောပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဒါတွေဟာ မီးစတွေပဲလို့ မကြာခဏပြောလေ့ရှိသလို ကုသခြင်းဟာ ပြဿနာထက်မဆိုးဘူးလို့ ပြောတယ်လို့ အိမ်ဖြူတော်မီဒီယာတာဝန်ခံက သည်ဖောက်စ်နယူးစ်ကို ပြောကြားလိုက်ပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း နိုင်ငံလုံးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုတွေ တဖြည်းဖြည်းချင်း ဖြေလျှော့ပေးနေသော်လည်း တစ်နေ့တည်းမှာ ကိုရိုနာဗိုင်းရပ်စ် ထပ်မံဖြစ်ပွားသူပေါင်းဟာ ၁၈၅၀၀ အထိ မြင့်တက်လာခဲ့ပါတယ်။ ထို့အတူ သေဆုံးသူပေါင်းဟာလည်း ၃၈၅ ဦး ဖြစ်ခဲ့ပါတယ်။ ဆင်းရဲတဲ့သူတွေဟာ သူတို့ရဲ့ အကြံပြုချက်တွေကို လိုက်နာနိုင်ဖို့မလွယ်သလို အကာအကွယ်တွေလည်း မလုပ်ကြဘူးလို့ ကျန်းမာရေးအကြံပေး အယ်လ်ကာက ပြောပါတယ်။ မိသားစုတွေကို ရှာဖွေကျွေးမွေးဖို့အတွက် ရုန်းကန်နေကြရတယ်လို့ သူကပြောပါတယ်။ မိမိတို့အနေနဲ့ ဘာများတတ်နိုင်ပါဦးမလဲလို့ စိတ်ပျက်စွာပြောကြားလိုက်ပါတယ်။

**ကိုးကား – အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုထွာ

## ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ဖြစ်ပွားသူ ၁၀ သန်းကျော်လာပြီ

**ဝါရှင်တန် ဇွန် ၃၀**

ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ဖြစ်ပွားသူပေါင်း ၁၀ သန်းကျော်လာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်များတွင် ကူးစက်မှုပမာဏမြင့်တက်နေကြောင်း သိရသည်။ ရောဂါဖြစ်ပွားသူများသည် ၁၀ သန်းကျော်သွားပြီ ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ သုတေသီများက ပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုတွင် နေ့စဉ် ကိုဗစ်–၁၉ အသစ်ထပ်မံကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သည့် နှစ်ရက်ဆက်တိုက်အတွင်း ၄၀၀၀၀ ကျော်လာခဲ့သည်။ ကိုဗစ်– ၁၉ ကပ်ရောဂါကူးစက်မှုသည် ဖလော်ရီဒါ၊ တက္ကဆက်၊ ကယ်လီဖိုးနီးယားနှင့် အရီဇိုးနားပြည်နယ်များတွင် တစ်ဟုန်ထိုးမြင့်တက်လာခဲ့ကြောင်း သိရသည်။ လူနာများသည် ဆေးဝါးကုသမှုခံယူရန် နာရီအတော်ကြာစောင့်ဆိုင်းနေရသကဲ့သို့ အရေးပေါ်ကုသဆောင်များတွင်လည်း လူနာများဖြင့် ပြည့်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အထိမ်းအမှတ်အဆောက်အအုံများကို ဖျက်ဆီးသူများအား ပြစ်ဒဏ်ခတ်သွားမည့် အမိန့်တစ်ခုကို ထရမ့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဇွန် ၃၀**

အမေရိကန်၏ အထိမ်းအမှတ်အဆောက်အအုံများကို ရမ်းကားဖျက်ဆီးသည့် မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းမဆို ပြစ်ဒဏ်ခတ်သွားမည့် အမိန့်တစ်ခုကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်းခွဲခြားဆက်ဆံမှုကို ကန့်ကွက်သည့် ဆန္ဒပြမှုများပြုလုပ်ခဲ့ရာ ဆန္ဒပြမှုအတွင်း သမိုင်းဝင်လူပုဂ္ဂိုလ်များ၏ ရုပ်တုများ ဖြိုလှဲဖျက်ဆီးခံခဲ့ရသည်။

အစွန်းရောက်လက်ဝဲဝါဒီများက သမိုင်းကိုဖျက်ဆီးရန် ကြိုးပမ်းနေသည်ဟု သမ္မတထရမ့်က စွပ်စွဲလိုက်ပြီး တရားဥပဒေစိုးမိုးရေးကို ကာကွယ်သွားမည်ဟု ပြောကြားလိုက်သည်။

အသစ်ချမှတ်လိုက်သည့် သမ္မတအမိန့်တွင် သမိုင်းဝင်အဆောက်အအုံ၊ အထိမ်းအမှတ်အဆောက်အအုံ၊ သို့မဟုတ် ရုပ်တုများကို ဖျက်ဆီးပါက အများဆုံး ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ခံရနိုင်ကြောင်း သိရသည်။ ထို့အတူ အဆိုပါ သမိုင်းဝင်အထိမ်းအမှတ်များကို ကာကွယ်ရန် ပျက်ကွက်သည့် ပြည်နယ်များကိုလည်း ဗဟိုအစိုးရ၏ ထောက်ပံ့မှုများ ရပ်ဆိုင်းပစ်မည်ဟု အဆိုပါအမိန့်ထဲတွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၀-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၂၉-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၅၁၂)ခုတွင်–

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၂၉-၆-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၈၈) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၂၇၅) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် – ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၁၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၉၄) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၇၄၁) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။

၃။ (၃၀-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၉)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**

**(၃၀-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၂၉-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၁၂)ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၃၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၅၃၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၁၈) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၆၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၁၂၉) ခု၊ စုစုပေါင်း (၁,၃၃၀)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၃၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃၀-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၃၂) ခု |
| (၃၀-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၁၈) ခု |
| (၃၀-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၅) ခု |
| (၃၀-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၆) ခု |
| (၃၀-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ (၃၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၂၉၉) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ (၁)ဦး (Case- 249) ရှိသဖြင့် စုစုပေါင်း (၂၂၂) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၁၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၉-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃၀-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၃၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁) ဦး | (၂၂၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်လိုက်ပါလာသူများတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိ

နေပြည်တော် ဇွန် ၃၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ပြန်လည်လိုက်ပါလာသူများတွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိမှုမရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် Victory Day of Great Patriotic War (၇၅)နှစ်မြောက် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင် ၁၅ ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရန် အခက်အခဲရှိသည့် ပညာတော်သင် သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးသည် ဇွန် ၂၅ ရက် ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး သတ်မှတ်ထားသည့် နေရာများ၌ Home Quarantine၊ Facilities Quarantine စနစ်တကျနေထိုင်ခဲ့ကြောင်း။

ယနေ့တွင် ၎င်းမြန်မာ့တပ်မတော်ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများကို နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူ၍ Polymerase Chain Reation (PCR)နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ၎င်းတို့တွင် ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိမှုမရှိကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

## တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၃၀**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၂၄ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၂၈ မြို့နယ်ရှိ နေရာ ၅၅ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်း ကိရိယာများဖြင့်ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၇ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၈ ကီလိုဂရမ် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၂၆ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များက မြို့နယ် ၂၄ မြို့နယ်ရှိ နေရာ ၄၇ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၁ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၀ ကီလိုဂရမ်သုံးစွဲခဲ့သည်။

သတင်းစဉ်



ဇွန် ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ဇွန် ၂၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

## ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသူ ၇၅ ဦးအား မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ တာဝန်ရှိသူများက မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတား အမှတ်(၂) မှတစ်ဆင့် ပြန်လည်လွှဲပြောင်းလက်ခံ

**နေပြည်တော် ဇွန် ၃၀**

ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ ဂေဟာများမှ လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား ၇၅ ဦးအား ဇွန် ၂၆ ရက်က မြဝတီ-မဲဆောက် ချစ်ကြည်ရေးတံတား အမှတ်(၂)မှ တစ်ဆင့် ပြန်လည်လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ယင်းသို့ လွှဲပြောင်းလက်ခံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မြဝတီ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြဝတီမြို့ပြည်သူ့ဆေးရုံတို့မှ တာဝန်ရှိသူများပါဝင်သောအဖွဲ့က ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန၊ Songkhla Shelter မှ ညွှန်ကြားရေးမှူး Mr. Parinwat Thitiphonthannawit ဦးဆောင်သောအဖွဲ့ထံမှ အထောက်အထား စာရွက်စာတမ်းများနှင့် လူကုန်ကူးခံရသူများအား ထိုင်းနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေစုစုပေါင်း ထိုင်းဘတ် ၅၂၄၄၁၇ နှင့်အတူ လွှဲပြောင်းလက်ခံသည်။



ပြန်လည်လွှဲပြောင်းလက်ခံပြီးသူ ၇၅ ဦးအား မြဝတီမြို့ ရွှေမြဝတီဈေးအနီးရှိ MoU ရုံးတွင် ၂၁ ရက်ကြာ အသွားအလာကန့်သတ်ထားရှိပြီး နှာခေါင်းတို့ဖတ်နမူနာယူ၍ Coronavirus ရောဂါပိုး ကူးစက်ခံရမှု ရှိ/မရှိစစ်ဆေးခြင်းနှင့် လိုအပ်ပါက ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ၂၁ ရက်ကာလအတွင်း လိုအပ်ချက်များကို ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနတို့မှ ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်သည်။

ယင်းတို့အား မိဘနေရပ်ပြန်လည်စေလွှတ်အပ်နှံရာတွင် ၎င်းတို့ရရှိလာသော ထောက်ပံ့ကြေးငွေများကို တစ်ဦးချင်းစီအလိုက် ပြန်လည်ထုတ်ပေးမည့်အပြင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်း ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ပြန်လည်လွှဲပြောင်းလက်ခံခြင်း၊ ၂၁ ရက်စောင့်ကြည့်ထားရှိခြင်းနှင့် မိဘရပ်ထံပြန်လည်စေလွှတ်ခြင်းလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။ မူလက ထိုင်းနိုင်ငံမှ လူကုန်ကူးခံရသူ ၇၉ ဦးအား လွှဲပြောင်းလက်ခံရန်ဖြစ်သော်လည်း အမျိုးသမီး လေးဦးမှာ လူကုန်ကူးမှုနှင့်ဆက်စပ်၍ အခြားအမှုများအတွက် တရားရုံးတွင် သက်သေထပ်မံထွက်ဆိုရန်ရှိသဖြင့် ၇၅ ဦးကိုသာ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်ရှိ ယာယီတိုက်ပွဲရှောင်နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ယနေ့တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ စေတီတောင်ရွာဟောင်း ဘုန်းကြီးကျောင်း၊ ရှော်မယ်(အ.မ.က)၊ ထမ္မရာဇ်မြို့ကွက်သစ်၊ တင်းထိန်ကန်ကျေးရွာ(ဘုန်းကြီးကျောင်းဓမ္မာရုံ)၊ ပီပင်ရင်းကျေးရွာ (ဘုန်းကြီးကျောင်း)၊ တောင်မြင့်ကျေးရွာ (ဘုန်းကြီးကျောင်းဓမ္မာရုံ)၊ စင်းဘောကိုင်းကျေးရွာ ရွာသစ်ကေဘုန်းကြီးကျောင်း၊ ဝက်လှကျေးရွာ အုပ်စု (ဘုန်းကြီးကျောင်း)၊ တိန်ညို ကျေးရွာ၊ ပြလှကျေးရွာအုပ်စု (ဘုန်းကြီးကျောင်း)၊ နကန်ကျေးရွာ (အရှေ့) ဘုန်းကြီးကျောင်း၊ ပုဇွန်ဖေကျေးရွာ၊ ကုလားချောင်းဘုန်းကြီးကျောင်း၊ သျှစ်သောင်းဘုန်းကြီးကျောင်း၊ မြတန်ဆောင်းဘုန်းကြီးကျောင်း၊ လက်ကောက်ဈေးဘုန်းကြီးကျောင်း၊ ကျောက်ရာဇ်ကေ ဘုန်းကြီးကျောင်း၊ မြို့သစ် ဘုန်းကြီးကျောင်းနှင့် ဒိုင်းဂျီ ဘုန်းကြီးကျောင်းဟောင်း စုစုပေါင်း ယာယီတိုက်ပွဲရှောင်နေရာ ၂၀ သို့ သွားရောက်၍ ဆပ်ပြာတောင့် ၁၁၈၁၀၊ အဝတ်နှာခေါင်းစည်း ၂၃၆၂၀၊ လက်သန့်ဆေးရည် ၅၈၄၄ ဘူး၊ Hand Speaker ၁၄ ခု၊ အပူချိန်တိုင်းကိရိယာ ၁၄ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick ၁၄ ခု၊ ဗီနိုင်း ၁၄ ခုနှင့် လက်ဆေးစင် ၃၀ တို့ကို သွားရောက်ထောက်ပံ့သည်။

အလားတူ ဇွန် ၂၉ ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ကန်စောက်ဘုန်းကြီးကျောင်း၊ တောင်မင်း ဘုန်းကြီးကျောင်း၊ ဝါးတောင်တိုက်ပွဲရှောင်စခန်း၊ ညောင်ချောင်းကျေးရွာ အရှေ့ဘက်ကျေးရွာ ပိုင်ဘုံမြေနေရာ၊ မြို့နယ်သာသနာ့ဗိမာန်၊ ခရစ်တော်အသင်းကျောင်း၏ ကျမ်းစာကျောင်း၊ မြို့မ(အ.မ.က)၊ မဟာကံကြီးသျှင်ဘုရား၊ နေပူခံတိုက်ပွဲရှောင်စခန်း၊ ပြည်တော်သာရပ်ကွက် (အ.ထ.က) စာသင်ကျောင်း၊ မြို့သစ်ရပ်ကွက် အ.မ.က(၃) စာသင်ကျောင်း တိုက်ပွဲရှောင်စခန်းနှင့် မြို့မရွှေကျောင်း စုစုပေါင်း ယာယီတိုက်ပွဲရှောင်နေရာ ၁၂ နေရာသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၁၁၃၆၈ ခုနှင့် လက်ဆေးစင် ၂၀ တို့ကို သွားရောက်ထောက်ပံ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၆၃၁၅ | ၂၉၉ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၂၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၉၅၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၁၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၈ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃၀-၆-၂၀၂၀ ရက်၊ ည (၈) နာရီ

❒ *ကျောဖုံးမှ*

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် **(အောက်ပုံ)** လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိသက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၆၄၇၆ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇွန် ၃၀**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိခဲ့သည်။ ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ၃၀-၆-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၆၈၃၃၀၁ | ၁၁၂၂၅၉၁ | ၁၂၈၀၁၉ |
| ၂။ | ဘရာဇီး | ၁၃၇၀၄၈၈ | ၇၅၇၄၆၂ | ၅၈၃၈၅ |
| ၃။ | ရုရှား | ၆၄၇၈၄၉ | ၄၁၂၆၅၀ | ၉၃၂၀ |
| ၄။ | အိန္ဒိယ | ၅၆၈၅၃၆ | ၃၃၅၉၁၅ | ၁၆၉၁၉ |
| ၅။ | ဗြိတိန် | ၃၁၁၉၆၅ | စိစစ်ဆဲ | ၄၃၅၇၅ |
| ၆။ | စပိန် | ၂၉၆၀၅၀ | စိစစ်ဆဲ | ၂၈၃၄၆ |
| ၇။ | ပီရူး | ၂၈၂၃၆၅ | ၁၇၁၁၅၉ | ၉၅၀၄ |
| ၈။ | ချီလီ | ၂၇၅၉၉၉ | ၂၃၆၁၅၄ | ၅၅၇၅ |
| ၉။ | အီတလီ | ၂၄၀၄၃၆ | ၁၈၉၁၉၆ | ၃၄၇၄၄ |
| ၁၀။ | အီရန် | ၂၂၇၆၆၂ | ၁၈၈၇၅၈ | ၁၀၈၁၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၀ - ၆ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၆၃၈၅ | ၂၄၈၀၆ | ၂၈၇၆ |
| စင်ကာပူ | ၄၃၉၀၇ | ၃၇၉၈၅ | ၂၆ |
| ဖိလစ်ပိုင် | ၃၇၅၁၄ | ၁၀၂၃၃ | ၁၂၆၆ |
| မလေးရှား | ၈၆၃၉ | ၈၃၅၄ | ၁၂၁ |
| ထိုင်း | ၃၁၇၁ | ၃၀၅၆ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၃၅ | ၀ |
| မြန်မာ | ၂၉၉ | ၂၂၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၀ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## မြဝတီ အမှတ် (၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၆၅ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၃၀**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၆၅ ဦး မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။



ပြန်လည် ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ၂ ရက်တွင် ၁၅၁၇ ဦး၊ ၃ ရက်တွင် ၁၅၄၇ ဦး၊ ၄ ရက်တွင် ၁၂၀၄ ဦး၊ ၅ ရက်တွင် ၁၁၉၀၊ ၆ ရက်တွင် ၁၇၈၄ ဦး၊ ၇ ရက်တွင် ၁၆၃၅ ဦး၊ ၈ ရက်တွင် ၉၄၆ ဦး၊ ၉ ရက်တွင် ၁၀၉၄ ဦး၊ ၁၀ ရက်တွင် ၉၉၄ ဦး၊ ၁၁ ရက်တွင် ၆၇၀၊ ၁၂ ရက်တွင် ၈၂၃ ဦး၊ ၁၃ ရက်တွင် ၇၇၅ ဦး၊ ၁၄ ရက်တွင် ၆၀၀၊ ၁၅ ရက်တွင် ၅၀၆ ဦး၊ ၁၆ ရက်တွင် ၆၄၄ ဦး၊ ၁၇ ရက်တွင် ၈၇၇ ဦး၊ ၁၈ ရက်တွင် ၆၉၈ ဦး၊ ၁၉ ရက်တွင် ၄၉၄ ဦး၊ ၂၀ ရက်တွင် ၆၅၇ ဦး၊ ၂၁ ရက်တွင် ၆၄၂ ဦး၊ ၂၂ ရက်တွင် ၈၄၈ ဦး၊ ၂၃ ရက်တွင် ၅၂၇ ဦး၊ ၂၄ ရက်တွင် ၅၉၇ ဦး၊ ၂၅ ရက်တွင် ၃၉၈ ဦး၊ ၂၆ ရက်တွင် ၅၅၅ ဦး၊ ၂၇ ရက်တွင် ၆၃၄ ဦး၊ ၂၈ ရက်တွင် ၃၆၆ ဦး၊ ၂၉ ရက်တွင် ၆၀၈ ဦး၊ ယနေ့တွင် ၄၆၅ ဦး စုစုပေါင်း ၃၇၀၁၈ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှအမျိုးသား ၂၂၉ ဦး၊ အမျိုးသမီး ၂၃၆ ဦး စုစုပေါင်း ၄၆၅ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြန်မြန်ဆန်ဆန်ရိုက်ကူးခွင့်ရဖို့၊ ရုပ်ရှင်ရုံတွေ ပြန်ဖွင့်ခွင့်ရဖို့ အတတ်နိုင်ဆုံး ဆောင်ရွက်နေပါတယ်။ ဒါပေမယ့်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကိုကြည့်ပြီး သိပ်ပြီး အတင့်ရဲလို့လည်း မရဘူး

ဒါရိုက်တာညီညီထွန်းလွင်



ဒါရိုက်တာညီညီထွန်းလွင်



ဦးလူမင်း



ဦးဇော်မင်း (မင်္ဂလာရုပ်ရှင်ရုံ)



ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)



ဦးဘိုဆန်း

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ကိုဗစ်-၁၉ ကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်တွင် ကြေညာခဲ့ပြီး ထိုရောဂါသည် လူစုလူဝေးမှတစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သဖြင့် လူစုလူဝေးဖြင့် ကျင်းပသည့် အခမ်းအနား၊ ပွဲလမ်းသဘင်များမပြုလုပ်ရန် နိုင်ငံတော်သမ္မတရုံးမှ ပြည်သူသို့ ပန်ကြားခဲ့သည်။**

**ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူများ၏ ကျန်းမာရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုပ်ရှင်ရုံများ၏ ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကိုလည်း မတ်လ ၁၆ ရက်တွင် ရပ်ဆိုင်းထားရန် အသိပေးကြေညာခဲ့သည်။ ရုပ်ရှင်/ရုပ်သံ ရိုက်ကူးပြသထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များသည်လည်း စည်းကမ်းလိုက်နာကာ ရိုက်ကူးရေးလုပ်ငန်းများကို ရပ်နားထားရသည်။**

ယခုအခါ မြန်မာနိုင်ငံအတွင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု တဖြည်းဖြည်းလျော့ကျလာပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လူအများစိတ်ကြောင့်ကြမှု၊ စိုးရိမ်မှု၊ စိတ်ခါတ်ကျမှုများကို အနုပညာစွမ်းပကားဖြင့် ပပျောက်စေနိုင်ရုံသာမက ရုပ်ရှင် / ရုပ်သံနှင့် ပတ်သက်ဆက်နွှယ်သူများအတွက် စားဝတ်နေရေးသက်သာ ချောင်လည်စေနိုင်သည့် ရုပ်ရှင်/ရုပ်သံရိုက်ကူးထုတ်လုပ်ပြသခြင်းလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်စတင်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ရုပ်ရှင်/ရုပ်သံ ပြန်လည်ရိုက်ကူးနိုင်ရေးနှင့် ရုပ်ရှင်ရုံများ ပြန်လည်ပြသနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇွန် ၃၀ ရက်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး ရုပ်ရှင်လောက ကဏ္ဍစုံမှ အသိပညာရှင်များ ၊ အတတ်ပညာရှင်များ တက်ရောက်ခဲ့ကြရာ ကိုဗစ်-၁၉ ကြောင့် ရုပ်ရှင်လောကအပေါ် သက်ရောက်မှုများ၊ ဆက်လက်ဆောင်ရွက်ရန် နည်းလမ်းများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

**ဒါရိုက်တာညီညီထွန်းလွင်**
**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ**

စားဝတ်နေရေးအခက်အခဲဖြစ်နေတဲ့ ရုပ်ရှင်လောကသားတွေကို လှူဒါန်းနေတာတော့ တတိယအကြိမ်ရှိသွားပါပြီ။ လူဦးရေ ၁၅၀၀ လောက်ဆိုတော့ အလှူရှင်တွေရဲ့ လှူဒါန်းမှုတွေနဲ့တစ်ဦးကို နှစ်သောင်း၊ သုံးသောင်း၊ ဆန်၊ ဆီ၊ဆား ရိက္ခာတွေ စသဖြင့် ဝေပေးပါတယ်။ စတုတ္ထအကြိမ်ဝေဖို့လည်း စီစဉ်နေပါပြီ။ စားဝတ်နေရေးအခက်အခဲနဲ့ ဆက်နွှယ်နေတာ ရုပ်ရှင်ရိုက်ကူးရေးဖြစ်ပါတယ်။ ရိုက်ကူးရေးလည်း မလုပ်ရတဲ့အတွက် အခက်အခဲဖြစ်နေတာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ရိုက်ကူးခွင့်လျှောက်ထားတာ ဇာတ်လမ်းတွဲခြောက်ကား၊ ရုပ်ရှင်ဇာတ်ကား သုံးကားရှိပါတယ်။ ဗီဒီယိုတစ်ကားနဲ့ ကြော်ငြာတွေကလည်း ၁၃ ခုလောက်ရှိပါတယ်။ ကြော်ငြာက လူ ၁၅ ယောက်ဝန်းကျင်လောက်နဲ့ ရိုက်လို့ရတဲ့အတွက် ရိုက်ချင်ကြတယ်။

ဒီနေ့ကတော့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုကာလအတွင်းမှာ ရုပ်ရှင်/ ရုပ်သံ ရိုက်ကူးထုတ်လုပ်ပြသခြင်းဆိုင်ရာ အစည်းအဝေးဖြစ်ပါတယ်။ အခုဆိုရင် မူကြမ်းလက်စွဲစာစောင်လည်း ထွက်လာပါပြီ။ အဲဒီမူကြမ်းထဲမှာပါတဲ့ စည်းမျဉ်းစည်းကမ်း အချက်အလက်တွေကို ညှိနှိုင်းရမှာတွေ၊ လိုတိုးပိုလျှော့လုပ်ရမှာတွေ ရှိပါတယ်။ ဒီနေ့ဆွေးနွေးတာကတော့ ထုတ်လုပ်သူတွေကလည်း ရိုက်လက်စကား လေး၊ ငါးကားနဲ့ ဆက်မရိုက်နိုင်ကြတော့ဘူး။ ပြီးတော့ ရိုက်ထားပြီးသားကားကလည်း ဝင်ငွေမရှိဘူး။ ရုံလည်းတင်လို့မရဘူး။ အဲဒီတော့ ရုပ်ရှင်ရုံပိုင်ရှင်တွေ၊ အချို့ထုတ်လုပ်သူတွေကို ချေးငွေထုတ်ချေးပေးဖို့တွေလည်း ဆွေးနွေးကြပါတယ်။ အစိုးရအနေနဲ့လည်း ကူညီဖို့ ကတိပြုတယ်။

အဲဒီလို ကူညီမှပဲ ရုပ်ရှင်ထုတ်လုပ်သူတွေက ရုပ်ရှင်ရိုက်နိုင်မှ ဒါရိုက်တာတွေ၊ ဇာတ်ညွှန်းရေးဆရာတွေ၊ မင်းသား၊ မင်းသမီးတွေ၊ စက်မှုလုပ်သားတွေ၊ ရုပ်ရှင်လောကသားတွေက ဝင်ငွေရမှာဖြစ်ပါတယ်။ အဲဒီတော့ ထုတ်လုပ်သူတွေကလည်း အရေးကြီးပါတယ်။ ထုတ်လုပ်သူတွေ ငွေမရှိလို့ မရိုက်နိုင်ရင် ဒီလောကကြီးရပ်သွားမယ်၊ စားဝတ်နေရေး အကုန်အခက်အခဲဖြစ်မှာပါ။

ဒါကြောင့် မြန်မြန်ဆန်ဆန်ရိုက်ကူးခွင့်ရဖို့၊ ရုပ်ရှင်ရုံတွေ ပြန်ဖွင့်ခွင့်ရဖို့ အတတ်နိုင်ဆုံး ဆောင်ရွက်နေပါတယ်။ ဒါပေမယ့်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကိုကြည့်ပြီး သိပ်ပြီး အတင့်ရဲလို့လည်း မရဘူး။ နိုင်ငံတိုင်းမှာ Second Wave ၊ Third Wave တွေလာတတ်တယ်။ ဒုတိယလှိုင်း၊ တတိယလှိုင်းတွေကလည်း ကြောက်ဖို့ကောင်းတဲ့အတွက် လူတွေအနေနဲ့ကတော့ ဆင်ခြင်မှဖြစ်မယ်။ နှာခေါင်းစည်းတပ်ရမယ်၊ လက်ဆေးရမယ် အဲဒါတွေကိုတော့ ပြည်သူလူထုအနေနဲ့ အတိအကျလိုက်နာမှဖြစ်မယ်။

**ဦးလူမင်း၊ တွဲဖက်အတွင်းရေးမှူး (၂)**
**ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ**

ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ကို ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။ အခုလက်ရှိ ရိုက်ကူးပြီးစီးမှုအခြေအနေကတော့ ၈၀ ရာခိုင်နှုန်းနီးပါး ရိုက်ကူးရေး ပြီးစီးပါပြီ။ ၂၀ ရာခိုင်နှုန်းလောက် ရိုက်ကူးဖို့ကျန်နေပါသေးတယ်။ ကိုဗစ်အခြေအနေကြောင့် ဒီရိုက်ကူးရေးတွေကို ရပ်နားထားလိုက်ရပါတယ်။ ကိုဗစ်အခြေအနေအတွင်းမှာ ရိုက်ကူးပြီးစီးသလောက်ကို ကားကူး၊ ကားဆက်လုပ်တာ၊ အသံသွင်းတာ စတဲ့ကိစ္စတွေကို ဆောင်ရွက်လို့ရသလောက် ဆောင်ရွက်နေပါတယ်။ ရိုက်ကူးဖို့ကျန်တဲ့အခန်းတွေကိုတော့ ကိုဗစ်အခြေအနေနဲ့ အခုလို အစည်းအဝေးတွေကနေ ရိုက်ကူးခွင့်တွေ ပြန်လည်ရရှိပြီဆိုရင် အမြန်ဆုံး ပြန်လည်ရိုက်ကူးသွားမှာဖြစ်ပါတယ်။

ကြုံတွေ့ရမယ့် အခက်အခဲကတော့ တစ်ကမ္ဘာလုံးကြုံနေတဲ့ ကိုဗစ်-၁၉ အခက်အခဲပဲဖြစ်ပါတယ်။ ရိုက်ကူးခွင့်ပြုပြီဆိုရင်လည်း အရင်လို မဟုတ်တော့ဘူး၊ ကန့်သတ်ချက်တွေပါတော့မယ်။ လူအင်အားအနည်း အများ အစရှိသဖြင့် ကျန်းမာရေးရှုထောင့်ကနေ လုံခြုံစိတ်ချရမယ့် အခြေအနေ၊ အစီအမံတွေ ဒီလိုတွေနဲ့ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဲဒီအခြေအနေအပေါ် မူတည်ပြီးတော့ ကျန်တဲ့ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးသွားရမှာပါ။

ပထမတော့ ဒီ ၂၀၂၀ ပြည့်နှစ်ထဲမှာ ရုံတင်နိုင်ဖို့အတွက် ရည်ရွယ်ချက်ထားပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ရိုက်ကူးရေးပြီးခါနီး အခုလို သုံးလ၊ လေးလလောက် ရပ်လိုက်ရတဲ့အတွက် အချိန်ကတော့ သုံးလ၊ လေးလလောက် နောက်ကိုတော့ ရွှေ့သွားမှာဖြစ်ပါတယ်။

**ဦးဇော်မင်း (မင်္ဂလာရုပ်ရှင်ရုံ)**

လောလောဆယ်ပိတ်ထားတဲ့ကာလက သုံးလကျော်၊ လေးလရောက်ခါနီးပြီဆိုတော့ အရှုံးပေါ်လာတယ်။ အဲဒါတွေကို ပြန်လည်ကုစားဖို့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်၊ တင်ပြချက်တွေ ပေါင်းစပ်ပြီး အလုပ်ပူးပေါင်း လုပ်ဆောင်ချင်ပါတယ်။ ရုပ်ရှင်ရုံတွေ ပြန်လည်ပြသခွင့်ရတော့မယ်ဆိုရင် စီးပွားရေးအရ တွက်ခြေကိုက်နိုင်ဖို့ နိုင်ငံတကာရဲ့ နည်းကို ယူရပါမယ်။ ဘာပဲပြောပြော အဆိုးထဲကအကောင်းကို ရသလောက် လုပ်ရမှာဖြစ်ပါတယ်။ ဒီအတိုင်း ရပ်ထားလို့ မရပါဘူး။ ရုပ်ရှင်အနုပညာရှင်တွေရဲ့ ဇာတ်ကားတွေကောင်းမှ ပြည်သူလူထုကအားပေးမှာ ဖြစ်ပါတယ်။

**ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)**

ရိုက်ကူးရေးဖြစ်ဖို့ဆိုတာ ပြသရေးရှိမှ ဖြစ်မှာပါ။ ပြသရေးမရှိရင် ရိုက်ကူးရေးက မဖြစ်နိုင်ပါဘူး။ အဲဒါကြောင့် ပြသရေးကို အရင်လုပ်ရမယ်၊ ရုပ်ရှင်ကားတွေ အများကြီး ရိုက်ထားပြီး မပြသနိုင်ရင် ပိုဆိုးသွားမယ်၊ ပြသရေးဆောင်ရွက်ရာမှာ ရုပ်ရှင်ရုံချည်း အားကိုးတာမဟုတ်ဘဲ နိုင်ငံခြားမှာဆိုရင် ရုပ်ရှင်ကို Open Theater , Moonlight Theater, Drive-in Theater စသဖြင့် ပုံစံ လေးမျိုးနဲ့ ပြသတာရှိပါတယ်။

Drive-in Theater ဆိုတာက ကွင်းပြင်ကျယ်ကြီးထဲမှာ ကားတွေလာထိုးပြီးပြတာ၊ ကားတွေပေါ်ကနေ ဆင်းစရာမလိုဘူး၊ ဝင်တာနဲ့ FM နံပါတ်ပေးလိုက်ရင် ရုပ်ရှင်ကို ကားထဲမှာ ကြည့်လို့ရတယ်။ အဲဒီလိုမျိုးဆိုရင်လည်း Social Distancing နဲ့ကိုက်တယ်။ ကိုက်တဲ့အတွက် ဒီအချိန်မှာ အဲဒီလိုမျိုးလည်း ဖြစ်သင့်တယ်။ Open လည်းဖြစ်တယ်။ ငွေဆောင်မှာဆိုရင်လည်း Open Theater တွေလုပ်နေတယ်။ အဲဒီလိုဟာမျိုးတွေ အများကြီး ပေါ်လာလို့ရှိရင် အသက်ရှူနည်းနည်းချောင်မယ်ထင်တယ်။ အဲဒါက တချို့နေရာတွေမှာဆို ကားအစီး ၄၀၀ လောက် ဆံ့တဲ့နေရာတွေလည်း ရှိတယ်။ တစ်စီးမှာ လေးယောက်နှုန်းနဲ့ဆိုရင် မိသားစုလိုက် လာကြည့်လို့ရတယ်။ ဒါပေမယ့် အဲဒါက တစ်နေ့ကို သုံးပွဲနဲ့ ညမှာပဲ ပြလို့ရမယ်။ အစားအသောက်လည်း တွဲရောင်းလို့ရမှာ ဖြစ်ပါတယ်။

အခုဆိုရင် နိုင်ငံခြားမှာ စတိတ်ရှိုးတွေကို ကားတွေနဲ့လုပ်နေပြီ၊ နောက်တစ်ခုက Digital ၊ Zoom တွေ၊ application တွေနဲ့ အင်တာဗျူးတွေလုပ်ကြတယ်။ Home to Home တွေ ကျွန်တော်တို့ရိုက်နေကြတယ်၊ တင်ပြကြတယ်၊ အဲဒီလိုမျိုးတွေ ဖြစ်သွားမယ်။ ဒီရောဂါက လုံးဝပျောက်သွားဖို့မလွယ်ဘူး။ HIV လိုပဲ ထိန်းပြီးတော့ သွားကြရမယ်။ နောက်ပိုင်းမှာ ဆေးတွေ့လာမယ်၊ ဆင်ခြင်တာကတော့ ကိုယ်ကဆင်ခြင်ရမှာပါ။ ဆင်ဆင်ခြင်ခြင်နဲ့ ဘယ်လိုလုပ်ရမလဲဆိုတာသိသွားတဲ့အတွက် အများကြီးလျော့ကျသွားမှာဖြစ်ပါတယ်။

ဒီနေ့အစည်းအဝေးမှာ ရုပ်ရှင်လောကသားတွေရဲ့ ကျပ်တည်းသွားတဲ့ စီးပွားရေးတွေကို ပြေလည်အောင်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်အရ ဒါတွေကို ဖြည်းဖြည်းချင်းဖြေလျှော့ပြီး အန္တရာယ်ကင်းကင်းနဲ့ လုပ်သွားလို့ရအောင် အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးကူညီကြမယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အကြံပေးချက်တွေအတိုင်း ပူးပေါင်းပါဝင်ကြမယ်၊ ဝိုင်းဝန်းကူညီကြရမှာ ဖြစ်ပါတယ်။ ဒီအချိန်မှာ အားလုံးတစ်ပြိုင်နက်တည်း ရုန်းမှပဲရမှာဖြစ်ပါတယ်။

ရုပ်ရှင်လောကသားတွေ အခုကြုံတွေ့နေရတာက စားဝတ်နေရေးပါ။ စိတ်ခါတ်ပိုင်းဆိုင်ရာ ကြံ့ကြံ့ခံနိုင်ဖို့လည်း လိုတာပေါ့၊ စားဝတ်နေရေးအဆင်မပြေချိန်မှာ စိတ်ခါတ်ကျတယ်။ မိသားစုထဲမှာ လိုအပ်ချက်တွေရှိတော့ စိတ်ခါတ်ကျလာတဲ့အခါ ဘာလုပ်ရမလဲဆိုတာကို စဉ်းစားရတယ်။ အခုကကတော့ သူတို့ စိတ်ခါတ်မကျဖို့ပဲ၊ ဒါမျိုးက ခဏကြုံရတာမျိုး။ စိတ်ခါတ်မကျဖို့ အားပေးနေရပေမယ့် တကယ်တမ်း ကြုံဆုံလာရချိန်မှာ ကျွန်တော်တို့အနေနဲ့က အများကြီး ခံသာသေးတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့သူတွေကတော့ တော်တော်အခက်အခဲဖြစ်တယ်။ သူတို့အတွက် ရုပ်ရှင်ရိုက်ကူးရေးတွေ အမြန်ဆုံးပြန်ရိုက်စေချင်တယ်။ သူတို့ကလည်း အဲဒီလိုမျိုး လုပ်ငန်းပြန်စဖို့ မျှော်လင့်နေတယ်။ ဒီနေ့က ရုပ်ရုပ်ထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံတင်ပြခဲ့ပြီးဖြစ်တယ်။ တင်ပြချက်အပေါ်မှာ အစိုးရကလည်း ကူညီဖို့ရှိတဲ့အတွက် နှစ်ဦးနှစ်ဖက်လုံး အလုပ်ဖြစ်ကြမှာပါ။

**ဦးဘိုဆန်း**
**(BO BO Entertainment & BO BO Film production)**

ကိုဗစ်ကာလမှာ ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေအနေနဲ့ အိမ်မှာနေပြီး ဈေးရောင်းနေရတဲ့ဘဝ ဖြစ်နေပါတယ်။ ၃ လပိုင်းကတည်းက ပိတ်ထားတဲ့အတွက် အားလုံးက အလုပ်လည်းမရှိကြဘူး။ ကိုယ်တွေလုပ်တဲ့ အနုပညာအလုပ်လည်းမရှိတဲ့အတွက် သင်တန်းတက်တဲ့သူက တက်ပြီး အနုပညာနဲ့ပတ်သက်လို့ လေ့လာတဲ့သူက လေ့လာကြတယ်။ တချို့ကျတော့ စားဝတ်နေရေးအခက်အခဲရှိကြတဲ့အတွက် ဈေးရောင်းတာနဲ့ အွန်လိုင်းရှော့ပင်လုပ်သူတွေ အများကြီးဖြစ်လာပါတယ်။

ကျွန်တော်တို့ အနုပညာရှင်တွေအနေနဲ့ အဆိုးရွားဆုံး အထိခိုက်ဆုံးဖြစ်ပါတယ်။ ချေးငွေက ရုံရှင်တွေလည်းလိုအပ်သလို ထုတ်လုပ်သူတွေအတွက်လည်း လိုအပ်ပါတယ်။ ရုပ်ရှင်ရုံတွေမှာ ဇာတ်ကားတွေမတင်ရပေမယ့်လည်း ဝန်ထမ်းတွေကို လခပေးထားရတယ်။ ဒါကြောင့် ချေးငွေနဲ့ ပြန်လည် လည်ပတ်ဖို့ လိုပါတယ်။ စနစ်တကျနဲ့ ရုပ်ရှင်တွေ ပြန်လည်ရိုက်ကူးနိုင်ဖို့ ခွင့်ပြုပေးမယ်ဆိုရင် ခွင့်ပြုပေးလို့ရပါပြီ။ ကျန်းမာရေးအသိပညာပေးတွေကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လုပ်နေပြီး ပြည်သူလူထုတွေလည်း တော်တော်များများ နားလည်လာပြီဖြစ်ပါတယ်။ အဓိကအနေနဲ့ ပြန်မရိုက်ဘူးဆိုရင် ရုပ်ရှင် အစည်းအရုံးမှာ အဖွဲ့ဝင်ပေါင်း တစ်သောင်းလောက်ရှိတယ်။ အဲဒီလူတွေရဲ့ မိသားစုတွေအကုန်လုံး ဒုက္ခရောက်နိုင်ပါတယ်။

**သတင်းအဖွဲ့**

**“ရိုက်ကူးရေးဖြစ်ဖို့ဆိုတာ ပြသရေးရှိမှ ဖြစ်မှာပါ။ ပြသရေးမရှိရင် ရိုက်ကူးရေးက မဖြစ်နိုင်ပါဘူး။ အဲဒါကြောင့် ပြသရေးကို အရင်လုပ်ရမယ်၊ ရုပ်ရှင်ကားတွေ အများကြီး ရိုက်ထားပြီး မပြသနိုင်ရင် ပိုဆိုးသွားမယ်၊ ပြသရေးဆောင်ရွက်ရာမှာ ရုပ်ရှင်ရုံချည်း အားကိုးတာမဟုတ်ဘဲ နိုင်ငံခြားမှာဆိုရင် ရုပ်ရှင်ကို Open Theater , Moonlight Theater, Drive-in Theater စသဖြင့် ပုံစံ လေးမျိုးနဲ့ ပြသတာရှိပါတယ်”**

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၄)ရက် (စနေနေ့)

**"Cooperatives for Climate Action"**

**"ဂေဟစနစ်များ မပျက်စီးဖို့ သမဝါယမများ ဆောင်ရွက်စို့"**

# ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားစဉ် သတင်းထုတ်လွှင့်ခြင်းဆိုင်ရာ Online ဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ တက်ရောက်

**နေပြည်တော် ဇွန် ၃၀**

အာရှ – ပစိဖိတ် ရုပ်သံလုပ်ငန်းများ အဖွဲ့အစည်း Asia – Pacific Broadcasting Union – ABU ၏ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေစဉ် ရုပ်သံထုတ်လွှင့်မှု အတွေ့အကြုံများနှင့် Instagram မှတစ်ဆင့် သတင်းတင်ဆက်မှု မျှဝေခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၃၀ ရက်က ပြုလုပ်ရာ နေပြည်တော်နှင့် ရန်ကုန်ရှိ MRTV မှ ဝန်ထမ်း ၂၁ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နယ်သာလန်နိုင်ငံမှ ပြည်သူ့ဝန်ဆောင်မှုရုပ်သံလုပ်ငန်းတွင် ၁၅ နှစ်ကြာ အတွေ့အကြုံရှိသည့် ကျွမ်းကျင်သူ Ms.Sanne Breimer က Instagram ပေါ်တွင် တင်သည့် သတင်းဆောင်းပါးများ၏ နည်းပညာပိုင်းဆိုင်ရာ ကွဲပြားခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပရိသတ်ထံ ထိထိရောက်ရောက် ရောက်ရှိနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို အသုံးပြုရမည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**







### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ – ၆ – ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၉၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၆၀၀ ကျပ် | ၅၈၅/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၃၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၃၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၇၅ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၅ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၈ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၇ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၂ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၀၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၂၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၅၄၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၆၂၆ | ၈၁၅၃၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၈၄၀ | ၂၂၀၁၅၂၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၈ | ၆၅၆၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၈၈၆ | ၁၉၉၅၈၀၀၀ |
| TMH | ၂၈၅၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၇၀၀ | ၁၆ | ၄၃၁၅၀ |


## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ**– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# သရုပ်ဆောင် ထွန်းထွန်းဝင်းက အကယ်ဒမီပေးပွဲကို နှစ်နှစ်ပေါင်းပြီးပေးစေလိုကြောင်း ပြောကြား

ဝါရင့်သရုပ်ဆောင်တစ်ဦးဖြစ်သော မင်းသားကြီး ထွန်းထွန်းဝင်းက ကိုဗစ်-၁၉ ကြောင့် မကျင်းပဖြစ်ခဲ့သော အကယ်ဒမီပေးပွဲကို နှစ်နှစ်ပေါင်းပြီး ပေးစေလိုကြောင်း ပြောကြားသည်။ မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်အတွက် ပြုလုပ်သည့် ရိုက်ကူးရေးအစီအစဉ်တစ်ခုတွင် သရုပ်ဆောင် ထွန်းထွန်းဝင်းနှင့် တွေ့ဆုံစဉ် မြန်မာ့ရုပ်ရှင်လောကအကြောင်း၊ အကယ်ဒမီပေးပွဲတို့နှင့်ပတ်သက်၍ မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ဦးအနေနဲ့ မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့်မှာ ပါဝင်ဖြစ်ပုံကို ပြောပြပါဦး။**

ဖြေ။ ။မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် ရုပ်သံဇာတ်လမ်းအတွက် ရုပ်ရှင်သမိုင်းပြတိုက်မှာ ရိုက်ကူးရေးလေးတစ်ခု လုပ်ခဲ့ပါတယ်။ သရုပ်ဆောင်တွေကတော့ လူကြီးတွေရော လူငယ်တွေရော အများကြီးပါပဲ။ ခေတ်သုံးခေတ်ပုံစံနဲ့ ရိုက်ကူးတင်ဆက်မှာပါ။

**မေး။ ။မြန်မာ့ရုပ်ရှင်လောကအပေါ် ဦးထွန်းထွန်းဝင်း အမြင်လေးလည်း ပြောပြပေးပါ။**

ဖြေ။ ။ရုပ်ရှင်လောကကြီးကတော့ တော်တော်ကြီး ပြောင်းလဲသွားပါပြီ။ မျိုးဆက်သစ်တွေလည်း ပြောင်းသွားပြီဆိုတော့ ဖန်တီးမှုတွေရော၊ စိတ်ကူးတွေရော ပြောင်းသွားပြီ။ အရင်ခေတ်က ရွှေဘတို့၊ တင်ညွန့်တို့၊ ဦးကျော်ဆွေတို့ ရိုက်ခဲ့တဲ့ ဇာတ်ကားတွေဆိုရင် အလွန်ကောင်းခဲ့တာပေါ့။ အဲဒီတုန်းက ရုပ်ရှင်တစ်ခေတ်ကောင်းခဲ့ပါတယ်။ ရုပ်ရှင်တစ်ကားကို ကြည့်ပြီးရင် ကြိုက်လွန်းလို့ နောက်တစ်ခေါက် ပြန်ကြည့်ယူရတယ်ပေါ့။ အဲဒီကနေ ကြားထဲမှာ ရုပ်ရှင်က နည်းနည်းမှိန်သွားတယ်။ လက်ရှိမှာတော့ ပြန်ပြီးအောင်မြင်လာတယ်လို့ ပြောရမှာပါ။ အခု မျိုးဆက်သစ် အနုပညာရှင်တွေက အိုင်ဒီယာလည်း ကောင်းကြတယ်လို့ မြင်မိတယ်။ ရုပ်ရှင်တစ်ခေတ်ပြန်ကောင်းပြီလို့ ပြောလို့ရပါတယ်။

**မေး။ ။အကယ်ဒမီပေးပွဲကြီးကို ဘယ်တော့လောက် ကျင်းပနိုင်မယ်ထင်လဲဗျ။**

ဖြေ။ ။ကိုဗစ်ကြောင့် အကယ်ဒမီပေးပွဲကြီးကလည်း ဘယ်အချိန်မှာ ကျင်းပခွင့်ရမလဲဆိုတာ ဘယ်သူမှ မပြောနိုင်သေးပါဘူး။ တစ်ကမ္ဘာလုံးဖြစ်နေတဲ့ ကပ်ရောဂါဆိုတော့လည်း ဘာမှမတတ်နိုင်ဘူးပေါ့။ စိတ်ထဲမှာတော့ ရှေ့နှစ်ကျမှ ပေါင်းပြီးပေးလိမ့်မယ်လို့ ထင်ပါတယ်။ အရင်ကလည်း အကြောင်းအမျိုးမျိုးကြောင့် နှစ်နှစ်ပေါင်းပြီး ပေးခဲ့ရတာတွေ ရှိဖူးပါတယ်။

**မေး။ ။နောက်ပိုင်းမှာ ဦးအနေနဲ့ ရိုက်ကူးမှုတွေ နည်းသွားတာ ဘာကြောင့်လဲဗျ။**



ဖြေ။ ။လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ဒေါသထွက်တဲ့အခန်းတွေ သရုပ်ဆောင်ရရင် ရင်ဘတ်က အောင့်လာတယ်။ စစ်ဆေးကြည့်တော့ နှလုံးရောဂါအခံရှိနေပြီလို့ သိရတယ်။ ဆရာဝန်ကလည်း နားခိုင်းထားလို့ နောက်ပိုင်းမှာ ရိုက်ကူးမှုတွေ နည်းလာတာပါ။

**မေး။ ။ပရိသတ်တွေကို ပြောချင်တာလေးတွေရှိလား။**

ဖြေ။ ။ပရိသတ်တွေမျှော်နေတဲ့ အကယ်ဒမီပေးပွဲကြီး မကျင်းပနိုင်သေးပေမယ့် ပေးမယ့်ဆုတွေကတော့ အဆင်သင့်ဖြစ်နေပြီလို့ သိရပါတယ်။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တွေရော၊ မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်များ အားလုံးရော ကျန်းမာချမ်းသာကြပါစေ။

**ကိုလင်း**

# ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးအတွက် တစ်ခုခုလုပ်နေမှရမည်ဟု အောင်ခိုင် ပြောကြား

ကိုဗစ်ကာလအတွင်း အနုပညာအသိုင်းအဝိုင်းရှိ အောက်ခြေ ဇာတ်ပို့/ဇာတ်ရံများအပြင် စက်အဖွဲ့သားများပါ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့နေရပြီး ယခုအချိန်တွင် အနုပညာအလုပ်များ ရပ်နားထားရသောကြောင့် အစားအသောက်များ ရောင်းချသည့်အလုပ်ကို လုပ်ကိုင်နေရသည့် အခြေအနေ ဖြစ်နေသည်။ ထိုသို့ အခက်အခဲကြုံတွေ့နေရသည့် အခြေအနေများနှင့်ပတ်သက်၍ ဇာတ်ပို့ဇာတ်ရံတစ်ဦးဖြစ်သူ သရုပ်ဆောင် အောင်ခိုင်က ယခုလိုပြောဆိုလာသည်။

"ခိုတောင်မုန့်တီကို အရင်ကတည်းက တစ်ရက်ခြားတစ်ခါလောက် အိမ်မှာလုပ်စားဖြစ်နေကျပါ။ ကိုဗစ်ရောဂါ စဖြစ်လာတဲ့အချိန်ကျတော့ ဦးအောင်ခိုင်ရောဇနီးဖြစ်တဲ့ ဝါဝါအောင်ရော ရိုက်ကူးရေးတွေလည်း လုံးဝရပ်လိုက်ရတာပေါ့။ အလုပ်မရှိတာကြာလာတော့ လူကလည်း စိတ်တွေတစ်မျိုးဖြစ်လာတယ်။ ပြီးတော့ စားဝတ်နေရေးအတွက်လည်း ကာမိအောင် တစ်ခုခုလုပ်မှရမယ်လို့ စဉ်းစားမိတာပေါ့။ အဲဒါကြောင့် မိသားစုတိုင်ပင်ပြီး ခိုတောင်မုန့်တီနဲ့ ပင်လယ်စာလေးတွေ ရောင်းဖြစ်သွားတာပါ။ ရန်ကုန်နဲ့ ခိုတောင်မုန့်တီက နည်းနည်းလေးတော့ အလှမ်းဝေးတယ်။ သူများမလုပ်တာတွေကိုတော့ စဉ်းစားရတာပေါ့။ ခိုတောင်ရွာကထွက်တဲ့ ပဲမှုန့်၊ ငရုတ်သီးကြော် စတဲ့ အဆာပလာတွေပဲ သုံးပေးထားတယ်။ ခိုတောင်မုန့်တီကို မှာစားပြီးတဲ့သူတိုင်းကတော့ ကောင်းလို့ဆိုပြီး ထပ်မှာကြတာများပါတယ်။ ပို့ဆောင်မှုကတော့ ဦးအောင်ခိုင်ပဲ လိုက်ပို့တာများပါတယ်။ ခိုတောင်မုန့်တီကို တစ်ရက်ခြားပဲ လုပ်နိုင်တယ်။ ခိုတောင်မုန့်တီက ပါဝင်ပစ္စည်းတွေကလည်း များတယ်လေ။ အော်ဒါပို့ရမယ့်ရက်တွေဆိုရင် မနက်နှစ်နာရီ လောက်ကတည်းက ထပြီး ပြင်ဆင်ရတယ်။ ဦးအောင်ခိုင်တို့ လင်မယားနှစ်ယောက်ကတော့ ညှိနှိုင်းတိုင်ပင်ပြီး လုပ်နေရတာပါပဲ။ အခုကကတော့ အန်တီဝါ့ကို ချစ်တဲ့ပရိသတ်တွေက စမ်းပြီး မှာစားရင်းကနေ ကြိုက်သွားကြတာပေါ့။ အဲဒီအတွက်လည်း အားလုံးကိုကျေးဇူးတင်ပါတယ်"ဟု ဦးအောင်ခိုင်က ပြောသည်။

အနုပညာရှင်များအနေဖြင့် အစားအသောက်များ ရောင်းချလာခြင်းကို ပရိသတ်အချို့၏ ဝေဖန်ပြောဆိုမှုများနှင့် ပတ်သက်၍လည်း ဦးအောင်ခိုင်က "တချို့တွေကလည်း ဒီအလုပ်တွေကို ဦးအောင်ခိုင်တို့ ဘာလို့လုပ်နေကြတာလဲပေါ့။ အခုဆို တခြားအလုပ်အကိုင်ရှိတဲ့သူတွေက လုပ်ငန်းတွေ ပြန်ဝင်နေကြပြီ။ ဒါပေမယ့် ဦးအောင်ခိုင်တို့တတ်ကျွမ်းတဲ့ အနုပညာအလုပ်တွေက ပြန်လုပ်ခွင့်မရသေးဘူး။ ဘယ်အချိန်မှရမယ်လို့လည်း အတိအကျ မသိသေးဘူး။ အနုပညာသမားဆိုတာကလည်း လူထဲက လူတွေပါပဲ။ မိသားစုစားဝတ်နေရေးအတွက် တစ်ခုခုကတော့ လုပ်နေမှရမှာပဲလေ။ မကောင်းမြင်နေတဲ့သူတွေကိုလည်း ဘာမှမပြောချင်ပါဘူး"ဟု ဦးအောင်ခိုင်က ဆက်ပြောသည်။

**ကိုလင်း**



ခိုတောင်မုန့်တီများ လိုက်ပို့ရန် ပြင်နေသည့် ဦးအောင်ခိုင်

# ဂီတလောကသားများအတွက် ဥပဒေအကာအကွယ် လိုအပ်နေကြောင်း ပိုပို ပြောကြား

ကိုယ်တိုင်ရေးသားသီဆိုထားသော သီချင်းများကို အွန်လိုင်းပေါ်တွင် ခိုးယူခံနေရခြင်းနှင့် ပတ်သက်၍ နာမည်ကျော်တေးသံရှင်ပိုပိုက ဂီတလောကသားများအတွက် ဥပဒေအကာအကွယ် လိုအပ်နေကြောင်း သူ၏ ဖေ့စ်ဘုတ်အကောင့်တွင် ရေးသားထားသည်။

"အဆိုတော်တွေဟာ ဟိုးအရင်က အခွေလေးဘာလေးရောင်းရတော့ အရင်းမကျေရင်တောင် နောက်တစ်ခွေလုပ်ဖို့ အင်အားရှိကြတယ်၊ ဂီတမှာ အရေး၊ အတီး၊ ပရိုဂျူဆာ၊ စတူဒီယို၊ Mixing နဲ့ ဟာမိုနီ အစရှိသဖြင့် သီချင်းတစ်ပုဒ်ဖြစ်ဖို့ကို မနည်းကြိုးစားရပါတယ်၊ ကျွန်မလည်း ကြိုးစားခဲ့ရပါတယ်၊ တခြားအနုပညာရှင် တွေအားလုံးလည်း ဒီအတိုင်းပါပဲ။ အဲဒီကြားထဲမှာ ရှိုးပွဲကရတဲ့ ပိုက်ဆံလေးနဲ့ ရပ်တည်ကြရတယ်ပေါ့။ အခု ဖေ့စ်ဘုတ်ခေတ်ရောက်လာတော့ ကောင်းတဲ့အချက်ရှိသလို ဆိုးတဲ့အချက်က အခွေရောင်းအားနည်းလာတယ်။ အဆိုးဆုံးက ပိုက်ဆံအကုန်မခံရဘဲ အွန်လိုင်းပေါ်က နားထောင်ကြတဲ့စနစ်ကြောင့် အဆိုတော်တွေ အခွေထပ်ထုတ်ဖို့ တော်တော်ကြိုးစားပြင်ဆင်ကြရပါတယ်။ အခုလို youtube က ပိုက်ဆံတွေကို ရမှန်းမသိသေးတုန်းကတော့ သူများ တွေက ပျော်ပျော်ကြီး ခိုးယူသုံးကြပါတယ်။ အဲဒါနဲ့ ဝင်ငွေလေးရအောင် Youtube account လုပ်၊ MV တွေ ပိုက်ဆံအကုန်ခံရိုက်ပြီး တင်ခဲ့ပါတယ်၊ ဒါတောင် ဆက်ခိုးတဲ့သူတွေက ခိုးတုန်းပါပဲ၊ အဲဒီတော့ ကျွန်မတို့ အနုပညာရှင်တွေ ဘယ်လိုဆက်ပြီး အရည်အသွေးကောင်းတဲ့ အနုပညာတွေ ဆက်လုပ်မလဲ။ ဥပဒေလည်း ကောင်းကောင်းမရှိ မကာကွယ်ပေးနိုင်။ ကျွန်မ ကော်ပီလည်း မဆိုဖူးဘူး။ ရင်ဘတ်ထဲက တကယ် အစစ်အမှန်တွေကိုသာ ရေးသားသီဆို ထုတ်လုပ်ခဲ့ပါတယ်။ ဒီလိုအနုပညာတွေကို ကိုယ့်ဘာသာတောင် ပိုင်ခွင့်မရှိတာကို စိတ်မကောင်းဘူး။ ကျွန်မတို့လည်း ကြာလေကြာလေ အနုပညာ အလုပ်ကို ချစ်လို့သာလုပ်တာ။ ဘယ်လို ရေရှည်ဆက်ရပ်တည်မလဲ"ဟု သူကိုယ်တိုင် အသုံးပြုနေသော ဖေ့စ်ဘုတ်အကောင့်တွင် ပိုပိုက ရေးသားထားသည်။

ပိုပို ကိုယ်တိုင်ရေးသားသီဆိုထားသော အလွမ်းသီချင်း ကြိုက် တဲ့ ရေဒီယို သီချင်းတစ်ခွေလုံးကို ထိုင်းနိုင်ငံတွင် အခြေစိုက်သည်ဟု ယူဆရသော ကုမ္ပဏီတစ်ခုက ခိုးယူကာ အွန်လိုင်းတွင် မူပိုင်ခွင့် အရင်တင်ထားသောကြောင့် ပိုပိုက အွန်လိုင်းတွင်တင်သည့်အခါ copy right မိပြီး တင်ခွင့်မရကြောင်းလည်း ပိုပိုက ရေးသားထားသည်။

ပိုပိုအနေဖြင့် ချစ်ဖူးခဲ့သမျှဟု အမည်ရသည့် ပထမဆုံး တစ်ကိုယ်တော် တေးစီးရီး ထွက်ခဲ့ပြီးနောက် ပရိသတ်များ၏အကြိုက်နှင့် ထပ်တူကျခဲ့ပြီး အောင်မြင်မှုများစွာ ရရှိခဲ့ကာ နောက်ပိုင်းတွင် ထွက်ရှိခဲ့သည့် သီချင်းများမှာလည်း လူငယ်ပရိသတ်များ၏ အားပေးမှုကို အခိုင်အမာရရှိလျက် ရှိသည်။

**ကိုလင်း**

# အကျပ်အတည်းဖြစ်နေသော ရုပ်ရှင်လောကသားများအတွက် မိုးဟေကိုက မွေးနေ့အထိမ်းအမှတ်အဖြစ် ကျပ် ၁၀ သိန်းလှူဒါန်း

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အကျပ်အတည်းဖြစ်နေသော ရုပ်ရှင်လောကသားများအား ကူညီလှူဒါန်းနိုင်ရန်အတွက် သရုပ်ဆောင်မိုးဟေကိုက အလှူငွေ ကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဇွန် ၂၄ ရက်က လာရောက်လှူဒါန်းခဲ့သည်။

"ကိုဗစ်ကာလအတွင်းမှာ ရိုက်ကူးရေးတွေ နားထားရတဲ့အတွက် အခက်အခဲဖြစ်နေတဲ့ ရုပ်ရှင်နဲ့ ဗီဒီယိုလောကသားတွေကို ကူညီပေးဖို့ သရုပ်ဆောင် မိုးဟေကိုက ငွေကျပ် ၁၀ သိန်း လာရောက်လှူဒါန်းတာပါ။ အခုလို လှူဒါန်းပေးတဲ့အတွက် ရုပ်ရှင်လောကသားတွေကိုယ်စား အထူးကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနဲ့ အလှူရှင်တွေ ပူးပေါင်းပြီးတော့လည်း ရုပ်ရှင်လောကသားတွေကို စားသောက်ကုန်တွေနဲ့ အလှူငွေကို ဇွန် ၂၂ ရက်ကနေစပြီး တတိယအကြိမ်အဖြစ် ကူညီထောက်ပံ့ပေးနေပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသည် CB-KMA ဖောင်ဒေးရှင်းနှင့် အခြားအလှူရှင်များနှင့် ပူးပေါင်း၍လည်း ကိုဗစ်ကာလအတွင်း အကျပ်အတည်းဖြစ်နေသော ရုပ်ရှင်လောကသားများအတွက် ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်များနှင့် အလှူငွေများကို ဧပြီလမှ စတင်ကာ ကူညီထောက်ပံ့ပေးလျက်ရှိသည်။

**ကိုလင်း**



နိုင်ငံတကာအနုပညာသတင်းပဒေသာ

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆု ဘီယွန်စေးရရှိ

ဘီအီးတီ ဆုပေးပွဲရဲ့ ဂုဏ်သိက္ခာကြီးမားတဲ့ဆုတစ်ဆုဖြစ်တဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဆုကို အဆိုတော်ဘီယွန်စေးက ရရှိသွားပါတယ်။ ဆုပေးပွဲကို ၂၀၂၀ ဇွန် ၂၈ ရက်က ပြုလုပ်ခဲ့တာဖြစ်ပြီး ဖျော်ဖြေရေးလောက၊ အားကစား၊ ဂီတနဲ့ရုပ်သံတို့မှာ ထူးချွန်သူတွေကို ဆုပေးတဲ့ပွဲလည်းဖြစ်ပါတယ်။ အဲဒီပွဲမှာ ဘီယွန်စေးကို ဂုဏ်ပြုဖို့အတွက် အမေရိကန်သမ္မတကတော်ဟောင်း မီရှဲအိုဘားမားလည်း တက်ရောက်ခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆုကို မီရှဲအိုဘားမားက ဘီယွန်စေးကို ချီးမြှင့်ပေးခဲ့ပါတယ်။

ဆုလက်ခံရယူပြီးတဲ့နောက်မှာတော့ ဘီယွန်စေးက အခုအချိန်ဟာ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ရမယ့်အချိန်ပဲလို့ ပြောပါတယ်။ ဂျော့ဂျ်ဖလွိုဒ်သေဆုံးမှုအတွက် လမ်းပေါ်ထွက်ဆန္ဒပြကြသူတွေကိုလည်း ဘီယွန်စေးက ချီးကျူးစကားပြောကြားခဲ့ပါတယ်။ ယခုနှစ်ကုန်ပိုင်းမှာ ကျင်းပမယ့် အမေရိကန်သမ္မတရွေးကောက်ပွဲမှာလည်း ပြည်သူတွေဟာ စစ်မှန်တဲ့ အာဏာကိုပြသရမှာဖြစ်ပြီး စစ်မှန်တဲ့အာဏာဟာလည်း မဲပေးခြင်းသာဖြစ်တယ်လို့ ဘီယွန်စေးက ပြောခဲ့ပါတယ်။ မညီမျှတဲ့စနစ်နဲ့ လူမျိုးရေးခွဲခြားမှုကို ပြောင်းလဲဖို့ဆိုရင် ပြည်သူတွေ အတူတကွ တိုက်ဖျက်ရမှာပဲဖြစ်တယ်လို့ ဘီယွန်စေးက ပြောပါတယ်။ ဘီယွန်စေးရဲ့တက်ကြွလှုပ်ရှားမှုတွေအတွက်လည်း မီရှဲအိုဘားမားက ချီးကျူးစကားဆိုခဲ့ပြီး နောက်မျိုးဆက်အတွက် ဘီယွန်စေးဟာ တွန်းအားပေးနိုင်တဲ့သူလို့ ခေါ်ဝေါ်ခဲ့ပါတယ်။

**စကိုင်းနယူးစ်**




အဆိုတော် ဘီယွန်စေး

## ဆိုဖီယာတန်နာနှင့် ဂျိုဂျိုနာ့စ်တို့၏ မင်္ဂလာနှစ်ပတ်လည်နေ့အတွက် ပရီယန်ကာချိုပရာက ဆုတောင်းစကားပြော

ဘောလိဝုဒ်မင်းသမီး ပရီယန်ကာချိုပရာက သူ့ရဲ့မတ်တော်စပ်သူ ဂျိုဂျိုနာ့စ်နဲ့ ဆိုဖီယာတန်နာတို့အတွက် မင်္ဂလာနှစ်ပတ်လည်နေ့မှာ ဆုတောင်းစကားဆိုခဲ့ပါတယ်။ အခုကျရောက်တဲ့နှစ်ပတ်လည်နေ့ဟာ ဆိုဖီယာတန်နာနဲ့ ဂျိုဂျို နာ့စ်တို့အတွက် ပထမဆုံးကျရောက်တဲ့ မင်္ဂလာနှစ်ပတ်လည်နေ့လည်း ဖြစ်ပါတယ်။

ပရီယန်ကာက ဂျိုဂျိုနာ့စ်တို့စုံတွဲရဲ့ ပြင်သစ်မှာပြုလုပ်ခဲ့တဲ့ မင်္ဂလာဆောင်ဓာတ်ပုံကို အင်စတာဂရမ်မှာတင်ခဲ့ပြီး ပျော်ရွှင်ဖွယ်ရာ တစ်နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်နေ့ပါ။ နှစ်ယောက်စလုံးကို ချစ်ပါတယ်ဆိုပြီး စာရေးသားခဲ့ပါတယ်။ ဂျိုနဲ့ဆိုဖီယာတို့ဟာ ပထမဦးဆုံးရင်သွေးလေးကိုပိုင်ဆိုင်ရတော့မှာဖြစ်ပြီး ဆိုဖီယာဟာ Black Lives Matter ဆိုတဲ့ လမ်းပေါ်ထွက်ဆန္ဒပြမှုမှာလည်းပါဝင်ခဲ့ပါတယ်။ ဂျိုနဲ့ ဆိုဖီယာတို့ဟာ လက်စ်ဗီးဂတ်စ်မှာ လျှို့ဝှက်မင်္ဂလာပွဲကျင်းပခဲ့ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့ ပထမဆုံးမင်္ဂလာနှစ်ပတ်လည်အခမ်းအနားကိုလည်း လက်စ်ဗီးဂတ်စ်က အိမ်မှာပဲ ဖြတ်သန်းချင်တယ်လို့ ဂျိုက ပြောပြခဲ့ဖူးပါတယ်။

**ဟင်ဒူစတန် တိုင်းမ်**




ဂျိုဂျိုနာ့စ်နှင့် ဆိုဖီယာတန်နာတို့၏ လက်ထပ်ပွဲပုံကို တွေ့ရစဉ်။

ခြူး

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂၆)

# ဖမ်းဆီးခြင်းအကြောင်း



**ဦးဟန်ညွန့် (ဥပဒေ)**

**ဆွဲသွားလို့**

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို ရဲက မနေ့ညက ဆွဲသွားလို့ပါ ဆရာကြီး။ သူ့ဇနီးက ဘာလုပ်လို့ လုပ်ရမှန်းမသိ။ တငိုငို တရီရီနဲ့။ ကျွန်တော့်ကို ရှေ့နေဆိုပြီး အထင်ကြီးကြီးနဲ့ ဖမ်းဆီးခြင်းအကြောင်း လာမေးနေလို့ပါ။ ကျွန်တော်လည်း သိပ်ရှင်းမပြတတ်လို့ ဆရာကြီးအနေနဲ့ ဖမ်းဆီးခြင်းအကြောင်း ရှင်းပြပေးပါဆရာကြီး..." ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက မေတ္တာရပ်ခံလာပါသည်။ ထို့ကြောင့် ဖမ်းဆီးခြင်းအကြောင်း မျှဝေလိုက်ပါသည်။

**ရာဇဝတ်ကျင့်ထုံး**

ဖမ်းဆီးခြင်းအကြောင်းကို ရာဇဝတ်ကျင့်ထုံးအခန်း(၅)တွင် ဖော်ပြထားသည်။ မည်သို့ဖမ်းဆီးရခြင်းအကြောင်းကို ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၆ တွင် ဖော်ပြပြဋ္ဌာန်းသည်။

၄၆။ (၁) ဖမ်းဆီးရာတွင် ဖမ်းဆီးခြင်းခံရမည့်သူက အသာတကြည် အဖမ်းခံမည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာမပြခဲ့လျှင် ဖမ်းဆီးသည့်ရဲအရာရှိ သို့မဟုတ် အခြားဖမ်းဆီးသူသည် မိမိဖမ်းဆီးရမည့်သူကို ကိုယ်ထိလက်ရောက် ချုပ်နှောင် ဖမ်းဆီးရမည်။

**ဖမ်းဆီးရာတွင်ခုခံခြင်း**

(၂) အကယ်၍ ဖမ်းဆီးခြင်းခံရမည့်သူက ၎င်းအားဖမ်းဆီးခြင်းကို အကြမ်းဖက်ခုခံလာလျှင် သို့မဟုတ် ဖမ်းဆီးခြင်းကို တိမ်းရှောင်ရန်အားထုတ်လျှင် ဖမ်းဆီးသည့်ရဲအရာရှိသည် သို့မဟုတ် အခြားဖမ်းဆီးသူသည် ဖမ်းဆီးရမိအောင် လိုအပ်သည့် နည်းလမ်းမှန်သမျှကို အသုံးပြုနိုင်သည်။

(၃) သေဒဏ်ထိုက်သင့်သည့်ပြစ်မှု သို့မဟုတ် သက်ဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တစ်သက်တစ်ကျွန်းဒဏ်၊ ထောင်ဒဏ်တစ်သက် သို့မဟုတ် နှစ်အကန့်အသတ်မရှိထောင်ဒဏ် သို့မဟုတ် ထောင်ဒဏ် နှစ် ၂၀ ထိုက်သင့်သောပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခြင်းမခံရသူကို သေစေရန် ဤဥပဒေပါ မည်သည့်အချက်ကမျှ ခွင့်မပြုရ။

**ပုဒ်မ ၄၆ ၏ အနှစ်သာရ**

ပုဒ်မ ၄၆(၂)အရ ဖမ်းဆီးရာတွင် အကြမ်းဖက်ဖမ်းဆီးရာတွင် လိုအပ်သည့်နည်းလမ်းမှန်သမျှကို အသုံးပြုနိုင်သည် ဆိုသော်လည်း ပုဒ်မ ၅၀ အရ ဖမ်းဆီးရမိသူ ထွက်မပြေးနိုင်စေရန် ချုပ်နှောင်ရာ၌ လိုအပ်သည်ထက်ပို၍ အင်အားမသုံးရပေ။ ပြစ်မှုအတွက် ဥပဒေနှင့်အညီဖမ်းဆီးသည်ကို တရားခံက တမင်ခုခံခြင်း သို့မဟုတ် ချုပ်ထားရာမှထွက်ပြေးခြင်းအတွက် ပြစ်ဒဏ်ကို ရာဇသတ်ကြီးပုဒ်မ ၂၂၄ တွင် ပြဋ္ဌာန်းထားသည်။

တရားခံအား ပြစ်မှုအတွက်ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို အခြားသူက တမင်ခုခံခြင်း သို့မဟုတ် တရားခံအား ချုပ်ထားရာမှ ကယ်လွှတ်ခြင်း၊ ကယ်လွှတ်ရန် အားထုတ်ခြင်းအတွက် ပြစ်မှုအကြီးအသေးအလိုက် ပြစ်ဒဏ်များကို ရာဇသတ်ကြီးပုဒ်မ ၂၂၅ တွင် ပြဋ္ဌာန်းထားသည်။

အဆိုပါပုဒ်မ ၂၂၄၊ ၂၂၅ နှင့် တည်ဆဲဥပဒေတစ်ခုခု၌ ပြဋ္ဌာန်းထားခြင်းမရှိသော အမှုတစ်ခုခုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဖမ်းဆီးသည်ကို တရားခံကဖြစ်စေ၊ အခြားသူကဖြစ်စေ၊ တမင်ခုခံခြင်း သို့မဟုတ် တရားခံအား ချုပ်နှောင်ထားရာမှ ထွက်ပြေးခြင်း၊ ကယ်လွှတ်ခြင်း၊ အားထုတ်ခြင်းတို့အတွက် ပြစ်ဒဏ်ကို ရာဇသတ်ကြီးပုဒ်မ ၂၂၅-ခ တွင် ပြဋ္ဌာန်းထားသည်။

**မောင်ပျင်းရိ သိမှတ်စရာ**

မောင်ပျင်းရိသိမှတ်စရာမှာ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၆ နှင့် ၅၀ ဖြစ်ပါသည်။ ရဲက တရားခံကို ဖမ်းဆီးရာတွင် ချက်ချင်းလက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့်ချည်ခြင်းပြုလုပ်ရန်မလိုဘဲ ဥပဒေနှင့်အညီသာ ဆောင်ရွက်ရပါမည်။ အာမခံပေးနိုင်သောအမှုတွင် တရားခံကို ချက်ချင်းလက်ထိပ်မခတ်နိုင်ပါ။ ထွက်ပြေးရန်အားထုတ်မှသာ သို့မဟုတ် ရဲစခန်းသို့လိုက်ရန် ငြင်းဆိုမှသာ လက်ထိပ်ခတ်နိုင်ကြောင်း သတိပြုရန်ဖြစ်ပါသည်။

အဖမ်းခံရမည့်သူက အဖမ်းမခံဘဲ တိမ်းရှောင်ရန် အားထုတ်လျှင် ဖမ်းမိအောင် လိုအပ်သည့်နည်းလမ်းအားလုံးကို အသုံးပြုနိုင်ပါသည်။ ရဲအရာရှိက အမျိုးမျိုးသတိပေးပြီးနောက် အဖမ်းခံရမည့်သူက အိမ်ထဲဝင်ရောက် ပုန်းအောင်းနေသဖြင့် အိမ်ထဲသို့ သေနတ်ဖြင့်ပစ်ရာ လူတစ်ဦးကို ထိမှန်သေဆုံးမှုတွင် လူသတ်မှုမမြောက်ကြောင်း စီရင်ထုံးဖွဲ့ဖူးသည်ကိုပါ မောင်ပျင်းရိ လေ့လာဖတ်ရှုလျှင် တွေ့မြင်မည်ဖြစ်ပါသည်။

**ခိုဝင်ပုန်းအောင်းနေသည့်နေရာ**

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၇ အကြောင်း ရေးရဦးမည်။ ဝင်ခွင့်မရလျှင် ဝရမ်းအမိန့်အရ ဆောင်ရွက်သူက မည်သည့်အမှုတွင်မဆို ယင်းနေရာသို့ ဝင်ရောက်ရှာဖွေခြင်းမှာ ဥပဒေနှင့်ညီညွတ်စေရမည် ဖြစ်ပါသည်။ ဖမ်းဆီးခံရမည့်သူ ထွက်မပြေးနိုင်မီ ၎င်းဝရမ်းအမိန့်မရနိုင်သည့် မည်သည့်အမှုတွင်မဆို ရဲအရာရှိက ၎င်းနေရာသို့ ဝင်ရောက်ရှာဖွေခြင်းမှာလည်း ဥပဒေနှင့် ညီညွတ်စေရပါမည်။

**ဝင်ခွင့်ပေးရန်**

မိမိ၏အခွင့်အာဏာနှင့် မည်သည့်ကိစ္စရှိကြောင်း ပြောဆိုပြီးဝင်ခွင့်ပေးရန် ထိုက်သင့်သလို တောင်းဆိုမှု ပြုရပါမည်။ အခြားနည်းဖြင့် ဝင်ခွင့်မရလျှင် အဖမ်းခံရမည့်သူ ပိုင်သည်ဖြစ်စေ၊ အခြားသူတစ်ဦးပိုင်သည်ဖြစ်စေ ယင်းအိမ် သို့မဟုတ် နေရာ၏ မည်သည့် အပြင်တံခါး၊ အတွင်းတံခါး သို့မဟုတ် ပြတင်းပေါက် စသည်များကို ဖျက်ဆီးဖွင့်လှစ်ခြင်းမှာလည်း ဥပဒေနှင့်ညီညွတ်စေရမည်ဟု ပြဋ္ဌာန်းထားသည်ကို အလုပ်သင်ရှေ့နေ မောင်ပျင်းရိ လေ့လာသိရှိစေချင်ပါသည်။ သို့မှလည်း သူတစ်ပါးကို မောင်ပျင်းရိ ပြန်လည်ရှင်းပြနိုင်ပေမည်။




**တံခါးများချိုးဖျက်**

ရဲအရာရှိသည် ပုဒ်မ ၄၇ အရ ဝင်ရောက်ခွင့်ရှိသော်လည်း ဝင်ခွင့်မရဘဲ အခက်အခဲတွေ့လျှင် ဘာလုပ်ရမည်လဲ။ ဝင်ရောက်ရှာဖွေ ဖမ်းဆီးခွင့်ရအောင် အင်အားသုံး၍ တံခါးများချိုးဖျက်ပြီး ဆောင်ရွက်ခွင့်ရစေဖို့ ပြဋ္ဌာန်းချက်ရှိ ကြောင်း မောင်ပျင်းရိ မမေ့စေလိုပါ။

**ဟန့်တားနှောင့်ယှက်မှု**

ရဲအရာရှိအား ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားနှောင့်ယှက်၍ သာမန် နာကျင်စေမှုဖြစ်လျှင် ထိုသူအား ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ အပြင်းအထန် နာကျင်စေမှုဖြစ်လျှင် ရာဇသတ်ကြီးပုဒ်မ ၃၃၃ အရ အရေးယူနိုင်ပါသည်။

**အခြားသိမှတ်ဖွယ်ရာများ**

လွတ်ထွက်ရန်အကြောင်းဖြင့် တံခါးနှင့် ပြတင်းပေါက်များကို ဖျက်ဆီးဖွင့်လှစ်နိုင်ခွင့်အာဏာအကြောင်းကို ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၉ တွင်အကျယ် ဖတ်ရှုနိုင်ပါသည်။ လိုအပ်သည်ထက်ပို၍ တားဆီးကန့်ကွက်မထားရခြင်းအကြောင်းကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၀ တွင်လည်းကောင်း၊ ဖမ်းဆီးခံရသူကို ရှာဖွေခြင်းအကြောင်းကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ – ၅၁ တွင်လည်းကောင်း၊ မိန်းမတို့ကိုရှာဖွေရန် နည်းလမ်းအကြောင်းကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၂ တွင်လည်းကောင်း လေ့လာဖတ်ရှုရန် တိုက်တွန်းပါသည်။

**ရန်မူနိုင်သောလက်နက်**

ဖမ်းဆီးခြင်းခံရသူ ရန်မူနိုင်သောလက်နက်များကို သိမ်းဆည်းနိုင်သည့်အာဏာကိုလည်း ရာဇဝတ်ကျင့်ထုံးပုဒ်မ ၅၃ တွင် အပ်နှင်းထားပါသည်။

**ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်က ဝရမ်းမပါဘဲ မည်သည့်အခါ ဖမ်းဆီးနိုင်ကြောင်းကို ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၄ တွင် ပြဋ္ဌာန်းထားပါသည်။ နေထိုင်ရာ အတည်တကျ မရှိသူ၊ လုယက်တတ်သူ စသည်တို့ကို ဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၅ တွင် ပြဋ္ဌာန်းထားပါသည်။

**အမည်နှင့်နေရပ်လိပ်စာပေးရန် ငြင်းဆိုခြင်း**

အမည်နှင့်နေရပ်လိပ်စာကိုတောင်းခံရန်၊ စစ်မေးရန်လိုအပ်သည့်အခါ ရဲအရာရှိများက မေးမြန်းစစ်မေးတတ်ပါသည်။ ငြင်းဆိုလျှင် ဖမ်းဆီးနိုင်ခွင့်အာဏာအကြောင်းကို ရာဇဝတ်ကျင့်ထုံးပုဒ်မ – ၅၇ ကို လေ့လာသင့်ပါသည်။

**အရပ်သားများက ဖမ်းဆီးခြင်း**

မည်သည့်အရပ်သားကမဆို မိမိရှေ့မှောက်တွင် အာမခံမပေးနိုင်သည့်အပြင် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်စုံတစ်ရာကျူးလွန်သူအား ဖမ်းဆီးနိုင်ပါသည်။ ထို့နောက် ရဲအရာရှိလက်သို့အပ်နှံရန် ဖြစ်ပါသည်။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ – ၅၉ ကို ရည်ညွှန်းပါသည်။

**ဗဟုသုတဖတ်ဖွယ်**

**[လွတ်လပ်ခွင့်ကိုဆုံးရှုံးစေခြင်း သို့မဟုတ် ဖမ်းဆီးခြင်းသိမှတ်စရာ အချက် ၁၀၀]** အမည်ရှိ စာရေးဆရာ **ကြင်ဦးလူ (ရဲမှူးကျင်ယုနိုင်-ငြိမ်း)** ရေးသော စာအုပ်မှာ အလုပ်သင်ရှေ့နေ မောင်ပျင်းရိတို့ လူငယ်ရှေ့နေများ ဖတ်သင့်သော ဗဟုသုတဖြစ်ဖွယ်စာအုပ် ဖြစ်ပါသည်။ ရန်ကုန် ပန်းဘဲတန်းမြို့နယ် ခုနစ်စဉ်ကြယ်စာပေက ၂၀၁၄ အောက်တိုဘာလတွင် ထုတ်ဝေသော စာအုပ်ဖြစ်ပါသည်။

ဖမ်းဆီးခြင်းမှာ ဥပဒေနှင့်ညီညွတ်ဖို့ အဓိကဖြစ်ပါသည်။ တရားသူကြီး၏ ချုပ်မိန့်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက်ပို၍ ချုပ်နှောင်ခြင်းမပြုရကြောင်းကိုလည်း နိုင်ငံသူ နိုင်ငံသားတိုင်း သိပြီးဖြစ်ပါသည်။

**စေတနာ**

မောင်ပျင်းရိ သိချင်သော ဖမ်းဆီးခြင်းအကြောင်းကို တွေးခေါ်မိသည့် ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အိမ်တွင်းဖြစ် နှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲတွင် ဒုတိယဆုရရှိသူအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆုချီးမြှင့်

**မုံရွာ ဇွန် ၃၀**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးတွင် အထောက်အကူ ဖြစ်စေရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ကျင်းပခဲ့သော အိမ်တွင်းဖြစ် နှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲတွင် ဆုရရှိသူ ဒေါ်မေဖြူစင်ငြိမ်းအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဇွန် ၃၀ ရက်တွင် ပေးအပ်သည်။

မုံရွာမြို့ရှိစစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆုချီးမြှင့်ပွဲတွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများပူးပေါင်း၍ ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး အိမ်တွင်း ဖြစ် နှာခေါင်းစည်းချုပ်လုပ်မှု ပြိုင်ပွဲတွင် ပြည်သူ့အကျိုးပြုဆု၌ ဒုတိယဆုရရှိသူ ဒေါ်မေဖြူစင်ငြိမ်းအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ချီးမြှင့်သည့် ဂုဏ်ပြုဆုနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့် အမှတ်တရလက်ဆောင် ဆုတံဆိပ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

**ထွန်းကိုကို(ယင်းမာပင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဆုရရှိသူအား ဂုဏ်ပြုဆုပေးအပ်စဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လမ်းခင်းရန် ထောက်ပံ့ငွေပေးအပ်စဉ်။

## ကျေးရွာလမ်း ကွန်ကရစ်ခင်းရန် ကယားပြည်နယ်အစိုးရက ထောက်ပံ့ငွေပေးအပ်

**လွိုင်ကော် ဇွန် ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့ ကယန်းသာယာ (မြောက်)ရွာ၌ စံပြလမ်းအဖြစ် အရှည်ပေ ၁၀၀၀ ကွန်ကရစ်လမ်းခင်းနိုင်ရန် ကျေးရွာကိုယ်စားလှယ်များက တင်ပြလာမှုအရ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးတို့နှင့်အတူ ကိုယ်စားလှယ်များအား ဇွန် ၂၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ ရုံးခန်း၌ တွေ့ဆုံ၍ ပြည်နယ်အစိုးရမှ ထောက်ပံ့ငွေကျပ် ၉၉ သိန်းကို ပေးအပ်သည်။

တောင်ပေါ်ဒေသရှိ ကယန်းလူမျိုးစုတစ်စုသည် ၁၉၇၀ ပြည့်နှစ်တွင် ယခုလက်ရှိ ကယန်းသာယာ မြောက်ရွာ၏ အနောက်ဘက်တွင် စတင် အခြေချနေထိုင်လာခဲ့ကြောင်း၊ နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ထိုရွာမှ ပြောင်းလာခဲ့ကြပြီး ယခုလက်ရှိ ကယန်းသာယာ မြောက်ရွာ၌ အခြေချ နေထိုင်လာခဲ့ကြကြောင်း၊ ကယန်းသာယာ မြောက်ရွာတွင် နေထိုင်လာခဲ့ကြသည်မှာ နှစ်ပေါင်း ၃၀ တိုင်ခဲ့ပြီး လက်ရှိတွင် အိမ်ခြေ ၁၂၀၊ လူဦးရေ ၆၇၀ ရှိပြီဖြစ်ကြောင်း သိရသည်။

ကယန်းသာယာရွာသည် လွိုင်ကော်မြို့နှင့် ခြောက်မိုင်အကွာတွင် တည်ရှိသော ရွာတစ်ရွာဖြစ်သော်လည်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးတို့တွင် အခြားရွာများနှင့် နှိုင်းယှဉ်ပါက နောက်ကျနေဆဲဖြစ်သဖြင့် ကျေးရွာအတွင်း စံပြလမ်းအဖြစ် ကွန်ကရစ်လမ်းတစ်လမ်း ခင်းနိုင်ရေးအတွက် ပြည်နယ်အစိုးရက ကူညီဆောင်ရွက်ပေးရန် ကျေးရွာမှ ကျောင်းထိုင်ဆရာတော်နှင့် တာဝန်ရှိသူများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့က ပြည်နယ်ဝန်ကြီးချုပ်ထံ လာရောက်တင်ပြခဲ့၍ ပြည်နယ်အစိုးရက ထောက်ပံ့ငွေပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။ **စိုးလှိုင်ငွေး(ပြန်/ဆက်)**

## MPT နှင့် Wunzinn app ပူးပေါင်းကျင်းပမည့် ဖတ်ညွှန်းဒိုင်ယာရီ စာညွှန်းပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ စာပေမြတ်နိုးသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ရန်ကုန် ဇွန် ၃၀**

စာပေဖတ်ရှုမှုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်လူငယ်စာရေးဆရာများ ပေါ်ထွန်းလာစေရန် ရည်ရွယ်လျက် MPT နှင့် ဝန်ဇင်းမိုဘိုင်းအက်ပလီကေးရှင်းတို့ ပူးပေါင်း၍ စာရေးဆရာ လေးဦး၏ စာအုပ်ပေါင်း ၂၀မှ အကြိုက်နှစ်သက်ဆုံးစာအုပ်ကို ရွေးချယ်ဖတ်ရှု၍ ထိုစာအုပ်အပေါ် မိမိကိုယ်ပိုင်အမြင်နှင့် ပြန်လည်သုံးသပ်ချက်ကို ရှင်းလင်းထိမိစွာရေးသားဖော်ပြရမည့် "ဖတ်ညွှန်းဒိုင်ယာရီ" စာညွှန်းပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အခုလိုကာလမှာ စာပေချစ်မြတ်နိုးတဲ့လူငယ်တွေအတွက် စာဖတ်ခြင်းနဲ့ စာရေးခြင်းကို ပိုမိုဖတ်ရှုလေ့လာနိုင်ဖို့ ဆောင်ရွက်တာပါ။ ဖတ်ညွှန်း ဒိုင်ယာရီ စာညွှန်းပြိုင်ပွဲက မျိုးဆက်သစ်စာရေးဆရာတွေ ပေါ်ထွန်းဖို့ အထောက်အပံ့ ဖြစ်စေမယ်လို့လည်း ယုံကြည်ပါတယ်"ဟု MPT ၏ စီးပွားရေးဌာနမှ Mr.Tetsunori Nagashima က ပြောသည်။

ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လူငယ်များအနေဖြင့် မိမိတို့ကိုယ်တိုင်ရေးသားထားသော စာအညွှန်းများကို မိမိကိုယ်ပိုင် Facebook Account တွင် သက်ဆိုင်ရာ Hashtag များဖြင့် တွဲတင်၍ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဆိုင်ရာ အချက်အလက်များကို https://www.facebook.com/wunzinn တွင် အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအချက်အလက်များကို Google Form မှတစ်ဆင့် တောင်းခံမည်ဖြစ်ပြီး ပြည့်စုံစွာ ရေးသားပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများအနေဖြင့် စာရေးဆရာ တစ်ဦးစီ၏ စာအုပ်များမှ ကြိုက်နှစ်သက်ရာတစ်အုပ်ကို ဖတ်ရှု၍ သတ်မှတ်ရက်အလိုက် ဖတ်ညွှန်းရေးသားပြီး တင်ပေးရမည်ဖြစ်ရာ စာရေးဆရာအကြည်တော်၏ ဘီလူး၊ ရွှေမိုးသည်း၊ ပြုံးရွှင်သည် ငိုတတ်သည်၊ ယောက္ခမနှင့် တစ်ထောင့်တစ်ည၊ ဇော်ကကနေသည် စသည့် စာအုပ်များအတွက် အညွှန်းကို ဇူလိုင် ၁ ရက်မှ ၁၀ ရက်အတွင်း၊ ဆရာမ စံပယ်ဖြူနု၏ အလွမ်းဆိုင်၊ လှပ၍လွင့်သောကမ္ဘာ၊ ခေတ်ရယ်အချစ်ရယ်၊ မြောက်ဖျားက အလွမ်းရာသီ၊ အယ်နီ စသည့် စာအုပ်များအတွက် အညွှန်းကို ဇူလိုင် ၁၁ ရက်မှ ၂၀ ရက်အတွင်း၊ ဆရာမ မစန္ဒာ၏ အရိပ်၊ ဆဋ္ဌဂံ၊ ဟိုဘက်ကမ်းက လွမ်းပုံပြင်၊ ဂျီဟောသူ၊ ဘဝအိပ်မက် ပန်းအိပ်မက် စာအုပ်များအတွက် အညွှန်းကို ဇူလိုင် ၂၁ ရက်မှ ၃၀ ရက်အတွင်း၊ ဆရာ သိုးဆောင်း၏ ဤအရပ်တွင် မိုးညိုခဲ့သည်၊ လက်ညှိုးထိုး၍ ပန်းဝေသီ၊ သိသောသူမည်ကား ကြားပါစေ၊ အကြင်သူသည်၊ ပဉ္စလက်ရွာ စသော စာအုပ်များအတွက် အညွှန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ်၉ ရက်အတွင်း ရေးသား၍ တင်ပေးခြင်းဖြင့် ပြိုင်ပွဲဝင်ရမည်ဖြစ်ကြောင်း သိရသည်။

အကဲဖြတ်သုံးသပ်ခြင်းကို စာညွှန်းရေးသားမှုများနှင့် ဖန်တီးမှုဆိုင်ရာ အရေးအသားအပေါ် အခြေခံ ရွေးချယ်သွားမည်ဖြစ်ပြီး Facebook ပေါ်၌ Like and Share အများဆုံးရရှိသော အရေအတွက်ပေါ်တွင် ဆုရွေးချယ်သွားမည်ဖြစ်ကြောင်း၊ People Choice Award ဆု အပါအဝင် ဆုလေးဆု ချီးမြှင့်သွားမည်ဖြစ်ရာ တစ်ဆုလျှင် လေးဦးဖြင့် စုစုပေါင်း ၁၆ ဦးကို ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

## ကမ္ဘာ့ရွှေဈေး ၁၀ နှစ်အတွင်း စံချိန်တင်မြင့်တက်

**ရန်ကုန် ဇွန် ၃၀**

ကမ္ဘာ့ရွှေဈေးမှာ ၂၀၀၉ ခုနှစ်မှစ၍ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ရှိလာခဲ့ရာမှ ဆယ်နှစ်အတွင်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၀ ကျော်အထိ စံချိန်တင် မြင့်တက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။

လက်ရှိ ကမ္ဘာ့ရွှေဈေး စံချိန်တင်မြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၃ သိန်းကျော်အထိ လိုက်ပါမြင့်တက်ရမည်ဖြစ်သော်လည်း ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၁၇၀၀၀ သာ ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင်မူ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန် ဖြစ်ခဲ့ချိန်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ကျော်အထိသာ ရှိခဲ့သည်။

" ကမ္ဘာ့ရွှေဈေးနဲ့တွက်ရင် ပြည်တွင်းရွှေဈေးက ငွေကျပ် ၁၃ သိန်းကျော်ရမယ်၊ ကျွန်တော်တို့ ရွှေကို အားလုံးက လက်ဝတ်တန်ဆာအနေနဲ့ထားတယ်။ မရှိတဲ့ အချိန်ကျတော့လည်း အရင်းအနှီးအနေနဲ့ ပြန်ရောင်းတာပေါ့။ ကျွန်တော်တို့ ဒီရွှေက တစ်ပြည်လုံးအကုန်လုံး ပြန့်နေတဲ့ဟာက အခု ပြန်ရောင်းတဲ့အခါကျတော့ ကျွန်တော်တို့က ကမ္ဘာ့ပေါက်ဈေးမရဘူး။ ကျွန်တော်တို့ ဝယ်ထားတဲ့ အချိန်တုန်းက အားလုံးက ငွေကျပ် ၁၂ သိန်း၊ ငွေကျပ် ၁၃ သိန်း၊ အဲဒီလို ကမ္ဘာ့ပေါက်ဈေးနဲ့ ဝယ်ထားပြီးတော့ အခုပြန်ရောင်းတဲ့အခါကျ ကမ္ဘာ့ပေါက်ဈေး မရဘူးဖြစ်နေတယ်။ စားသုံးသူတော့ နစ်နာတာပေါ့" ဟု ၎င်းက ထပ်မံပြောကြားသည်။

ထိုသို့ ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေး လိုက်ပါမမြင့်တက်နိုင်ခြင်းမှာ ပြည်ပအဝယ် ရပ်နေသည့်အပြင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းသည်လည်း ကျဆင်းနေသောကြောင့် ဖြစ်ကြောင်း ဦးမျိုးမြင့်က ပြောသည်။

လက်ရှိ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၂ ဒေါ်လာရှိပြီး အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ငွေကျပ် ၁၃၈၇ သာရှိကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်မှာလည်း အဝယ်ထက် အရောင်းများနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

"အခု လောလောဆယ် အရောင်းများတယ်။ အားလုံးက ငွေလိုနေတဲ့အချိန်ဖြစ်တယ်။ လုပ်ငန်းတွေက အသစ်အကုန်လုံး ပြန်စတဲ့အခါကျတော့ လာပြန်ရောင်းတာတွေများတယ်။ တချို့ဆိုင်တွေဆိုရင် တစ်နေ့ကို ခြောက်ပိဿာလောက်ထိ လာပြန်ရောင်းတာတွေရှိတယ်'' ဟု ဦးမျိုးမြင့်က ဆက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေဆိုင်တစ်သောင်းကျော်ရှိပြီး ယခင်က တစ်နေ့လျှင် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

ပြီးခဲ့သည့် လေးလက ရွှေဈေးကို ပြန်ကြည့်မည်ဆိုလျှင် ဖေဖော်ဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၁၄၁၀၀ (ဖေဖော်ဝါရီ ၅ ရက်) နှင့် အမြင့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၃၄၂၀၀ (ဖေဖော်ဝါရီ ၂၈ ရက်)၊ မတ်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ၁၁၄၈၀၀၀ (မတ် ၃၁ ရက်) နှင့် အမြင့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၁၈၆၀၀ (မတ် ၄ ရက်)၊ ဧပြီတွင်မူ ကိုဗစ် -၁၉ ကြောင့် ပြည်တွင်းရွှေဈေးကွက်ပိတ်ထားပြီး မေ ၁၈ ရက်တွင် ရွှေဈေးကွက်ပြန်ဖွင့်ကာ ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၁၄၁၀၀ (မေ ၂၇ ရက်)နှင့် အမြင့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၃၆၀၀၀ (မေ ၁၈ ရက်)တို့ ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာမူ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ စံချိန်တင်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်ခဲ့ရာ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှဖေဖော်ဝါရီ ၂၁ ရက်အတွင်း ငွေကျပ် ၁၀၀၀၀၀၀ ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ၁၁၀၀၀၀၀ ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ၁၂၀၀၀၀၀ ကျော်အထိ စံချိန်သစ်များ အသီးသီး ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက် ကျော်လွန်၍ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိ ဖြစ်ပေါ်ခဲ့သဖြင့် သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန် ဖြစ်ခဲ့သည်။

**ငြိမ်းငြိမ်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ (ADSP) Project အစီအစဉ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) **သီးနှံ တလင်း (၇၅'x၆၅'x၁')** — (၁) ခု Lot-1
(မုံရွာမြို့နယ်၊ ကြေးမုံမျိုးသန့်ခြံ)

(၂) **(၄'x၄'x၁၈')သံရေစင် Overhead Tank ဂါလန်(၁၆၀၀)** — (၂) ခု Lot-2
ဆုံတည်ဆောက်ခြင်း။ (၄") ရေတွင်းတူးဖော်ခြင်း၊
Ground Tank ဂါလန် (၃၂၀၀)ဆံ့ Submersible pump
ရေသွယ်တန်းခြင်း၊(၂၀၀')PVC (၂") ပိုက်
ယင်းမာပင်မြို့နယ်(လည်ငေါက်၊ မင်းကံကြီး)

(၃) **(၄'x၄'x၁၈')သံရေစင် Overhead Tank ဂါလန်(၁၆၀၀)** — (၃) ခု Lot-3
ဆုံတည်ဆောက်ခြင်း။ (၄") ရေတွင်းတူးဖော်ခြင်း၊
Ground Tank ဂါလန် (၃၂၀၀)ဆံ့ Submersible pump
ရေသွယ်တန်းခြင်း၊(၂၀၀')PVC (၂") ပိုက်
ပုလဲမြို့နယ်(ပုထိုးသာ၊ မုံသွင်၊ သင်ထီးကန်)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာယူရန်** - ၂၆-၆-၂၀၂၀ ရက်
(ခ) **တင်ဒါတင်သွင်းရန်** - ၁၀-၇-၂၀၂၀ ရက်
(ဂ) **အသေးစိတ်သိရှိလိုပါက** - ဖုန်း-၀၇၁-၂၂၅၄၂၊ ၀၇၁-၂၂၈၀၁၊ ၀၇၁-၂၂၈၀၄၊ ၀၉-၄၅၆၆၄၆၀၂၀

**တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန**
**မုံရွာမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၄ယ/၆၅၂၃၆ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်း ၁၄/ဟသတ(နိုင်)၀၀၆၀၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသာ်တ)**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကိုကို ၁၂/ဒဂရ(နိုင်)၀၁၀၉၁၀၊ ဒေါ်လဲ့လဲ့နွယ် ၁၂/ တတန(နိုင်)၁၄၂၆၆၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကိုကိုနှင့် ဒေါ်လဲ့လဲ့နွယ်တို့မှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၉/ရပ်ကွက်၊ ဇာနည်(၁၂)လမ်း (အထက်) မြေကွက်အမှတ် (၄၅၀)၊ ဧရိယာ (၄၀x၆၀) ပေရှိ နှစ်(၆၀)ဂရန်မြေတွင် မြေပိုင်ရှင် ဦးတင်ထွဋ်နိုင်နှင့် ကန်ထရိုက်တာများဖြစ်ကြသော ဦးဝင်းမြင့်ကျော်၊ ဦးသိန်းရွှေတို့မှ (RC)ခြောက်ထပ်တိုက်သစ်အား နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုဆောက်လုပ်လျက်ရှိရာ ကန်ထရိုက်တာများအနေဖြင့် ၎င်းတို့ပိုင်ဆိုင်အကျိုးခံစားခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသော (RC)ခြောက်ထပ်တိုက်အဆောက်အအုံ၏ တတိယထပ် (ခေါင်းရင်းခြမ်း) ဧရိယာ (၁၇x၅၄)ပေ၊ တိုက်ခန်းနှင့် ရေမီးအစုံ၊ အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေများမှလည်း အပြီးအပိုင်ဝယ်ယူရန် လက်ခံသဘောတူညီခဲ့ကြပြီး ၂၈-၆-၂၀၂၀ ရက်တွင် တိုက်ခန်းတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**(၁)ဦးအောင်ကိုကို**
**(၂)ဒေါ်လဲ့လဲ့နွယ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုအောင် (တရားလွှတ်တော်ရှေ့နေ)**
**LL.B, D.B.L, D.I.L, WIPO (Switzerland)**
**အမှတ် (၅၂၅), အာသာဝတီလမ်းမ၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၆၆၁၂၀၂၊ ၀၉-၉၇၅၆၆၁၂၀၂၊ ၀၉-၇၉၅၆၆၁၂၀၂**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်အတွင်း အောက်ဖော်ပြပါအမည်များမှ မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

| | | |
|---|---|---|
| (၁) ဦးစိုးလှိုင်မြင့် | (၂၃)ရပ်ကွက် ဦးပိုင်အမှတ်(၂၀၈) | မြေကွက်အမှတ် ၃/အစ္စတု ဧရိယာ (၀ ဒသမ ၀၆၅) |
| (၂) ဦးသန်းထွန်းဦး-နော်ဂျူးလီယာ | (၁၉)ရပ်ကွက် ဦးပိုင်အမှတ် (၁၂/အ-၃) | မြေကွက်အမှတ်၁၄-က/ဘိုလ်တဲ ဧရိယာ (၀ ဒသမ ၀၃၂) |

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ငပလီမြို့၊ မြပြင်ရပ်ကွက်တွင်ရှိသည့် Sandoway Resort Hotel အား ရခိုင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ လုပ်ငန်းရှင် ဦးအောင်မြတ်ကျော် (Orchestra Hotel Co.,Ltd)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/အစန(နိုင်)၁၃၉၁၇၀ ကိုင်ဆောင်သူအမည်ဖြင့် ခွင့်ပြုလုပ်ငန်းလိုင်စင်အမှတ် H(RKE)-0003 ကို ခွင့်ပြုထုတ်ပေးထားခဲ့ပါသည်။ ယခုအခါ အဆိုပါခွင့်ပြုဟိုတယ်လုပ်ငန်းလိုင်စင်တွင် လုပ်ငန်းရှင်အမည်၌ ဒေါ်ဥမ္မာခင် (Orchestra Hotel Co.,Ltd)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/တခလ(နိုင်)၀၂၆၅၅၅ ကိုင်ဆောင်သူကိုပါ ထပ်မံဖြည့်စွက်ပေးပါရန် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြလာခဲ့ပါသဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင်ခွင့်ပြုမိန့်၌ လုပ်ငန်းရှင်အမည်စာရင်း ထပ်မံဖြည့်စွက်ပေးပါရန် တင်ပြလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်ရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**ရခိုင်ပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ဇောင်ချမ်းတောင်ကျေးရွာအုပ်စု၊ ပန်းတောကျေးရွာနေ ဦးစိုးမိုးဦး ၉/ပဘန(နိုင်)၁၇၉၁၄၃ နှင့် ဒေါ်တင်တင်နွဲ့ ၉/ပဘန(နိုင်)၁၇၉၂၀၅ တို့၏ဖခင်အမည်မှန်မှာ ဦးမြင့်ငြိမ်း ဖြစ်ပါကြောင်း။ **ဦးမြင့်ငြိမ်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အနောက်အောင်မြေသာစည် အိမ်ရာ၊ (၁)ရပ်ကွက်၊ တိုက်(ဘီ/၂၃)၊ အခန်း(ဘီ-၂)၊ ဆင်ရေတွင်းလမ်း၊ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သန်းမူ ၈/မထန(နိုင်)၀၁၃၀၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အနောက်အောင်မြေသာစည် အိမ်ရာ၊ (၁)ရပ်ကွက်၊ တိုက်(၉)၊ အခန်း(၃၀၃)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စန္ဒာလှိုင် ၁၂/ကမတ(နိုင်) ၀၅၂၇၈၆ မှ တရားဝင်ပိုင်ဆိုင်လာပြီး ၎င်းတစ်ဦးတည်းသာ လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းမူ ၈/မထန(နိုင်)၀၁၃၀၁၇ မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် အဆိုပါတိုက်ခန်းအား ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သန်းမူ**
**၈/မထန(နိုင်)၀၁၃၀၁၇**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်ကျော်မင်း**
**(LL.B) (စဉ်-၄၅၈၉၁)**
**အမှတ် - ၅၅၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/8689 Tun Light Truck Ctl LT.01 Pickup(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးရဲနောင် ၉/ခဥတ(နိုင်)၀၅၄၄၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/6177 Su Zuki Carry DA 63 T P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဘိုဘိုမင်းအေး ၅/မရန(နိုင်)၁၆၃၁၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၈၄ နှင့် ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ်-၁၈**

ဒေါ်အုန်းအုန်းခိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း) **နှင့်** ၁။ ဦးတင်လှ ၂။ ဒေါ်တင်တင်ငွေ

**ဒီကရီအနိုင်ရသူ** — **တရားရှုံးများ**

(၁) ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၈၊ ပဒေသာမြို့သစ်၊ (မ-၂)၊ အမှတ် (၃၈) (ယခင်နေရပ်လိပ်စာ) နေ (၁)တရားရှုံး ဦးတင်လှ (ယခုနေရပ်လိပ်စာမသိ)၊

(၂) ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၁၀၊ ပဒေသာမြို့သစ်၊ အမှတ် (အေအေ- ၆၂) (ယခင်နေရပ်လိပ်စာ)နေ (၂)တရားရှုံး ဒေါ်တင်တင်ငွေ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

ပြင်ဦးလွင်မြို့နယ်တရားရုံး၏ ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၈၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်အုန်းအုန်းခိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၇ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အုန်းမြင့်)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## ရေးဖြေစာမေးပွဲကျင်းပမည့်အစီအစဉ် ကြေညာခြင်း
## ကြော်ငြာစာအမှတ် - (၂/၂၀၂၀)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော တောအုပ်ကြီး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၄၂)နေရာခန့်ထားရန်အတွက် ရေးဖြေစာမေးပွဲကို နေပြည်တော် ကောင်စီနယ်မြေ (သစ်တောသုတေသနဌာန၊ ရေဆင်း)၊ ရန်ကုန်တိုင်းဒေသကြီး [ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန(CFDTC)၊ မှော်ဘီ]၊ မန္တလေးတိုင်းဒေသကြီး [ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးဌာန (CFDTC)၊ ပုသိမ်ကြီး]နှင့် ဧရာဝတီတိုင်းဒေသကြီး (ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ပုသိမ်မြို့) တို့တွင် အောက်ဖော်ပြပါအတိုင်း ပြောင်းလဲကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | ဖြေဆိုရမည့်ရက် | အချိန် |
|---|---|---|---|
| ၁ | မြန်မာစာ | ၁၁-၇-၂၀၂၀ (စနေနေ့) | ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ |
| ၂ | အင်္ဂလိပ်စာ | ၁၁-၇-၂၀၂၀ (စနေနေ့) | ၁၃:၀၀ နာရီမှ ၁၅:၀၀နာရီထိ |
| ၃ | အထွေထွေဗဟုသုတ | ၁၂-၇-၂၀၂၀ (တနင်္ဂနွေနေ့) | ၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ |

၂။ တောအုပ်ကြီး ရာထူးဝင်ခွင့်လျှောက်ထားသူများ၏ စာစစ်ဌာနအလိုက် ရေးဖြေစာမေးပွဲဖြေဆိုရမည့် လူစာရင်း၊ ခုံအမှတ်များနှင့် ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင် လိုက်နာရန်အချက်များကို သစ်တောဦးစီးဌာန၏ Website-www.forestdepartment.gov.mm နှင့် www.facebook.com/forestdepartment.gov.mm တို့တွင် ကြေညာထားရှိပါသည်။

၃။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၀၅၄၀၃၊ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံဘူတာအနီးရှိ မြန်မာ့မီးရထားပိုင် မြေနေရာအကျယ်အဝန်း (၄၂၆၂၉၇ စတုရန်းပေ) (၉ ဒသမ ၄၈) ဧကတွင် လူနေဆိုင်ခန်းများ၊ ဟိုတယ်၊ Shopping Centre များအပြင် နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံဘူတာအနီးရှိ မြန်မာ့မီးရထားပိုင် မြေနေရာအကျယ်အဝန်း (၄၂၆၂၉၇ စတုရန်းပေ) (၉ဒသမ၄၈) ဧကတွင် လူနေဆိုင်ခန်းများ၊ ဟိုတယ်၊ Shopping Centre၊ အခြားလုပ်ဆောင်လိုသည့် လုပ်ငန်းများ (နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းများ)ကို BOT စနစ်ဖြင့် နှစ်ရှည်ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ တင်ဒါစနစ်ဖြင့် ရွေးချယ်ပါမည်။

၂။ အဆိုပါတင်ဒါအတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံများအား (၁)စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်း ဖြင့် ၆-၇-၂၀၂၀ ရက်မှ ၆-၈-၂၀၂၀ ရက်အထိ မန္တလေးဘူတာကြီး၊ တတိယထပ်ရှိ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ရုံးနှင့် ပုဂံဘူတာရှိ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၁၁)ရုံးများ၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံတွင် ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာဖော်ပြ၍ အဆိုပါတင်ဒါကို အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ရုံးနှင့် မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ် (၁၁)ရုံးများသို့ ၆-၉-၂၀၂၀ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါယှဉ်ပြိုင်ကြေးအာမခံစပေါ်ငွေပေးသွင်းပြီးကြောင်း အထောက်အထားနှင့်အတူ ပေးပို့တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသည့် တင်သွင်းလွှာများ၊ တင်ဒါအာမခံစပေါ်ငွေ မပေးသွင်းသူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ ဖုန်း-၀၉-၈၉၁၇၅၀၀၁၂၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံး ဖုန်း-၀၂-၄၀၃၅၈၂၉၊ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၁၁)ရုံး ဖုန်း-၀၉-၅၁၈၃၇၉၅ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၇၄**

ဒေါ်နုနုဝေ(ခ)မနု **နှင့်** ဦးမြင့်ဇော်
**တရားလို** — **တရားပြိုင်**

၁၉လမ်း၊ ၈၉ လမ်း၊ အကွက်(၁၀၀)၊ မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)နေဦးမြင့်ဇော် (မြင့်မြတ်သူဆောက်လုပ်ရေးကုမ္ပဏီ၊ မြင့်ဇော်နှင့်ညီများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၂၂၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၄ ရက် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်နိုင်လတ်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ဦးကျော်သန်း၏သား မောင်စိုးမင်းထိုက် ၈/ပခက(နိုင်)၁၇၆၇၅၄ နှင့် ဦးဆက်မြင့်၏သမီး မဇင်မာမြင့် ၁၂/မဂတ(နိုင်)၀၇၉၇၅၈ တို့သည် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ရာ သား (၂)ယောက် ထွန်းကားခဲ့ပါသည်။ ၁-၁၀-၂၀၁၉ရက်မှစ၍ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၂-၆-၂၀၂၀ရက်မှစ၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ယနေ့မှစ၍ နောက်နောင် ကျွန်မ မဇင်မာမြင့်နှင့်သား(၂)ယောက်တို့သည် ဦးစိုးမင်းထိုက်နှင့် မည်သည့်အကြောင်းကိစ္စနှင့်မျှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"စုံစမ်းမေးမြန်းခြင်းသည်းခံပါ"**

**လွှဲအပ်သူ-**
**ဒေါ်ဇင်မာမြင့်**

**လွှဲအပ်ခြင်းကိုလက်ခံသူ-**
**ဒေါ်သီတာခင်လတ်**
**စဉ်- ၅၂၆၅**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၆၂၀၇၆၉၅၀၊ ၀၉-၉၅၁၁၉၅၆၁၄၊**

**မနင်းဆုအောင်**
**စဉ်- ၁၄၉၄၁**
**တရားလွှတ်တော်ရှေ့နေ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2D/7345 Toyota Nork x GRx120 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွဋ်မှူးအောင်ကြည် ၁၃/တခလ(နိုင်)၀၀၁၇၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

မြောက်ဦးမြို့၊ မြင်းခုန်တန်း ရပ်ကွက်နေ ဦးရွှေထွန်းဦး၏သမီး သန်းသန်းဌေး ၁၁/မဥန(နိုင်)၁၀၇၇၅၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၂- ၁၉၉၃ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၆-၂၀၂၀ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် အကွက်အမှတ်(၉D)၊ ဆံတော်အနောက်၊ ဦးပိုင်အမှတ်(၈၀^ပ) အစား ဦးပိုင်အမှတ်(၈၀^ပ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက (ရင်းငြိမ်) တက္ကသိုလ်ဝင်တန်း (သင်ရိုးဟောင်း)မှ နန်းဝါဝါထွန်း၏ ဖခင်အမည်မှန်မှာ မင်းဝင်းအုံးကြည် ၁၀/ပမန(နိုင်) ၀၃၇၇၀၁ ဖြစ်ပါကြောင်း။

**မင်းဝင်းအုံးကြည်**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ် (၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/အင်တိုင်းသာမြောက်ရပ်)၊ ဦးပိုင်အမှတ် (၁၁၄)၊ မြေဧရိယာ ၀ ဒသမ ၂၂၀ဧကရှိ ဦးကျော်၊ ဒေါ်စံရွှေအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား မိဘများကွယ်လွန်၍ သားသမီးများဖြစ်သည့် ဒေါ်အမာတင်၊ ဒေါ်ညွန့်ညွန့် (အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ဖြင့်ရရှိထားသူများ)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၁၅/၂၀၁၉)ရရှိထားသူ ဦးသီဟမောင် ၉/လဝန(နိုင်)၁၅၄၇၁၅ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် (၁၀/၂၀၂၀)၊ တရားရုံးကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ (၁၁၅/၂၀၁၉) မူရင်းများတင်ပြ၍ မြေဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိသည့်အနက် ၀ ဒသမ ၀၃၀ ဧကအား ဒေါ်သင်းသင်းအေး ၉/လဝန(နိုင်)၁၆၆၃၈၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (၁၄၆၃)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်အိမွန်ဇော်အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို အမည်ပေါက်သူ ဒေါ်အိမွန်ဇော်မှ ဒေါ်ယုမွန်အေး (ဘ)ဦးသိန်းငွေ ၅/ဟမလ(နိုင်)၀၇၄၄၉၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ ဗိုလ်တာရာလမ်းပေါ်ရှိ အိမ်အမှတ် (၁၀/၆၃)၊ ဦးပိုင်အမှတ် /မြေကွက်အမှတ် (၄၀)၊ အကျယ်ဝန်း (၀ ဒသမ ၀၅၃)ဧရိယာရှိ (ဘိုးဘွား) ပိုင်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်သန်းငွေး၏သားသမီးများ ဖြစ်ကြသော ဦးမြင့်တင် ၁၂/ကမရ(နိုင်)၀၁၁၅၉၆၊ ဒေါ်ညိုညိုနွယ် (PMA - 185836)၊ ဦးဖုန်းမြင့် ၉/ပမန(နိုင်)၀၂၄၆၅၁၊ ဦးကိုကိုနိုင်(ကွယ်လွန်)၊ဒေါ်ခိုင်သန့်ဇင် ၉/ပမန(နိုင်)၀၂၄၆၆၇တို့ကသာ ပိုင်ဆိုင်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်တင်**
**၁၂/ကမရ(နိုင်)၀၁၁၅၉၆**
**ဖုန်း-၀၉-၂၅၄၀၇၆၆၂၅**

# အနူးအညွတ် ဝန်ချတောင်းပန်ခြင်း

၁။ ဦးမောင်မောင်ကျော် ၁၂/ဗဟန(နိုင်)၀၁၀၇၅၉ (ဘ)ဦးအောင်ခင်၊ ၂။ မောင်ဗိုလ်မင်းအောင် မှတ်ပုံတင်မရှိ (ဘ) ဦးမောင်မောင်ကျော်၊ ၃။ မမေစီတာဗိုလ် မှတ်ပုံတင်မရှိ (ဘ)ဦးမောင်မောင်ကျော်၊ အမှတ်-၁၂၆ (၅-လွှာ)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေသူများက အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်တော် ဦးမောင်မောင်ကျော်သည် (၂၉-၅-၂၀၂၀) နေ့စွဲဖြင့် မြန်မာအရှေ့တိုင်းဘဏ်နှင့် စပ်လျဉ်း၍ မမှန်ကန်သော စွပ်စွဲချက်များရေးသားလျက် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ တိုင်ကြားစာပေးပို့ခဲ့ပါသည်။

ကျွန်တော် မောင်ဗိုလ်မင်းအောင်နှင့် ကျွန်မ မမေစီတာဗိုလ်တို့သည် လူမှုကွန်ရက် Facebook တွင် David Aung Benjamin (1), David Aung Benjamin (2), Thet Su Aung နှင့် Alinn Thit Media account များဖြင့် မြန်မာအရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများအား အသရေပျက်စေရန် မမှန်မကန်စွပ်စွဲရေးသားဖော်ပြခဲ့ပါသည်။ အဆိုပါ ရေးသားဖော်ပြချက်များကို Online Media Page များတွင် ဖြန့်ဝေခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

ကျွန်တော် ဦးမောင်မောင်ကျော်၏ ငွေစုစာရင်းမှ ငွေကျပ် သိန်း ၁၁၀၀ ထုတ်ယူခြင်းနှင့် စပ်လျဉ်း၍ မြန်မာအရှေ့တိုင်း ဘဏ်အပေါ် အထင်အမြင်လွဲမှားမှုကြောင့် မမှန်မကန်တိုင်ကြားခြင်း၊ စွပ်စွဲရေးသားခြင်းများ ပြုလုပ်ခဲ့မိခြင်း ဖြစ်ပါသည်။ မြန်မာအရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများအား အသရေပျက်စေရန် မမှန်မကန်တိုင်ကြားခြင်း၊ လူမှုကွန်ရက် Facebook တွင် မမှန်မကန်စွပ်စွဲရေးသားဖော်ပြခဲ့ခြင်းအတွက် မြန်မာအရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများက ကျွန်တော်/ကျွန်မတို့အား ခွင့်လွှတ်ပါရန် အနူးအညွတ်ဝန်ချတောင်းပန်ပါသည်။ နောင်တွင်လည်း မြန်မာအရှေ့တိုင်းဘဏ်နှင့် ဘဏ်ဝန်ထမ်းများ၏ အသရေပျက်စေရန် မမှန်မကန်တိုင်ကြားခြင်း၊ လူမှုကွန်ရက် Facebook တွင် မမှန်မကန်စွပ်စွဲရေးသားဖော်ပြခြင်းများ ပြုလုပ်မည်မဟုတ်ကြောင်း ဝန်ခံကတိပြုပါသည်။

**၁။ ဦးမောင်မောင်ကျော်　　၂။ မောင်ဗိုလ်မင်းအောင်　　၃။ မမေစီတာဗိုလ်**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်ကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်-၃၁၀ နေ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇောဟိန်း ၁၂/တမန(နိုင်)၁၁၀၃၂၇ က အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား တီထွင်ဖန်တီးကာ ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၂၇၅/၂၀၂၀)ဖြင့် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

ထိုလုပ်ငန်းအမှတ်တံဆိပ်အား တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ ထင်ယောင်ထင်မှားပြုလုပ်ခြင်းတို့ကို လုံးဝမပြုလုပ်ကြရန် သတိပေး တားမြစ်ပါသည်။ တုပပြုလုပ်သည်ဟု တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၇၆၄၈၀၉၈၀၀**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးဝင်းအောင် ၁၂/လသန(နိုင်)၀၀၈၈၃၃ က အောက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်အား တီထွင်ဖန်တီးကာ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၂၇၃/၂၀၂၀) ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

ထိုလုပ်ငန်းအမှတ်တံဆိပ်အား တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ ထင်ယောင်ထင်မှားပြုလုပ်ခြင်းတို့ကို လုံးဝမပြုလုပ်ကြရန် သတိပေး တားမြစ်ပါသည်။ တုပပြုလုပ်သည်ဟု တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၇၆၄၈၀၉၈၀၀**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးဝင်းအောင် ၁၂/လသန(နိုင်)၀၀၈၈၃၃ က အောက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်အား တီထွင်ဖန်တီးကာ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၂၇၄/၂၀၂၀) ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

ထိုလုပ်ငန်းအမှတ်တံဆိပ်အား တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍ ထင်ယောင်ထင်မှားပြုလုပ်ခြင်းတို့ကို လုံးဝမပြုလုပ်ကြရန် သတိပေး တားမြစ်ပါသည်။ တုပပြုလုပ်သည်ဟု တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၇၆၄၈၀၉၈၀၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/8817 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9955 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ဆရာစံလမ်း၊ အမှတ် (၁၇၂)တွင်တည်ရှိသော TOP GROW COMPANY LIMITED (Company Registration No-101645487) သည် အောက်ဖော်ပြပါ ဒီဇိုင်းအမှတ်အသားပါ ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းကြေညာပြီးဖြစ်ပါသည်။




အထက်ပါဒီဇိုင်းအမှတ်အသား ကုန်အမှတ်တံဆိပ်ဖြင့် မင်ရည်အား ကုမ္ပဏီ၏ ကိုယ်ပိုင်နည်းပညာဖြင့် ပုံစံတီထွင်ထုတ်လုပ်၍ လက်လီလက်ကား ရောင်းချဖြန့်ဖြူး လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားအား ထင်ယောင်ထင်မှား ဆင်တူယိုးမှား ပုံတူပုံမှား၊ ကုမ္ပဏီ၏ ခွင့်ပြုချက်မရဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ တုပ၍ ထင်ယောင်ထင်မှားဖြစ်စေရန် မပြုလုပ်ကြရန်နှင့် ပြုလုပ်ရောင်းချပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**TOP GROW COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမွန်သက် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၈၀၀)**
**ဖုန်း-၀၉-၇၆၄၈၀၉၈၀၀**

## အမြန်ဆက်သွယ်ပါ

ဒေါ်လီလီညွှန့် (ခ) ဒေါ်မြဝင်း ၁၂/လသန(နိုင်)၀၀၉၁၃၃ အနေဖြင့် ၎င်းကြော်ငြာတွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆက်သွယ်ပါ။

**ဖုန်း- ၀၉-၂၅၃၅၈၄၈၇၃၊ ၀၉-၄၄၁၄၃၃၆၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၁၀)၊ ဦးပိုင်အမှတ် (၄၅)၊ မြေဧရိယာ ၀ ဒသမ ၄၇၉ ဧကရှိမြေကွက်ကို ဦးဆိုင်းအောင်အမည်ဖြင့် ၂၀-၃-၂၀၂၃ ရက်ထိ (၁၀)နှစ် ဂရန်သက်တမ်းရရှိပိုင်ဆိုင်ခဲ့ပြီး၊ ၂-၁၂-၂၀၁၉ ရက်တွင် ဦးဆိုင်းအောင်ထံမှ ဦးဖုံးဘောမ်၊ ဒေါ်ဘန်ထွယ်(ခ)ပုလဲထွန်း၊ ဦးဂျန်မာအောင်ရိန်တို့(၃)ဦး နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဦးဖုံးဘောမ် ၁/မကန(နိုင်)၀၁၉၇၆၇၊ ဒေါ်ဘန်ထွယ်(ခ)ပုလဲထွန်း ၁/မကတ(နိုင်)၀၀၄၄၂၇ နှင့် ဦးဂျန်မာအောင်ရိန်တို့ (၃)ဦးအမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် ၂၇-၅-၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာအမှတ် (၅၃၅/၂၀၂၀)ကို ၂၈-၅-၂၀၂၀ ရက်စွဲပါ ကတိသစ္စာပြုကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၂၂၁/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ်(၅+၆+၇တိုးချဲ့)အတွင်းရှိ ဧရိယာ ၀ ဒသမ ၈၀၀ ဧကအား ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂-၄-၂၀၂၀ ရက်စွဲပါ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၄/၂၀၂၀) ဆုံးဖြတ်ချက်အပိုဒ် ၅(၁-ဗ)အရ မြေစာရင်းပုံစံ(၁၀၅)(၁၀၆)ရေးဆွဲပြီး အောက်ပါပုဂ္ဂိုလ်များမှ မြေငှားဂရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမည် | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ | ဂရန်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဦးဇင်ဟန်တန်ဂျီ ၁၃/လရန(နိုင်)၀၈၂၉၀၄ | ၅+၆+၇တိုးချဲ့ | ၁၂၃/၄၈၆ | ၀.၀၆၂ | အသစ်လျှောက် |
| ၂ | ဦးဂျော့ရ်လရိန် ၁၃/လရန(နိုင်)၀၀၈၆၂၁ | ၅+၆+၇တိုးချဲ့ | ၁၂၅/၅၁၃ | ၀.၁၄၁ | အသစ်လျှောက် |
| ၃ | ဒေါ်ကျိန်ကျူဖိန် ၁၃/တကန(နိုင်)၀၉၇၅၄၈ | ၅+၆+၇တိုးချဲ့ | ၁၂၀/၅၇၅ | ၀.၀၈၂ | အသစ်လျှောက် |
| ၄ | ဒေါ်နှင်းသဇင်ဖြူ ၁၃/လရန(နိုင်)၁၆၆၉၃၁ | ၅+၆+၇တိုးချဲ့ | ၁၁၁/၇၃၀ | ၀.၀၉၅ | အသစ်လျှောက် |
| ၅ | ဒေါ်ဝမ်ဆုံအော ၁၃/တမည(နိုင်)၀၀၂၅၅၃ | ၅+၆+၇တိုးချဲ့ | ၁၁၂/၇၃၁ | ၀.၀၉၂ | အသစ်လျှောက် |
| ၆ | ဒေါ်တင်တင်ဝင်း ၁၃/ဟပတ(နိုင်)၀၁၄၇၅၀ | ၅+၆+၇တိုးချဲ့ | ၁၁၀/၇၅၉ | ၀.၀၉၆ | အသစ်လျှောက် |
| ၇ | ဦးဝင်းလှိုင်အေး ၁၃/လရန(နိုင်)၁၈၁၅၃၁ | ၅+၆+၇တိုးချဲ့ | ၁၁၅/၅၇၅ | ၀.၀၇၇ | အသစ်လျှောက် |
| ၈ | ဒေါ်ခေါင်နော် ၁၃/လရန(နိုင်)၂၁၈၄၂၈ | ၅+၆+၇တိုးချဲ့ | ၁၁၉/၅၇၃ | ၀.၁၅၅ | အသစ်လျှောက် |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စော

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနုယဉ်လမ်း၊ အမှတ်(၂၆၊ က/၄)နေ (ဦးအောင်မြို့-ဒေါ်လှမြိုင်)တို့၏သမီး၊ (ဦးတင် သိန်း)(ဒုအထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ဦးဇော်မင်းသိန်း-ဒေါ်အက်စ်သာနှင်းရည်၊ ဦးအောင်သန်း-ဒေါ်တင်တင်သိန်း၊ ဗိုလ်မှူးကြီးကြီးမြင့်-ဒေါက်တာချိုချိုသိန်း(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ရူပဗေဒ)၊ ဦးအောင်ကျော်ဦး(MD၊ လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်၊ MEHL)-ဒေါ်ဥမ္မာသိန်း(လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်)၊ ဦးမြင့်ဦး-ဒေါ်အိအိသိန်း( JJ Express)တို့၏ချစ်လှစွာသောမိခင်၊ ကိုသီဟသက်ဇော်-မဝင်းမို့မို့ကို၊ ဒေါက်တာသူရသန့်စင်၊ မောင်သံလွင်၊ မြတ်ပန်းဖြူမြင့်၊ သက်စံထားဦး၊ ကြည်ဖြူစင်ဦးတို့၏ဘွားဘွားကြီးသည် ၃၀-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁း၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာ ဒေါ်အေးကြည်

### ဒုတိယ ဆေးရုံအုပ်ကြီး(ငြိမ်း)ဗဟိုအမျိုးသမီးဆေးရုံကြီး

### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)ဗဟိုဆေးသိုလှောင်ရေး

### အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ(ဦးအုံးမောင်-ဒေါ်ခင်သန့်)တို့၏ သမီး၊ (ဦးသိန်းဖေ-ဒေါ်ခင်ကြွေ) တို့၏သမီးချွေးမ၊ [ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်(ရေ-ငြိမ်း)] ၏ချစ်လှစွာသောဇနီး၊ ဒေါက်တာ ဇော်မျိုးဦး-ဒေါ်သူဇာသန်း၊ ဒေါက်တာ အောင်မျိုးမြင့်-ဒေါက်တာ အေမီအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မလင်းလဲ့ဦး(ခေတ္တ-USA)၊ မသန့်သစ္စာထက်(ခေတ္တ-Singapore) တို့၏အဘွားသည် ၂၉-၆-၂၀၂၀ရက် ည ၉း၂၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဗိုလ်မှူးချုပ် စိန်လွင် (ရေ-၃၁၄၆)

### တပ်မတော်(ရေ)(ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း)

### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် J(၁၈)၊ အထက်ပဒေသာပင်လမ်း၊ FMI City နေ ဒေါ်ခင်မြရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းဒန်-ဒေါက်တာ ခင်ခင်ရီ၊ ဦးဝင်းဗိုလ်-ဒေါက်တာ နှင်းမြလွင် (တွဲဖက်ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)တို့၏ဖခင်၊ ဦးအောင်ဇင်၊ ဦးကျော်ဇင်၊ ဒုရဲအုပ်နိုင် ဖြိုး-ဒေါ်မေဖြိုးသွယ်တို့၏အဘိုး၊ မမေလပြည့်၊ မဆောင်းဟေမာန်ဖြိုးတို့၏ ဘိုးဘိုးကြီးသည် အမှတ် (၁)တပ်မတော်ဆေးရုံ ကြီး(ခုတင် -၁၀၀၀)၌ ၃၀-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၂း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၇-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် တပ်မတော်စစ်သင်္ချိုင်း(မင်္ဂလာဒုံ)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ချိုချို

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ အမှတ်(၅/၁)နေ (ဦးလှမြိုင်)-ဒေါ်ရင်မေတို့၏ သမီး၊ (ဦးကြည်ဝင်း)၏ဇနီး၊ ဦးချိုဝင်း-ဒေါ်အေမီစိုး၊ ဦးမင်းသိမ်း-ဒေါ်သီတာအေး၊ ဦးသိန်းဇော်-ဒေါ်ဖြူဖြူထွေးတို့၏မိခင်၊ မြေးငါး ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးနေမျိုး(စိန်ပေါလ်)

### Pathein English Center

### အသက် (၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကိုးဆူကျောင်းလမ်း အိမ်အမှတ်(၁)နေ ဒေါ်လဲ့လဲ့ဝင်း(ခ)ပင်စီစိန်ဝင်း(အလပြ- ငြိမ်း၊ အထက-၂၊ ပုသိမ်)၏ခင်ပွန်း၊ ဦးသီဟထွန်း(ညွှန်ကြားရေးမှူး၊ မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်မွန်ရည်အေး၊ ဦးဝင်းသန်း ဦး-ဒေါက်တာ စုစုလတ်(ကထိက-ရူပဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၊ ဦးဝဏ္ဏထွန်း(မန်နေဂျာ၊ နောင်ရိုးဟိုတယ်)တို့၏ဖခင်ကြီး၊ မြေး ငါးယောက်တို့၏အဘိုးသည် ၃၀-၆-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။ (ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ် အမှတ် (၂၅)နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာ မင်းငွေဝင်း

### အသက်(၆၇)နှစ်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ဦးဇိနဘုရားလမ်း၊ အမှတ်(၂၅-စီ)နေ ဦး ငွေ ထွ န်း -( ဒေါ် ညို ရှ င် ) တို့ ၏ သားကြီး၊ (ဦးပါ-ဒေါ်ချစ်သွင်)တို့၏ သားသမက်၊ ဒေါက်တာ ဒေါ်ကျင်ဌေး (ဌေးဆေးခန်း)၏ခင်ပွန်း၊ ဒေါက်တာ မင်းဗညားသိုက်၊ မိသီရိမွန်၊ ဒေါက်တာ မိဝင့်ရည်မွန်တို့၏ဖခင်၊ ဦးတင်ထွန်း မင်း - ဒေါ်ကျင်မွှေး၊ ဦးတင်ထွန်း-ဒေါ်ကျင်ငွေ၊ ဦးဝင်းနိုင်-ဒေါ်ခင်ထွေး၊ ဒေါ်ခိုင်မြယဉ်၊ ဦးမြတ်သင်း-ဒေါ်သန်းတင်၊ ဦးမျိုးမြင့်လေး-ဒေါ်သန်းသန်းဆင့် တို့၏အစ်ကိုကြီးသည် ၃၀-၆-၂၀၂၀ရက် ညနေ ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်နွဲ့

### အသက် (၉၃)နှစ်

(ဦးစိုးမင်း-ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဦးကျော်ဗလ)၏ဇနီး၊ ဦးလှသိန်း [အမှတ် (၁) မဲဆန္ဒနယ်၊ တာမွေမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်]-ဒေါ်တင်တင်ဦး၊ ဦးသန့်ဇင်-ဒေါ်မြင့်မြင့်ဆန်း၊ (ဦးအုန်းလွင်)-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်မြင့်မြင့်ထား (လ/ထ မြို့နယ်ပညာရေးမှူး-ဒလမြို့နယ်)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ် နှစ်ယောက်တို့၏ဘွားဘွားကြီးသည် တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၆-လမ်း၊ အမှတ် (၄၁)နေအိမ်၌ ၃၀-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်)

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှ

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ ကျီတော်အိမ်ရာ၊ တိုက် ၃၊ အခန်း ၁၀၁ နေ (ဦးညီပု-ဒေါ်သိန်းတင်) တို့၏သမီး၊ (ဦးစံအေး-ဒေါ်လှ) တို့၏သမီးချွေးမ၊ (ဦးငြိမ်းမောင်)၏ဇနီး၊ ဦးစိုးလွင်-(ဒေါ်ချို)၊(ဦးဘိုးရွှေ-ဒေါ်အုန်းမြင့်)တို့၏ညီမ၊ (ဦးဉာဏ်-ဒေါ်မြသန်း)၊(ဦးမင်းသော်-ဒေါ်ခင်ရွှေ)တို့၏ အစ်မ၊ ဦးအောင်မိုးမြင့်-ဒေါ်နွယ်နီငြိမ်း၊ ဦးဘုန်းတင့်ငြိမ်း- ဒေါ်ဟန်နီထွန်း၊ ဦးဇော်မြင့်ငြိမ်း-ဒေါ်ဇာဇာမောင်၊ ဦးအောင်နိုင်မိုး-ဒေါ်နွယ်နီနီစိုး တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၉-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး

## ဦးမြင့်(ခ)ဦးအောင်မြင့်(ဖျာပုံ)

### အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၄၅နေ (ဒေါ်ခင်ထွေး)၏ခင်ပွန်း၊ ဦးထွန်းမြင့်-ဒေါ်မာမာချို တို့၏ အစ်ကို၊ ဒေါ်ကြည်ကြည်စိန်(ဦးမြင့်ရေခဲဒိုင်)၊ ဦးစိုးနိုင်ဦး(ဒုတိယ ညွှန်ကြားရေးမှူး၊ ကျောက်မဲမြို့နယ် စည်ပင်သာယာရေး)- ဒေါ်အေးအေးမြင့်၊ ဦးမောင်မောင်ဝင်း-ဒေါ်မြစမ်းအေး(ခေတ္တ-ဂျာမနီ)၊ ဦးနိုင်ဘိုဘို-ဒေါ်သူဇာမြင့် တို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဗိုလ်ကြီးအောင်မျိုးမြင့်(ငြိမ်း)-မနှင်းဇာကြည်၊ ဒေါက်တာ သော်ဇင်ထွန်း-မနန်းကြည်ပြာဌေးအောင်၊ ဒေါက်တာ ရဲသူဟန်-မမြချယ်သန့်၊ ကိုသူရအောင်၊ မအိမြတ်နိုးဦး၊ မဆုဆုယမင်းစိုး၊ မောင်သုတအောင် တို့၏ အဘိုး၊ မောင်မြတ်ဖွဲ့အောင်၊ မလင်းလက်အောင်၊ မောင်စိုင်းကုံလုံတို့၏ ဘိုးဘိုးကြီး သည် ၃၀-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး

## ဒေါ်နန်းမြခင်(နမ့်ခမ်းမြို့)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ခွန်နီ(၂)လမ်း၊ အမှတ်(၁၀၁)နေ (ဦးအုံးခင်-ဒေါ်လင်း)တို့၏ ဒုတိယသမီး၊ (ဦးပြည့်ထွန်း-ဒေါ်ပေါခင်) တို့၏သမီးချွေးမ၊ (ဦးလှဌေး)(ဘူမိဗေဒအရာရှိချုပ်၊ အမှတ်-၂သတ္တုတွင်း)၏ ချစ်လှစွာသောဇနီး၊ ဦးမင်းညွန့်-ဒေါ်နန်းမြမြခဲ၊ ဦးဇော်မိုးသူ-ဒေါ်နန်းသဲသဲဖြူတို့၏ ချစ်လှစွာသော မိခင်၊ မောင်ကောင်းခန့်လင်း၊ မောင်ဘုန်းမြတ်မင်း၊ မမေမြတ်မိုးဖြူ(ဒဂုံ၊ အထက-၁)တို့၏ ချစ်လှစွာသောအဘွား ဒေါ်နန်းမြခင်သည် ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း

(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၂၀ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဝင့်နိုင်

### B.Sc (Physics) R.A.S.U

### စိန်ဂျွန်းကျောင်းသားဟောင်း (1974–1980)

### အသက် (၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅) ရပ်ကွက်၊ ဗိုလ်ချို (၃)လမ်း၊ အိမ်အမှတ်(၁၁၆၀)နေ (ဦးသန်းထွန်း)-ဒေါ်အေးအေး မြင့်တို့၏ သားကြီး၊ ဦးကျော်ဝင်းသန်း(ကမ္ဘာ့ရတနာဘဏ်-မန္တလေးမြို့)-ပါမောက္ခဒေါက်တာ မာလာသန်း (မိတ္ထီလာစီးပွားရေးတက္ကသိုလ်)၊ ဦးအောင်မျိုးသန်း-ဒေါ်လင်းလင်းလှိုင် (AGD Bank)၊ ဦးမောင်မောင်အောင်-ဒေါ်သူဇာ သန်းတို့၏အစ်ကိုကြီး၊ မောင်လူမင်းမောင် (DIR-ACE Technology)၊ မမေဖြူစင်သန့်(ဆုကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေးမြို့) တို့၏ဘကြီးသည် ၃၀-၆-၂၀၂၀ရက် နံနက် ၄နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

သင့် သွေး ဖြစ် အ သက် ကယ် ပါ

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး လှရွှေ(ငြိမ်း)

### ကြည်း ၈၇၂၁, ကပစ၊ ခဝတ ဥက္ကဋ္ဌ(ငြိမ်း)ပဲခူး

### အသက်(၈၅)နှစ်

အမှတ် (၁၂၁၇)၊ ခမ္ဘသုခလမ်း၊(၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဒေါ်ရီရီတင်)၏ချစ်လှစွာသောခင်ပွန်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ အငြိမ်းစားများ လူမှုရေးအသင်း၏ နာယကကြီးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး လှရွှေ(ငြိမ်း) သည် ၂၉-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၆ း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားများလူမှုရေးအသင်း**
**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်ဇော်(ဦးစီးအရာရှိ၊ စစစ၊ ငြိမ်း)

### ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၆/၈၄)

### အသက်(၆၅)နှစ်

သူငယ်ချင်းတစ်ယောက် ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

" သူငယ်ချင်းတစ်ယောက် ကောင်းရာသုဂတိလားပါစေ။"

**SIP (16th) မှ သူငယ်ချင်းများ**
**သာရေး/နာရေးအဖွဲ့(ရန်ကုန်/မန္တလေး)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်စော

### အသက်(၈၈)နှစ်

ဗိုလ်မှူးအောင်ကျော်ဦး(ငြိမ်း၊ MD လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီ၊ မြန်မာ့စီးပွားရေးဦးပိုင်)-ဒေါ်ဥမ္မာသိန်း(လက် ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ)တို့၏မိခင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ တေးနုယဉ် လမ်း၊ အမှတ်(၂၆၊ က၊ ၄)နေ ဒေါ်ခင်စောသည် ၃၀-၆-၂၀၂၀ရက် နံနက် ၁း၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**98.PSC Closed Friends**
**မြန်မာ့စီးပွားရေးဘဏ်**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးနေမျိုး(စိန်ပေါလ်)

### အသက် (၇၅)နှစ်

ဦးသီဟထွန်း(ညွှန်ကြားရေးမှူး၊ မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်မွန်ရည်အေး၏ဖခင်ကြီး ဦးနေမျိုး အသက် (၇၅)နှစ်သည် ၃၀-၆-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်)နှင့်**
**စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးနေမျိုး(စိန်ပေါလ်)

### အသက် (၇၅)နှစ်

ဦးသီဟထွန်း(ညွှန်ကြားရေးမှူး၊ မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်မွန်ရည်အေး၏ဖခင်ကြီး ဦးနေမျိုး အသက် (၇၅)နှစ်သည် ၃၀-၆-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်ဇင်မောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ)ဇနီး**
**ဒေါ်ရီရီဝေနှင့်**
**မျိုးစေ့ဌာနခွဲဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်မမ

### လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း

### စိန့်ဂျိုးဇက်ကျောင်းသူဟောင်း၊ ပြင်ဦးလွင်

### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာ(၃)လမ်း၊ အမှတ်(၈၇၂)နေ ဦးဌေးပိုင်(VICE CHAIRMAN,3, GRAND GUARDIAN INSURANCE PUBLIC HOLDING CO.,LTD)၏ဇနီး၊ (ဦးမောင်မောင်ကြီး-ဒေါ်ခင်မကြီး) တို့၏သမီး၊ ဦးမြင့်စိုးသိန်း-ဒေါ်လှလှတင်၊ ဦးတင်မောင်သန်း-ဒေါ်ခင်သက်ဆွေတို့၏အစ်မ၊ ကိုတင်မျိုးပိုင်-မဝေဇင်မျိုးတို့၏မိခင်၊ မောင်ပိုင်ဒီရ၏အဘွား ဒေါ်တင်မမသည် ၃၀-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်း ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းခင်(ခ)ကြွေပု

### ဒုခရိုင်တရားသူကြီး(ငြိမ်း)

### အသက်(၇၂)နှစ်

ဝါးခယ်မမြို့နေ (ဦးသိန်းမောင်-ဒေါ်အုန်းညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘဌာန်း လမ်း၊ အမှတ်(၇၂၃၊ ခြောက်လွှာ၊ B)နေ ဦးလွင်မြင့်၏ဇနီး၊ မောင်သန့်လွင်မြင့်၊ မသိမ့်လွင်မြင့်(လက်ထောက်ကထိက၊ စိတ်ပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏မိခင်၊ မအေးအေးနိုင်(ကဲကဲ)၏အဒေါ်သည် ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်ရည်စူး၍ ၄-၇-၂၀၂၀ရက် (စနေနေ့) နံနက် ၆နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင်၊ ဒေါက်တာဖေမြင့်၊ ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေးနှင့် ဦးအုန်းမောင်၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့

*စာမျက်နှာ ၇ ကော်လံ ၁* ❖




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

## ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

## အင်းစိန်မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ်၊ ၇၂ /၂၀၂၀**

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019– COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ် စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် မြို့နယ်များမှ (၁၀) မြို့နယ်တွင် COVID–19 ရောဂါ ထိန်းချုပ်မှုအခြေအနေတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ၁၄–၅–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် (၅၀/၂၀၂၀)၊ ၂၈–၅–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် (၅၇/၂၀၂၀) နှင့် ၁၄–၆–၂၀၂၀ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် (၆၆/၂၀၂၀) တို့ဖြင့် ယင်းမြို့နယ်များအား Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ခဲ့ပါသည်။

၃။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုနှင့် ကပ်ရောဂါဗေဒဆိုင်ရာ အချက်အလက်များအရ ရောဂါထိန်းချုပ်မှုနှင့် စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကို တွေ့ရှိရသဖြင့် ၁–၇–၂၀၂၀ ရက်နေ့၊ ၀၄ : ၀၀ နာရီအချိန်မှစတင်၍ အင်းစိန်မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး

ပြည်ထောင်စုဝန်ကြီး

## ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၃၀**

ပြည်ပမှ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံတွင်ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံနေသည့် မြန်မာနိုင်ငံသား ၉၀ အား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ညနေ ၅ နာရီ ၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၇၉ ဦး၊ ဘယ်လ်ဂျီယံနိုင်ငံမှ နှစ်ဦး၊ ကနေဒါနိုင်ငံမှ တစ်ဦး၊ ဂျာမနီနိုင်ငံမှ တစ်ဦး၊ ဂျပန်နိုင်ငံမှ သုံးဦး၊ နော်ဝေနိုင်ငံမှ နှစ်ဦး၊ ဗြိတိန်နိုင်ငံမှ ကိုးဦး၊ ဗီယက်နမ်နိုင်ငံမှ တစ်ဦး၊ တောင်ဆူဒန်နိုင်ငံမှ တစ်ဦးနှင့် အမေရိကန်ပြည်ထောင်စုမှ ၃၀ မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၉ ဦးအား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အလားတူ အာရပ်စော်ဘွားများပြည်ထောင်စုတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၂၉ ဦးအား ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ *စာမျက်နှာ ၁၇ ကော်လံ ၁* ❐

## အက်ဖ်အေဖလားဆီမီးဖိုင်နယ် ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တွင် ကစားမည်

အင်္ဂလန်၏ သက်တမ်းရင့်ပြိုင်ပွဲတစ်ခုဖြစ်သည့် အက်ဖ်အေဖလားဆီမီးဖိုင်နယ်ကို ဇွန် ၂၉ ရက်က မဲခွဲဆုံးဖြတ်ခဲ့ရာ နေ့ခ်ဝှစ်ချ်အသင်းကို အချိန်ပိုတွင် မက်ဂွိုင်းယား၏ အဖိုးတန်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်ကို တက်ရောက်လာခဲ့သည့် မန်ယူအသင်းအနေဖြင့် လက်စတာကို အနိုင်ယူခဲ့သော ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှက်ဖီးလ်အသင်းကို အနိုင်ယူကျော်ဖြတ်ခဲ့သည့် အာဆင်နယ်အသင်းက နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့သော မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါ ဆီမီးဖိုင်နယ်ပွဲစဉ်များကို *စာမျက်နှာ ၉ ကော်လံ ၁* ❍




**အနာဂတ်တွင် ကိုဗစ်- ၁၉ နှင့် အသားကျသော နေထိုင်မှုပုံစံဖြင့် နေထိုင်ကြရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲပြော** စာ - ၁၂

..................

**ထိုင်းနိုင်ငံက နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပိတ်ပင်ထားမှုကို ဇူလိုင် ၁ ရက်တွင် ဖယ်ရှားမည်** စာ - ၁၃

..................

**ပြီးဆုံးဖို့ မဖြစ်နိုင်သေးတဲ့ ကိုရိုနာ** ဆောင်းပါး စာ - ၁၄

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁ ရက်၊ ဗုဒ္ဓဟူးနေ့



# အဆင့်မြှင့်တင်မှုတွေ ပြီးစီးတော့မယ် ရန်ကုန်မြို့ပတ်ရထားဘူတာရုံတွေ

**ဆွေဦးဝေ**

ကားလမ်းကိုဖြတ်ပြီးဘူတာရုံဘက်ကို ချိုးကွေ့လိုက်တာနဲ့ သန့်ရှင်းသပ်ရပ်တဲ့ မြို့ပတ်ဘူတာရုံကို တွေ့မြင်လိုက်ရပါတယ်။ ဆေးရောင်သစ်သစ်လွင်လွင်နဲ့ အဆင့်မြှင့်တင်ထားတဲ့ မြို့ပတ်ဘူတာရုံလေးဟာ ကိုလှမောင်ရဲ့ စိတ်အာရုံကို ဖမ်းစားလိုက်သလိုပါပဲ။ အခုတလော ကိုဗစ်- ၁၉ ကြောင့် YBS ဘတ်စ်ကားတွေလည်း မစီးဖြစ်၊ ရန်ကုန်မြို့ပတ်ရထားလည်း မစီးဖြစ်ဘဲ ရုံးကို ဖယ်ရီကားနဲ့သာ နေ့စဉ်အသွားအပြန်လုပ်နေတဲ့ ကိုလှမောင်တစ်ယောက် သုမကြာခဏ ရောက်ရှိကာ မြို့ပတ်ရထား စောင့်စီးနေကျ ဘူတာရုံလေးဟာ အခုတော့ ပြောင်းလဲမှုတွေဖြစ်နေတာကို သတိမထားမိခဲ့။ ရန်ကုန်မြို့ပတ် ဘူတာရုံတွေ အဆင့်မြှင့်တင်မှု ပြုလုပ်နေတာဟာ အခုနှစ် လာမယ့်ဒီဇင်ဘာမှာ မြို့ပတ်ဘူတာအားလုံးပြီးစီးအောင် ဆောင်ရွက်နေတယ်ဆိုတာကိုတော့ ကိုလှမောင် သိရှိထားပါတယ်။

ရန်ကုန်မြို့နေပြည်သူတွေဟာ နေ့စဉ်အလုပ်အကိုင်ကိစ္စ၊ စီးပွားရေးနဲ့ အရောင်းအဝယ်ကိစ္စတွေအပါအဝင် ပညာရေး၊ ကျန်းမာရေး စတဲ့လူမှုကိစ္စ အဝဝအတွက် သွားလာတဲ့အခါ YBS ဘတ်စ်ကားတွေနဲ့ မြို့ပတ်ရထားခရီးစဉ်တွေကိုပဲ အဓိက အားကိုးအားထား စီးနင်းသွားလာနေကြတာ ဖြစ်ပါတယ်။ ဒီလိုသွားလာတဲ့အခါ နိုင်ငံတော်အစိုးရကလည်း ခရီးသည်တွေ စီးနင်းသွားလာရေး အဆင်ပြေစေဖို့အတွက် YBS ယာဉ်လိုင်းတွေရော၊ မြို့ပတ်ရထား ခရီးစဉ်တွေကိုပါ ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းနေတာ ကိုလှမောင်တို့ ကြားသိနေပါတယ်။ အခက်အခဲတွေ၊ အဖုအထစ်တွေရှိနေပေမယ့် တတ်နိုင်သမျှ ကောင်းမွန်အဆင်ပြေအောင် ဖြည့်ဆည်းပေးနေတာကိုလည်း သတိပြုမိနေပါတယ်။

အခုလည်း ရန်ကုန်မြို့ပတ်ဘူတာတွေကို လာမယ့်ဒီဇင်ဘာလအတွင်းမှာ အကုန်လုံး အဆင့်မြှင့်တင်နိုင်ဖို့ မြန်မာ့မီးရထားနဲ့ JICA တို့ ပူးပေါင်းပြီး ဆောင်ရွက်နေတာဟာ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ မြို့ပတ်ဘူတာပေါင်း ၂၅ ဘူတာကို အဆင့်မြှင့်တင်ပြီး ဖြစ်ပါတယ်။ **အချပ်ပို (ဂ) သို့**



# လှိုင်မြို့နယ်အတွင်းက စံပြအလှပန်းချီ

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

**"ပန်းသတင်းလေညင်းဆောင် လူသတင်း လူချင်းဆောင်" ဆိုတဲ့ ရှေးလူကြီးများရဲ့ စကားဥပမာလေးတစ်ခုက အခုရက်ပိုင်းအတွင်း နားထဲမှာ တစ်စတစ်စပိုလို့ ကျယ်လောင်လာနေပါတယ်။ ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ရဲ့ လှပမွှေးကြိုင်တဲ့သတင်းစကားက လေထဲကနေ အရပ်ရှစ်မျက်နှာသို့တိုင် ပျံ့လွင့်နေပြီလို့ ထင်ပါတယ်။ စာရေးသူရောက်သွားတဲ့အချိန်မှာ မီဒီယာအချို့စောစီးစွာရောက်နှင့်နေတာကို တွေ့ရလို့ပါ။** မီဒီယာတစ်ဖွဲ့က အနီးအဝေးကနေ ကင်မရာတစ်လုံးနဲ့ ရိုက်ကူးနေပါတယ်။

စာရေးသူကို ပထမလာပြောသူက လှိုင်မြို့နယ် အမှတ်(၄) ရပ်ကွက်ထဲကို ညွှန်သည်အဖြစ်ရောက်ခဲ့ဖူးတဲ့ တူမတစ်ယောက်ပါ။ ဒုတိယကတော့အငှားယာဉ်မောင်းတဲ့ မိတ်ဆွေတစ်ဦးပါ သတင်းအဖြစ် ပြောပြလာခြင်းရယ်ပါ။ နောက်တစ်ဦးကတော့ လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒေါ်မေသန္တာ တင်လိုက်တဲ့လိုင်းပေါ်က ပို့စ်တစ်ခုက လှိုင်မြို့နယ်ကို မရောက်ရောက်အောင်သွားဖို့ စာရေးသူကို နှိုးဆော်ခဲ့တာ အမှန်ပါ။

ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းနဲ့ ချိတ်ဆက်မိခဲ့ပါတယ်။ ချိန်းတဲ့ရက်မှာပဲ ဦးကျော်ကျော်ထွန်းက စာရေးသူကို ဘုရင့်နောင်လမ်းပေါ်က ဘူတာရုံမှတ်တိုင်မှာ လာရောက်စောင့်ကြိုပေးခဲ့ပါတယ်။ စာရေးသူကို သူ့ကားလေးနဲ့အမှတ်(၄)ရပ်ကွက် အေးရိပ်မွန်လမ်းထဲက ကိုယ်ပိုင်ကျောင်းကြီးတစ်ကျောင်းထဲကို ခေါ်ဆောင်သွားခဲ့ပါတယ်။

အဲဒီမှာ မော်တော်ကားတာယာနဲ့ ပြုလုပ်ထားတဲ့ ကော်ဖီပုဂံလုံးပုံသဏ္ဍာန် ပန်းအိုးကြီးတွေကို တွေ့ရခြင်းဖြစ်ပါတယ်။ အမျိုးသားတစ်ဦးက အဲဒီ ပုဂံလုံးပန်းအိုးကြီးတွေကို အောက်ခံဆေးအဖြူတွေ သုတ်နေပါတယ်။ ကိုယ့်ထက်အရင် စောရောက်နေတဲ့ ရုပ်သံမီဒီယာ...

### ထန်းအုန်းစပ်အပင်တွေ အစီအရီ တန်းစီရှိ

ရောက်ရှိနေတဲ့ ကိုယ်ပိုင်ကျောင်းကြီးရဲ့ တစ်လမ်းကျော်မှာ ခမ်းနားလှပတဲ့တိုက်ကြီးတစ်လုံးရှိပါတယ်။ တိုက်ရှေ့ပလက်ဖောင်းမြက်ခင်းစိမ်းစိမ်းပေါ်မှာ ထန်းအုန်းစပ်အပင်တွေက အစီအရီ တန်းစီရှိနေပါတယ်။ ပလက်ဖောင်းနှုတ်ခမ်းအနားကို အဝါရောင်ဆေးတွေနဲ့ လိမ်းခြယ်ထားပါတယ်။

အဲဒီ ထန်းအုန်းစပ်ပင်ရဲ့ အခြေကနေ လူတစ်ရပ်ကျော်ကျော်အထိကို ပန်းချီလက်ရာတွေနဲ့ လက်စွမ်းပြခြယ်မှုန်းထားတာကို တွေ့ရပါတယ်။ ဝါစိမ်းနီပြာရောင်စုံဖြာလို့ မျက်စိပသာဒရှိလှပါတယ်။

အပင်တိုင်းမှာ လူပုံ၊ ပန်းပုံ၊ ငှက်ပုံ၊ ရုပ်သေးရုပ်နဲ့ဒေါင်းပုံ စတဲ့အစုံစုံသော ပုံလေးတွေက သက်ဝင်ပန်းချီကားသဖွယ်ရှိလှပြီး စိတ်ကူးပုံဖော်သူ ပန်းချီဆရာရဲ့ စိတ်စေတနာကို ထင်ဟပ်ပေါ်လွင်နေတာ တွေ့မြင်ခံစားလိုက်ရပါတယ်။

### ပန်းပင်လေးတွေကိုလည်း စိုက်ချင်တယ်

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက "ဒီအေးရိပ်မွန်အိမ်ရာလမ်းမကြီးမှာက လုံးချင်းတိုက်တွေပါ။ အဲဒီကသူတွေကို စည်းရုံးပြီးအိမ်ရှေ့ပလက်ဖောင်းတွေကို မိမိတို့ရဲ့ အစီအစဉ်နဲ့ပြင်ဖို့ ဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ခဲ့တာပါ။ ပလက်ဖောင်းပေါ်မှာလည်း ကွန်ကရစ်အပြည့် မခင်းချင်ဘူး။ မြက်ခင်းလည်း ရှိစေချင်၊ မြေသားလည်း ကျန်စေချင်တာ၊ အနားယူဖို့ ထိုင်ခုံလေးတွေလည်းထားချင်၊ မျက်စိပသာဒရှိအောင် ပန်းပင်လေးတွေကိုလည်း စိုက်ချင်တယ်။ အဓိက ညိုပြာဆန်းဆိုတဲ့ အပင်လေးတွေစိုက်တယ်။ သူကပွင့်ရင် ခရမ်းရောင်လေးနဲ့ လှတယ်ဗျ။ ရည်ရွယ်ချက်ကတော့ လမ်းထဲလျှောက်လာရင် လှပသာယာမှုရပြီး စိတ်ကြည်လင်ချမ်းမြေ့စေချင်တယ်။ လမ်းထိပ်မှာဆို ပန်းအိုးကြီးနှစ်လုံးချထားတယ်။ နောက်ခရေပင်တွေ စိုက်ထားတယ်။ ခရေပင်ကို ဘာလို့ ရွေးစိုက်ရတာလဲလို့မေးရင် ခရေပင်က ကြီးလာတာနဲ့ အမျှ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အရိပ်ရတယ်။ သူ့အပွင့်လေးတွေက မွှေးတယ်။ ကြွေကျလို့ ကောက်သီပြီး ပန်လို့ရတယ်။ နောက်တစ်ချက်က မရှိဆင်းရဲတဲ့သူအဖို့ ဝင်ငွေတစ်ခုလည်း ဖြစ်တယ်။ မနက်စောစောကြွေကျတဲ့ ခရေပွင့်လေးတွေကို ကောက်သီပြီး ရောင်းမယ်ဆိုငွေကျပ် **အချပ်ပို (ခ) သို့**

*လှိုင်မြို့နယ်အတွင်းက စံပြအလှပန်းချီ. . .မှ*

၂၀၀၀ မှ ၃၀၀၀ လောက် ရကြတယ်။ အဲဒါကြောင့် ခရေပင်ကို အလေးထားစိုက်ခဲ့တာ။ နောက်ဒီလမ်းက ယာဉ်အန္တရာယ်ကင်းရှင်းတယ်။ ဆောင်းတွင်းမနက်ပိုင်းဆို လမ်းလျှောက်တဲ့သူတွေရှိတယ်။ အဲဒီအတွက် နံနက်ဝေလီဝေလင်းမှာ လင်းရှင်းစေဖို့ မီးလုံးလေးတွေ လိုက်ချိတ်ပေးထားပါတယ်။



ဦးကျော်ကျော်ထွန်း၊ (ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ်)



အလှဆင်ပန်းအိုးများ ပြုလုပ်ထားသည်ကို တွေ့ရစဉ်။

**အတတ်နိုင်ဆုံးဆောင်ရွက်**

“နောက် ပြောချင်တာက ခင်ဗျားစိတ်ဝင်စားနေတဲ့အုန်းထန်းစပ်ပင်ကိစ္စ၊ အဲဒီနေရာမှာက အုန်းထန်းစပ်ပင် ၁၈ ပင်ရှိတယ်။ အပင်တွေဆိုတော့ ပင်စည်တွေက မည်းနေတတ်တယ်။ အဲဒါကို အကြံပေးလာတာက ရပ်ကွက်ထိပ်က အနေးယာဉ်လုပ်သားတွေပဲ။ အပင်ခြေကို ဆေးသုတ်လိုက်ရင် ပိုကောင်းလာနိုင်တယ်တဲ့ ဟုတ်တယ် ဘယ်သူပေးပေး ကောင်းတဲ့ အကြံဉာဏ်ဆို ကျွန်တော်တို့ လက်ခံတယ်။ အတတ်နိုင်ဆုံး ဆောင်ရွက်သွားမယ်။ အဲဒါနဲ့ပဲ အပင်အောက်ခြေကနေ လူတစ်ရပ်ကျော်ကျော် အမြင့်အထိကို ပထမဆေးဖြူသုတ်တယ်။ ကြာလာရင် ညစ်ပတ်မလားဆိုပြီး အဝါရောင် ပြန်သုတ်တယ်။ နောက်မထူးပါဘူးကွာဆိုပြီး ပန်းချီဆရာ၊ ကျွန်တော်တို့ မြို့နယ်ထဲကပါပဲ အနုပညာတက္ကသိုလ်ကဘွဲ့ရပြီး ILBC မှာ သင်တန်းဆရာလုပ်နေတဲ့ ပန်းချီဆရာ



ကလေးငယ်များ ပျော်ရွှင်စွာကစားနေမှုကို တွေ့ရစဉ်။

ကိုအောင်လေးရဲ့ အကူအညီနဲ့ပေါ့။ ကျွန်တော်တို့က လိုအပ်တဲ့ဆေးတွေ ဝယ်ပေးတယ်။ ပန်းချီဆွဲတယ်။ အခုဆို ဒီအမှတ်(၄)ရပ်ကွက် အေးရိပ်မွန်အိမ်ရာလမ်းက သာယာလှပပြီး လမ်းသွားလမ်းလာအားလုံးက စိတ်ချမ်းသာနေကြတယ်။ သဘောကျကျေနပ်နေကြတယ်။ ကျွန်တော်တို့ပြည်သူ့အပေါ်အခုလိုတစ်စိတ်တစ်ဒေသ ဆောင်ရွက်ပေးနိုင်တဲ့အတွက် ဝမ်းသာပါတယ်”။

“အဲဒီကတစ်ဆင့် ဗဟိုလမ်းဘက်ကိုဆက်ခဲ့ကြပါတယ်။ ရွာမကျောင်းလမ်းနဲ့ ဘုရင့်နောင်လမ်းမကြီးအကြား ပလက်ဖောင်းပေါ်မှာပါ။ ရောင်စုံပန်းချီခြယ်သထားတဲ့ ပန်းအိုးကြီးတွေကို အစီအရီချထားတာကို တွေ့လိုက်ရပါပြီ။ အရွယ်အားဖြင့် အဝ ၁၆ လက်မခန့်၊ အမြင့် နှစ်ပေခွဲခန့် လက်ကိုင်ပါတဲ့ ကော်ဖီခွက်ပုံသဏ္ဌာန်ပန်းအိုးကြီးများပဲ ဖြစ်ပါတယ်။ အိုးတိုင်းမှာ စက္ကူပန်းပင်တွေ စိုက်ပျိုးထားပါတယ်။ ရေဝနေတဲ့အတွက် အပင်တိုင်းက အရွက်တွေက စိမ်းစိုဝေဆာနေပါတယ်။"

စက္ကူပန်းတွေစိုက်တာနဲ့ ပတ်သက်လို့ ဦးကျော်ကျော်ထွန်းက “စက္ကူပန်းက တန်ဖိုးအများကြီးမရှိဘူး။ လမ်းသွားလမ်းလာတွေကလည်း မခူးကြဘူး။ အဖြစ်လည်းမြန်တယ်။ ရေဆိုလည်း နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါလောက်မှလောင်းလည်း အဆင်ပြေတယ်”။

ထူးခြားတာက ပန်းအိုးတိုင်းမှာ ရေးဆွဲထားတဲ့ပန်းချီတွေပါပဲ။ ကလေးများအကြိုက် ရုပ်ပုံလေးတွေကို ဦးစားပေးရေးခြယ်ထားတာကို တွေ့ရပါတယ်။ ဆင်ရုပ်၊ မြင်းရုပ် ဇီးကွက်ရုပ်၊ ငါးရုပ်၊ မျောက်ရုပ်၊ ပန်းပုံအစုံစုံ စတာလေးတွေပါ။ ပန်းပင်များကလည်း စိမ်းစိမ်းစိုစို ပန်းအိုးများကလည်း ဆေးသားရောင်စုံနဲ့မို့ ဗဟိုလမ်းမကြီးပေါ်မှာ ဖြတ်သွားကြတဲ့ကားပေါ်က လူအများ ငေးကြည့်ရလောက်အောင် စိတ်ဆွဲဆောင်မှုတွေ အပြည့်ရှိနေတာကို တွေ့နေရပါတယ်။ အလွန်ကောင်းတဲ့ စိတ်ကူးတစ်ရပ်ပါ။

**ငွေကြေးအကုန်အကျများနိုင်**

အဲဒါနဲ့ ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက " ဒီလို စိတ်ကူးကို ကိုရီးယားနဲ့ ထိုင်းက ရခဲ့တာပါ။ ကိုရီးယားကို ရောက်ခဲ့တုန်းက တွေ့ရတဲ့ ပန်အိုးတွေက ဖိုက်ဘာအိုးတွေပါ။ ငွေကြေးအကုန်အကျများနိုင်တယ်။ နောက်ကျွန်တော်တို့ တိုင်းပြည်နဲ့ မကိုက်ညီနိုင်ဘူး။ အချို့မူးတဲ့သူတွေ လက်ဆော့တတ်တဲ့ သူတွေကြောင့် အိုးတွေကွဲသွားနိုင်တယ်။ ဒါကြောင့် မဖြစ်ဘူး။ ထိုင်းကိုရောက်တော့ အဲဒီမှာ တာယာအဟောင်းတွေနဲ့လုပ်ထားတာကို တွေ့ရတယ်။ ပုံစံချင်းတော့မတူဘူးပေါ့။ ဓာတ်ပုံတွေ ရိုက်လာခဲ့တယ်။ စမ်းချောင်းဗဟိုလမ်းက တာယာပစ္စည်းလုပ်တဲ့ဆိုင်တွေမှာ ဓာတ်ပုံပြပြီး ဝင်စုံစမ်းတော့ သူတို့က လုပ်ပေးနိုင်တယ်။ တစ်လုံးကို ကျပ် ၁၀၀၀၀ လောက်ကျတယ်။ တာယာဆိုတော့ တော်ရုံတန်ရုံမပျက်စီးနိုင်ဘူး။ အခုဆို တစ်လုံးကို ၂၄ ပေစီ ချထားတယ်။ ၁၅ လုံးလောက်တော့ချထားမယ်။ ထပ်လည်း မှာထားပါတယ်။ တစ်မြို့နယ်လုံးအတွက်ဆိုရင်တော့ ၄၅ လုံးလောက် မှန်းထားပါတယ်။

ပန်းချီကတော့ ညီလေးလို ဖြစ်နေတဲ့ ကိုအောင်လေးကိုပဲ တာဝန်ပေးရတာပါပဲ။ ရေးဆွဲခကို တကယ်တန်းပေးရမယ်ဆိုရင် တစ်လုံးကို ငွေကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ လောက် တန်ပါတယ်။ သူကလည်း ကိုယ့်မြို့နယ်သားဆိုတော့ ကိုယ့်မြို့နယ် သာယာလှပရေးအတွက် အကူအညီပေးတာပါ။ ကျွန်တော်တို့ကလည်း အလှူခံပြီး ဆောင်ရွက်ရတာဆိုတော့ အများကြီးလည်း မပေးနိုင်ဘူး”။

**ဆေးသုတ်ပြီး ရောင်စုံအလှခြယ်**

နောက်... ပလက်ဖောင်းဘေးရှိ အုတ်နံရံကြီးကို လက်ညှိုးထိုးပြပြီး “အဲဒီ နံရံတစ်လျှောက်လုံးကို ဆေးသုတ်ပြီး ရောင်စုံအလှခြယ်သွားဦးမှာ။ ထိုင်ခုံလေးတွေချထားပေးမယ် ၅၀-၀ပ် LED မီးလုံးတွေ ထွန်းထားပေးမယ်။ ဒါဆိုလမ်းသွားလမ်းလာတွေ ညပိုင်းရှင်းရှင်းလင်းလင်းသွားနိုင်သလို ဒုစရိုက်ရန်ကလည်း ကာကွယ်ပြီး ဖြစ်သွားတာပေါ့။ ပလက်ဖောင်းပေါ် ပန်းအိုးတွေ ချထားမယ့် အရှည်က ပေ ၁၁၅၀ လောက်ဆိုတော့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အဲဒီအပေါ်မှာ နှစ်ခေါက်လောက် လျှောက်လိုက်တာနဲ့ အဆင်ပြေနိုင်ပါတယ်။ ပလက်ဖောင်းကလည်း ကျယ်ပါတယ်”။

**အများပြည်သူတွေအတွက် အကျိုးပိုရှိ**

ဆက်လက်ပြီး "နောက်တစ်ခုက အေးရိပ်မွန်အိမ်ရာရှေ့မှာက ချုံနွယ်တွေ၊ ဆိုင်တန်းတွေ၊ ဘီယာဆိုင်တွေ၊ ပစ္စည်းအဟောင်း အစုအပုံတွေနဲ့ ရှုပ်ထွေးနေတယ်။ အမှန်တကယ်တော့ အဲဒီနေရာတွေက Public Area တွေပါ အများနဲ့ဆိုင်တဲ့ နေရာတွေဖြစ်တာကြောင့် အများပြည်သူတွေအတွက်ပဲ အကျိုးရှိစေချင်ပါတယ်။ အဲဒါကြောင့် ပန်းခြံလေးတွေ ဖြစ်အောင် ဖန်တီးပေးတယ်။ ပန်းအိုးလေးတွေ ချထားပေးတယ်။ ကလေးတွေ ကစားဖို့ စီးဆော့၊ ဒန်းပုခက်၊ လျှော စတာတွေ စီစဉ်ပေးထားတယ်။ လူကြီးတွေ ကျန်းမာရေးအထောက်အကူရစေဖို့ အားကစားပစ္စည်းတွေကို မြို့တော်စည်ပင်နဲ့ ချိတ်ဆက်ပြီး လုပ်ထားတယ်။ အရင်ကဆို အခုလိုမျိုး Public Area တွေမရှိသလောက်ပဲ။ အခုလို ဖော်ထုတ်ပေးနိုင်မယ်ဆို အများပြည်သူတွေအတွက် အကျိုးပိုရှိလာနိုင်မှာ ဖြစ်ပါတယ်”။



အပန်းဖြေရန် ထိုင်ခုံများ ပြုလုပ်ထားမှုကို တွေ့ရစဉ်။

**ဖြည့်ဆည်းဆောင်ရွက်နေ**

“ကျွန်တော်တို့အစိုးရ တက်ခါစမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းရဲ့ ရည်ရွယ်ချက်က ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသပ်ရပ်သာယာလှပတဲ့ မြို့တော်ကြီးဖြစ်အောင် ဆောင်ရွက်မယ်လို့ ပြောခဲ့ဖူးတာ ရှိပါတယ်။ အခုအဲဒီရည်ရွယ်ချက် အောင်မြင်ရေးအတွက် ကျွန်တော်တို့ လှိုင်မြို့နယ်က တစ်ထောင့်တစ်နေရာကနေ ဖြည့်ဆည်းဆောင်ရွက်နေတာပါ”လို့ ဆိုပါတယ်။

**တတ်စွမ်းသမျှ ဆောင်ရွက်**

ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းနဲ့ တွေ့ဆုံစကားပြောပြီး လိုအပ်တဲ့ မှတ်တမ်းဓာတ်ပုံများရိုက်ကာ ပြန်ခဲ့တဲ့နောက်မှာတော့ သူနောက်ဆုံးပိတ်ပြောသွားတဲ့ စကားလုံးတွေကို လမ်းတစ်လျှောက် ပြန်လည်ကြားယောင်လာခဲ့ပါတယ်။ “အခုလို လှိုင်မြို့နယ် သန့်ရှင်းသာယာလှပနိုင်စေရေး ပန်းချီအလှခြယ်မှုန်းနိုင်ရေးမှာ ကျွန်တော်တို့အဖွဲ့ဝင်တွေ၊ မြို့နယ်အုပ်ချုပ်ရေးမှ တာဝန်ရှိသူတွေ၊ စည်ပင်အဖွဲ့ဝင်တွေ၊ အလှူရှင်တွေ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြတဲ့ ပြည်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်-ကျွန်တော်တို့ မြို့နယ်လိုပဲ အခြားမဆောင်ရွက်ရသေးတဲ့ မြို့နယ်တွေကပါ တတ်စွမ်းသမျှ ဆောင်ရွက်သွားကြမယ်ဆိုရင် ဝန်ကြီးချုပ်ပြောကြားခဲ့တဲ့ သန့်ရှင်းသာယာလှပတဲ့မြို့တော်ကြီး အမှန်တကယ်ဖြစ်လာနိုင်ပါတယ်”လို့။ ။

**ရန်ကုန် မြို့တော်ကြီးကို သန့်ရှင်းသပ်ရပ် သာယာလှပတဲ့ မြို့တော်ကြီး ဖြစ်အောင် ဆောင်ရွက်မယ်လို့ ပြောခဲ့ဖူးတာ ရှိပါတယ်။ အခု အဲဒီရည်ရွယ်ချက် အောင်မြင်ရေးအတွက် ကျွန်တော် တို့ လှိုင်မြို့နယ်က တစ်ထောင့် တစ်နေရာကနေ ဖြည့်ဆည်း ဆောင်ရွက်နေတာပါ**

# ရန်ကုန်မြို့မှာ အသစ်ထွက်ပေါ်လာဦးမယ့် ဆေးရုံသစ်ကြီး

ဇင်လင်းမြင့်

ပြည်သူတွေရဲ့ ကျန်းမာရေးကို စရိတ်သက်သာစွာနဲ့ ကုန်ကျမှုအနည်းဆုံးဖြစ်အောင် အခမဲ့ ကုသပေးနေတာကတော့ ပြည်သူ့ဆေးရုံတွေပဲ ဖြစ်ပါတယ်။ ပြည်သူ့ဆေးရုံတွေရဲ့ ကုသပေးမှုနဲ့ ဆေးကုသစရိတ် အခမဲ့ကြောင့် တစ်နေ့တခြားဝေဒနာရှင်တွေက ပြည်သူ့ဆေးရုံတွေအပေါ်မှာ ကျန်းမာရေးအတွက် အားကိုးအားထားမှုတွေ များပြားလာပါတယ်။ ရန်ကုန်မြို့မှာဆိုရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ကျန်းမာရေးအတွက် အားကိုးအားထားပြီး လာရောက်ကုသတဲ့ ပြည်သူတွေ များပြားလာတာမို့ နှလုံး၊ ဦးနှောက်နဲ့ အာရုံကြော အထူးကုဆေးရုံသစ်ကြီးကို ရန်ကုန်မြို့မှာ ဂျပန်အကူအညီနဲ့ တည်ဆောက်နေတာဟာ လာမယ့် ၂၀၂၂ ခုနှစ်မှာ ပြီးစီးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

ဒီဆေးရုံသစ်ကြီးကို ရန်ကုန်မြို့ပြည်လမ်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ မင်းရဲကျော်စွာလမ်းဘက်ခြမ်းရဲ့ မြေနေရာမှာ တည်ဆောက်နေတာဖြစ်ပါတယ်။ ရန်ကုန်သူနာပြုတက္ကသိုလ်အနီး တည်ဆောက်နေတာကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်ဆေးရုံသစ်တွေရဲ့ အနီးမှာ တည်ရှိနေပါတယ်။

ရန်ကုန် နှလုံး၊ ဦးနှောက်နဲ့ အာရုံကြော အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်းအတွက် ပန္နက်တင်အခမ်းအနားကို ၂၀၁၉ ခုနှစ် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းနဲ့ ပြည်လမ်းထောင့်မှာရှိတဲ့ မြေကွက်လပ်မှာ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ တည်ဆောက်ရေးစီမံကိန်းအနေနဲ့ ၂၀၂၁ ခုနှစ်မှာ ပြီးစီးဖို့ မျှော်မှန်းထားပေမယ့် ကိုဗစ်– ၁၉ ကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေ နှောင့်နှေးမှုဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် စီမံကိန်းလျာထားချက်အတိုင်း ပြီးစီးနိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။

## ဆေးရုံဒီဇိုင်းကို ရေးဆွဲထား

ဒီစီမံကိန်းကို ဂျပန်အခြေစိုက် Taisei Corporation က တာဝန်ယူတည်ဆောက်နေတာဖြစ်ပြီး ဂျပန်နိုင်ငံ ပညာရှင်တွေက ဆေးရုံဒီဇိုင်းကို ရေးဆွဲထားတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆေးရုံတည်ဆောက်ရေးလုပ်ငန်းနဲ့ ဒီဇိုင်းအတိုင်း အကောင်အထည်




**နှလုံး၊ ဦးနှောက်နှင့်အာရုံကြော အထူးကု ဆေးရုံသစ်ကြီး(ရန်ကုန်) စီမံကိန်း ပုံစံငယ်**

ဖော်မှုတွေကို မြန်မာလူငယ်တွေ လေ့လာသိရှိနိုင်မှာ ဖြစ်ပါတယ်။ မြန်မာအင်ဂျင်နီယာတွေအနေနဲ့လည်း ဂျပန်ပညာရှင်တွေနဲ့အတူ ပူးပေါင်းပါဝင်ကာ စနစ်တကျ ဆောင်ရွက်နေမှုကို အနီးကပ်လေ့လာနိုင်တဲ့ အခွင့်အရေးလည်း ရရှိမှာဖြစ်ပါတယ်။

## ဂျပန်အစိုးရ ထောက်ပံ့ကူညီ

နှလုံး၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံသစ်ကြီး(ရန်ကုန်) စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်တဲ့ လုပ်ငန်းမှာ ဂျပန်အစိုးရက ဂျပန်ယန်းငွေ ၈ ဒသမ ၆ ဘီလီယံခန့် ထောက်ပံ့ကူညီပေးတာဖြစ်ပြီး မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကျပ်ငွေ ၄၂ ဘီလီယံခန့် အကုန်အကျခံမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါ ဂျပန်အစိုးရအနေနဲ့ ငွေကြေးအပြင် ဆေးရုံသုံးစက်ပစ္စည်းအချို့ကိုလည်း ကူညီထောက်ပံ့ပေးဖို့လည်း ရှိနေပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကတော့ မြန်မာငွေကျပ် ၄၂ ဘီလီယံခန့် တန်ဖိုးရှိတဲ့ ဆေးရုံသုံး စက်ပစ္စည်းကိရိယာတွေ ဖြည့်ဆည်းထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနဲ့ ဂျပန်နိုင်ငံတို့အကြား ကျန်းမာရေးကဏ္ဍမှာ ကာလရှည်စွာ ရင်းနှီးချစ်ကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအထဲမှာ ထင်ရှားတဲ့ လက္ခဏာတစ်ရပ် ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

## တိုးချဲ့တည်ဆောက်နေရ

ရန်ကုန်မြို့ဟာ လူဦးရေ ၇ သန်းကျော်ရှိလာတာနဲ့အမျှ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုမိုလိုအပ်လာပါတယ်။ အစားအစာနဲ့ လူနေထိုင်မှုဘဝပုံစံတွေ ပြောင်းလဲလာတာနဲ့ အမျှ ရောဂါဖြစ်ပွားမှု များပြားလာတာမို့ ပြည်သူ့ဆေးရုံတွေ တိုးချဲ့တည်ဆောက်နေရပါတယ်။ လှိုင်သာယာမြို့နယ်မှာ ပြည်သူ့ဆေးရုံသစ်တစ်ခု တည်ဆောက်ထားပြီးဖြစ်သလို ကျန်တဲ့ဆေးရုံတွေကိုလည်း တိုးချဲ့အထပ်မြင့်ဆောင်တွေ၊ ဆေးရုံအဆင့်မြှင့်တင်မှုတွေအပြင် အခုလို ဆေးရုံသစ်ကြီးတွေလည်း အကောင်အထည်ဖော် တည်ဆောက်နေပါတယ်။

အခု ဆေးရုံသစ်ကြီးဟာ အထပ်ပေါင်း ခုနစ်ထပ်ရှိမှာဖြစ်ပြီး ခုတင် ၃၀၀ ဆံ့ ဆေးရုံဖြစ်ပါတယ်။ အရေးပေါ်ဌာနနဲ့ ပြင်ပလူနာဌာနတွေကို မြေညီထပ်မှာထားရှိပြီး ဓာတ်ခွဲခန်းနဲ့ အုပ်ချုပ်မှုဌာနတွေကိုတော့ ပထမအထပ်မှာ ထားရှိမှာ ဖြစ်ပါတယ်။ ဒုတိယအထပ်မှာ ခွဲစိပ်ခန်းနဲ့ အထူးကြပ်မတ်ဆောင်တွေ ထားရှိပြီး ကျန်လေးထပ်ကိုတော့ နှလုံးနဲ့ ဦးနှောက် အာရုံကြောဆိုင်ရာ ခွဲစိပ်ခြင်းနဲ့ ကုသခြင်းတွေကို အထပ်လိုက် ခွဲခြားဆောင်ရွက်သွားဖို့ စီစဉ်ထားကြောင်း သိရပါတယ်။

## အထောက်အကူပြု ကိရိယာတွေ

ဒီဆေးရုံသစ်ကြီး ပြီးစီးသွားရင်တော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ထားရှိတဲ့ နှလုံး၊ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ဌာနတွေကို ပြောင်းရွှေ့ပြီး လူနာတွေကို လက်ခံကုသပေးမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ လူနာတွေအနေနဲ့ ဒီဆေးရုံသစ်ကြီးမှာ နောက်ဆုံးပေါ် ဆေးပစ္စည်းတွေ၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုကိရိယာတွေ စုံစုံလင်လင်နဲ့ ကုသမှုခံယူနိုင်မှာ ဖြစ်ပါတယ်။

ဒီလို အခြေအနေကောင်းတွေအပြင် ဆေးပညာသင်ယူနေကြတဲ့ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ၊ ဘွဲ့ကြို၊ ဘွဲ့လွန် ဆေးနဲ့ နီးနွယ်ပညာသင်ကြားနေတဲ့ လူငယ်တွေအတွက် လေ့လာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေလည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒီဆေးရုံသစ်ကြီးမှာ နှလုံးရောဂါ၊ ဦးနှောက်နဲ့ အာရုံကြောကုသမှုတွေကို ဂျပန်နိုင်ငံမှ အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှုစနစ်တွေနဲ့ ကုသပေးသွားမှာဖြစ်လို့ ပြည်သူတွေရဲ့ကျန်းမာရေးကို ကောင်းမွန်စွာနဲ့ ကုသစောင့်ရှောက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးနိုင်မှာဖြစ်တာမို့ တည်ဆောက်ရေးလုပ်ငန်းတွေကို အခက်အခဲတွေကြားကနေ ပြီးဆုံးအောင်မြင်အောင် ကြိုးစားနေတာ ဖြစ်ပါတယ်။

## အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ထား

ဂျပန်အစိုးရအနေနဲ့ အကူအညီပေးမှုတွေကိုကြည့်ရင် ၂၀၁၃ ခုနှစ်မှာ မန္တလေးမြို့မှာ ဆေးရုံ သုံးရုံကို ဆေးရုံပစ္စည်းတွေ ဖြည့်ဆည်းပေးခဲ့တာရှိခဲ့သလို ရန်ကုန်ဆေးရုံသစ်ကြီးနဲ့ အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)တို့မှာလည်း ဆေးရုံသုံးပစ္စည်းတွေ ဖြည့်ဆည်းပေးခဲ့ပါတယ်။ ဒါ့အပြင် လှိုင်ကော်နဲ့ လားရှိုးဆေးရုံတွေမှာလည်း ဆေးရုံအဆင့်မြှင့်တင်မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ မကွေး၊ ထားဝယ် ဆေးရုံကြီးတွေမှာလည်း အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ထားပါတယ်။

အခုလည်း နှလုံး၊ ဦးနှောက်နဲ့ အာရုံကြောဆေးရုံသစ်ကြီးကို ရန်ကုန်မှာ တည်ဆောက်နေတာဖြစ်လို့ လာမယ့် ၂၀၂၂ ခုနှစ်မှာ ပြီးစီးဖို့ ရည်မှန်းပြီး ဆောင်ရွက်နေတာဟာ ရန်ကုန်မြို့ရဲ့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအပြင် မြန်မာနိုင်ငံတစ်ဝန်းက ဝေဒနာရှင်တွေရဲ့ ကျန်းမာရေးကိုလည်း တိုးချဲ့ဖြည့်ဆည်းစောင့်ရှောက်ကုသပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ॥

---

## အဆင့်မြှင့်တင်မှုတွေ ပြီးစီးတော့မယ့် ရန်ကုန်မြို့ပတ်ရထားဘူတာရုံတွေ . . . မှ

ဒီလိုအဆင့်မြှင့်တဲ့အခါ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်မှာ မြို့ပတ်ဘူတာပေါင်း ၃၇ ဘူတာရှိနေတာဖြစ်ပြီး အဲဒီထဲက ၂၅ ဘူတာကို အဆင့်မြှင့်တင်ထားတာဖြစ်ကာ ရန်ကုန်ဘူတာကြီးကတော့ အဲဒီမြို့ပတ်ဘူတာ အရေအတွက်ထဲမှာ ထည့်သွင်းထားခြင်း မရှိပါဘူး။ ဘူတာကြီးပါ ထည့်ပြီး ရေတွက်ရင်တော့ ၃၈ ဘူတာရှိမှာပါ။

"ရန်ကုန်မြို့ပတ် ရထားဘူတာရုံတွေ အဆင့်မြှင့်တင်မှုအပိုင်းမှာ အခုဆိုရင် ဘူတာ ၁၂ ဘူတာ ကျန်နေသေးတယ်။ ဒါကိုလည်း အဆင့်မြှင့်တင်မှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လာမယ့် ဒီဇင်ဘာမှာ အားလုံးပြီးစီးဖို့ မျှော်မှန်းလုပ်ကိုင်နေပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့မီးရထား လက်ထောက်မန်နေဂျာ ဦးကျော်မျိုးလွင်က ပြောပါတယ်။

ဒီလိုမြို့ပတ်ဘူတာရုံတွေ အဆင့်မြှင့်တင်တဲ့အခါ ဘူတာရုံအဆောက်အအုံကိုသာမကဘဲ ဘူတာပလက်ဖောင်း စင်္ကြံတွေလည်း အဆင့်မြှင့်တင်မှသာ ခရီးသည်တွေ မြို့ပတ်ရထားတွဲတွေအပေါ် တက်ရောက်ရင် အဆင်ပြေပြေဖြစ်မှာပါ။ အခုလို ဘူတာရောက်တဲ့အခါ ဘူတာပလက်ဖောင်းစင်္ကြံကို အဆင့်မြှင့်တင်ထားတာ ကိုလူမောင်တွေ့ရှိရပါတယ်။ ပလက်ဖောင်းစင်္ကြံအခင်းတွေကောင်းပြီး သပ်ရပ်သန့်ရှင်းနေတာတွေ့ရသလို အရင်ကထက် ပလက်ဖောင်းစင်္ကြံအမြင့် ပြုလုပ်ထားတာလည်း ကိုလူမောင်သတိပြုမိနေပါတယ်။

## မြို့ပတ်ဘူတာရုံ ၁၇ ဘူတာရှိ

တကယ်တော့ဘူတာရုံတွေ၊ ပလက်ဖောင်းစင်္ကြံတွေ အဆင့်မြှင့်တင်မှုသာမကဘဲ မြို့ပတ်ရထားသံလမ်းတွေ၊ ရထားလမ်းကူးခုံးကျော်တံတားတွေ၊ ရထားနဲ့ ကားလမ်းဆုံရာနေရာတွေ၊ အချက်ပြစနစ်တွေကအစ အားလုံးဟန်ချက်ညီညီ ဆောင်ရွက်နေတာဖြစ်ပြီး ဒီလိုဆောင်ရွက်မှလည်း လုပ်ငန်းစဉ်တွေ အောင်မြင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ဘူတာရုံပေါင်း ၃၇ ခုရှိတဲ့နေရာမှာ ရန်ကုန်ဆင်ခြေဖုံးအရပ်မှာရှိတဲ့ မြို့ပတ်ဘူတာရုံပေါင်းက ၁၇ ဘူတာ ရှိပါတယ်။ ဘယ်မြို့ပတ်ဘူတာရုံကပဲဖြစ်ဖြစ် ရထားစီးခရီးသည်တွေ အတက်အဆင်းပြုလုပ်ရာမှာ လွယ်ကူအဆင်ပြေစေဖို့ အရေးကြီးပါတယ်။

ရန်ကုန်မြို့ပတ်ရထားခရီးစဉ်မှာ ခရီးမိုင်က ၂၉ ဒသမ ၅ မိုင်ရှိပေမယ့် ရထားသံလမ်းအရှည်ကတော့ ၅၉ မိုင် ရှိနေပါတယ်။ အဲဒီမြို့ပတ်ရထားခရီးစဉ်တစ်လျှောက်မှာ ဘူတာကြီးအပါအဝင် မြို့ပတ်ဘူတာရုံပေါင်း ၃၈ ရုံရှိနေပြီး အခုလို ကိုဗစ်– ၁၉ ကာလမဟုတ်ဘဲ အရင်ပုံမှန်အခြေအနေကဆိုရင် မြို့ပတ်လိုင်းမှာ ရထားကြီး ၁၅ ဆိုင်း၊ RBD ၁၀ ဆိုင်းနဲ့ စုစုပေါင်းအဆိုင်း ၂၅ ဆိုင်းနဲ့ အခေါက်ရေ ၂၂၁ ခေါက်ကို နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ ပြေးဆွဲပေးနေတာ ဖြစ်ပါတယ်။

အခုလို ကိုဗစ်– ၁၉ ကာလမှာတော့ ရန်ကုန်မြို့ပတ်ရထား ခရီးစဉ်တွေကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှာ ခရီးစဉ် ၁၂ ခုသာ ပြေးဆွဲခဲ့ပေမယ့် အခုဇွန်လမှာတော့ မြို့ပတ်ရထားခရီးစဉ်ပေါင်း ၅၂ ခုအထိ ပြေးဆွဲပေးနေတာ ဖြစ်ပါတယ်။ နေ့စဉ် မြို့ပတ်ရထားစီးတဲ့ ခရီးသည်တွေအနေနဲ့ အရင်က လူဦးရေ ၇၃၀၀၀ ခန့် စီးနေပေမယ့် အခုအခြေအနေမှာ လျော့ကျနေပါတယ်။ ဒါပေမယ့်လည်း အခုဆိုရင် ပုံမှန်ခရီးသည်စီးမှုကို တဖြည်းဖြည်း ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

ကိုလူမောင်တို့လို အခြေခံဝန်ထမ်းတွေ၊ ပြည်သူတွေအတွက်ကတော့ ရန်ကုန်မြို့မှာ ခရီးသွားလာရင် အဓိကအားထားရတဲ့ YBS ယာဉ်တွေနဲ့ မြို့ပတ်ရထားတွေကိုသာ အားကိုးနေတာမို့ အခုလိုမြို့ပတ်ဘူတာရုံတွေ အဆင့်မြှင့်တင်မှု ပြုလုပ်နေတာတွေ့ရတော့ ဝမ်းသာမိတာ အမှန်ပါပဲ။

## အလိုအလျောက် အချက်ပြစနစ်

ဒီလိုမြို့ပတ်ဘူတာရုံတွေ အဆင့်မြှင့်တင်မှုအပြင် မြို့ပတ်ရထားလမ်းနဲ့ ကားလမ်းဖြတ်ဆုံရာ ၂၅ နေရာကိုလည်း ပြင်ဆင်မှုတွေ ပြုလုပ်နေတာဟာ အခုဆိုရင် ၂၀၂၀ ပြည့်နှစ် ဇွန်အထိ ငါးခုသာ ကျန်ရှိတော့တယ်လို့ သိရပါတယ်။ ဒီလိုရထားနဲ့ ကားဖြတ်လမ်းတွေမှာ ဂိတ်မောင်းတံတွေကအစ ပြုပြင်ပြောင်းလဲပြီး အလိုအလျောက် အချက်ပြစနစ်တွေလည်း ပြောင်းလဲမှုပြုလုပ်လျက် ရှိနေပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်မှာ လူကူးခုံးကျော်တံတားအသစ် ၃၅ စင်း တည်ဆောက်နေတာလည်း အခုဆိုရင် ၁၀ စင်း ပြီးစီးနေပြီဖြစ်ကြောင်း သိရပါတယ်။ ကျန်နေသေးတဲ့ ရထားလမ်းလူကူးခုံးကျော်တံတားသစ်တွေကို ဆက်လက်တည်ဆောက်လျက်ရှိပါတယ်။ ဒီလိုတည်ဆောက်မှလည်း ရထားလမ်းတွေကို ဖြတ်ကူးနေကြတဲ့ ပြည်သူတွေအတွက် ဘေးအန္တရာယ်ကင်းမှာ ဖြစ်ပါတယ်။

ဒီလို ရထားလမ်းကူး ခုံးကျော်တံတားသစ်တွေအပြင် ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက် ရထားသံလမ်းအရှည် ၅၉ မိုင်ရဲ့ ဝဲယာမှာ အကာအရံတွေ ပြုလုပ်ဖို့လည်း အစီအစဉ်တွေ့ရှိကြောင်း သိရပါတယ်။ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ပြီးရင် မြို့ပတ်ရထားတွေရဲ့ မောင်းနှင်မှုနှုန်းဟာလည်း ပိုမိုမြန်ဆန်လာမှာဖြစ်တာမို့ နေရာမျိုးစုံက ဖြတ်ကူးနေတဲ့ ပြည်သူတွေ ဘေးကင်းအောင်နဲ့ မလိုလားတဲ့ဖြစ်ရပ်တွေ မကြုံတွေ့ရအောင် အကာအရံပြုလုပ်နေတာ ဖြစ်ပါတယ်။

ကိုလူမောင် ဒီလိုအတွေး တွေဝေနေတုန်း မြို့ပတ်ရထားတစ်စင်း ဆိုက်ရောက်လာတဲ့အခါ ရထားစီးမယ့်သူတွေရော၊ ဆင်းတဲ့သူတွေပါ ပလက်ဖောင်းစင်္ကြံပေါ် အဆင်ပြေစွာ ဆင်းတက်နေကြတာ တွေ့မြင်နေရပါတယ်။ အရင်ကထက် ဘေးအန္တရာယ်ကင်းပြီး ရထားပေါ် အတက်အဆင်း ပြုလုပ်နေကြတာပဲ။ ဒီလိုသာဆိုရင် မြို့ပတ်ရထားဘူတာတွေအားလုံး အဆင့်မြှင့်တင်ပြီးရင်တော့ ခရီးသည်တွေအတွက် ပိုမိုကောင်းမွန်တဲ့ ရထားစီးသွားလာမှုအခြေအနေ ခံစားရတော့မှာဖြစ်တယ်လို့ ကိုလူမောင် မျှော်လင့်နေမိပါတော့တယ်။ ॥

# မိုးအေးအေးနဲ့ လေ့လာစရာ ရန်ကုန်စတော့ ဈေးကွက်ပါ

ရှင်နော်

ရန်ကုန်မိုးက စိတ်ရှည်ရှည်ရွာပေးနေ၍ထင် ဤရက်ပိုင်း ရာသီဥတုက တဖြည်းဖြည်း အအေးဓာတ်က ပိုလာနေသည်။ ရန်ကုန်မြေ နေရာအတော်များများက ကွန်ကရစ် သမံတလင်းများ နေရာယူထားမှုကြောင့် မိုးရေက မြေသားထဲစိမ့်ဝင်မှုနည်းပါးနေသည်။ တော်ရုံသင့်ရုံရွာသောမိုးက ရန်ကုန်မြေထုထဲ မရောက်သဖြင့် မိုးဦးစတွင် ရန်ကုန်ရာသီဥတုက ပူနေတတ်သည်။ ကိုဗစ်နှင့်ပတ်သက်၍ ရက်ထပ်တိုးသည့် သတင်းထွက်ပေါ်လာသော်လည်း မျှော်လင့်ပြီး အခြေအနေဖြစ်သောကြောင့် ရန်ကုန်လူထုအနေဖြင့် စိတ်လှုပ်ရှားမှု သိပ်မရှိခဲ့ချေ။

## ပြောင်းလဲလုပ်ကိုင်ရန်လို

ကူးစက်ရောဂါဆိုးကြောင့် အသွားအလာလျှော့ချထားချိန်၊ လူမစုမိအောင် သီးသီးသန့်သန့်နေထိုင်ချိန်တွင် ရန်ကုန်လူထုအတွက် အိမ်တွင်နေထိုင်ရင်း နိုင်ငံတကာအဆင့်မီ ရင်းနှီးမြှုပ်နှံတတ်စေရန်၊ အပိုဝင်ငွေရှာနိုင်ရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းအကြောင်း သတင်းကောင်းပါးလိုပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ၊ မြို့တော်တစ်ခုအဖြစ် တည်ဆောက်ရန် နိုင်ငံသူ နိုင်ငံသား၊ မြို့သူ မြို့သားများ၏ အခြေခံစီးပွားရေးအဆောက်အအုံများ ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်ပါသည်။ လမ်းဘေးဈေးသည်များဘဝ၊ နေ့ပြန်တိုးချေးစားသူများဘဝမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်သူများအဖြစ် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်ပါသည်။ ထိုသို့ လုပ်ငန်းပြောင်းလဲရန်အတွက် ပထမဦးစွာ လေ့လာသင်ယူခြင်းဖြင့် စတင်ရပါမည်။

## လွယ်လင့်တကူ သင်ကြားနိုင်

ရန်ကုန်သူ ရန်ကုန်သား စာဖတ်သူများအနေဖြင့် အိမ်တွင်နေရင်း ရန်ကုန်စတော့ ရှယ်ယာဈေးကွက်နှင့် ပါဝင်ရောင်းချနေသော ကုမ္ပဏီများအကြောင်း၊ လေ့လာသိရှိထားရန် အချက်အလက်များအကြောင်းတို့ကို ရန်ကုန်စတော့အိတ်ချိန်းမှ အခါအခွင့်သင့်သလို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အတွက် ရန်ကုန်စတော့အိတ်ချိန်းမှ စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတများအကြောင်းကို လွယ်လင့်တကူ သင်ကြားနိုင်ရန်အတွက် အွန်လိုင်းအသုံးပြုကာ အခြေခံစတော့ ရင်းနှီးမြှုပ်နှံမှုသင်တန်းကို မကြာခင်က ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။ ယင်းသင်တန်းကို စီးပွားရေးနှင့် ဘဏ္ဍာရေးပညာရပ်များအား လေ့လာဆည်းပူးနေသော ကျောင်းသားများ၊ စတော့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူများ၊ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးကုမ္ပဏီများတွင် အလုပ်လုပ်ရန် ရည်မှန်းထားသူများ၊ ဘဏ္ဍာရေးဈေးကွက်တွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အခြေခံမှစ၍ လေ့လာလိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

## တစ်ဆင့်မေးမြန်းနိုင်

Online Basic Stock Investment Training Course – 001/2020 သင်တန်းကို ဇွန်လ ၂၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အပတ်စဉ် စနေနေ့ နံနက် ၉ နာရီတွင် သင်တန်းအပတ်စဉ်အလိုက် သက်ဆိုင်သည့်သင်ခန်းစာများအတွက် ပို့ချမှုပါဝါပွိုင့်များ၊ သင်ကြားမှုဗီဒီယိုဖိုင်များ၊ ဆန်းစစ်ချက်မေးခွန်းများကို Google Classroom မှတစ်ဆင့် Upload ပြုလုပ်ပေးမည်ဖြစ်ပြီး သင်ခန်းစာနှင့် ပတ်သက်၍ မေးမြန်းလိုပါက Class Comment Box မှတစ်ဆင့် မေးမြန်းနိုင်ကြောင်း သိရသည်။

သင်တန်းသားများအနေဖြင့် မိမိအိမ်တွင် နေထိုင်ရင်း သီတင်းငါးပတ်အတွင်း မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်များအကြောင်း၊ စာရင်းဝင်ကုမ္ပဏီများအကြောင်းနှင့် စတော့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဗဟုသုတများကို တစ်နေရာတည်းတွင် ရရှိသင်ကြားနိုင်ရုံသာမက မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ မိုဘိုင်းဖုန်း၊ ကွန်ပျူတာများမှ အင်တာနက်ရှိရုံဖြင့် တက်ရောက်သင်ကြားနိုင်ကြောင်း သိရသည်။ သင်တန်းတွင် ရန်ကုန်စတော့အိတ်ချိန်း၌ လက်ရှိတာဝန်ထမ်းဆောင်နေသော ဆရာများသာမက ပြင်ပမှ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကလည်း သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

## ဆက်သွယ်မေးမြန်းနိုင်

အွန်လိုင်းအသုံးပြု အခြေခံစတော့ရင်းနှီးမြှုပ်နှံမှုသင်တန်းကို Google Classroom Application အသုံးပြုပုံ (User Manual Guide) အား သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်းမှု အတည်ပြုပြီးပါက အီးမေးလ်ဖြင့် ပေးပို့မည်ဖြစ်ပြီး Application အသုံးပြုပုံနှင့်ပတ်သက်သည့် မရှင်းလင်းသည့် အချက်အလက်များရှိပါက ဖုန်းနံပါတ် ၀၉-၇၅၈၉၈၁၅၉၁ (သို့) ရန်ကုန်စတော့အိတ်ချိန်း၏ ဖေ့စ်ဘွတ်မက်ဆင်ဂျာမှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ဈေးကစားခြင်းကို စိတ်ဝင်စားသူတို့အတွက် ရန်ကုန်စတော့ဈေးကွက်သည် စိတ်ဝင်စားဖွယ်ကောင်းသည်။ စတော့ဈေးနှုန်းသည် ဈေးကွက်ထဲတွင် နေ့စဉ်နှင့်အမျှ အပြောင်းအလဲဖြစ်နေသည်။ ရက်အလိုက် အချိန်နှင့်အမျှ အချို့စတော့ရှယ်ယာများသည် အတက်ဈေးရှိသကဲ့သို့ တချို့ကုမ္ပဏီများ၏ စတော့ရှယ်ယာများသည် အကျဈေးဖြစ်နေတတ်သည်ကို တွေ့ရလေ့ရှိသည်။ စတော့ဈေးတက်ခြင်း၊ ကျခြင်းတွင် နောက်ခံအကြောင်းရင်းများစွာ ရှိနိုင်သည်။ စတော့ရှယ်ယာထုတ်ရောင်းသောကုမ္ပဏီ၏ဝင်ငွေ၊ ရှယ်ယာရှင်များအပေါ်ပေးသော အမြတ်ငွေပေါ်တွင် မူတည်နိုင်သလို၊ လုပ်ငန်းအသစ်များ လက်ခံအလုပ်လုပ်နေမှု၊ ကုမ္ပဏီကို ဦးဆောင်နေသည့် ဒါရိုက်တာအဖွဲ့၊ ထိုသူတို့၏ အပြောင်းအလဲ၊ ကျွမ်းကျင်မှုပေါ်မူတည်ကာ ဈေးနှုန်းအတက်အကျ ဖြစ်လေ့ရှိသည်။ အစုရှယ်ယာရောင်းချသော ကုမ္ပဏီ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေ၊ စာရင်းဇယား မှန်ကန်အောင်ဆောင်ရွက်ထားမှုအခြေအနေ၊ ကုမ္ပဏီ၏ ရပ်တည်မှုအနေအထားပေါ် မူတည်၍လည်း ရှယ်ယာဈေးနှုန်းအပြောင်းအလဲက ဖြစ်တတ်သည်။ ထိုထက်ပိုမိုအရေးကြီးသည်က အစိုးရ၏ မူဝါဒ၊ နိုင်ငံတော်အစိုး၏ စီးပွားရေးမူဝါဒ၊ နိုင်ငံရေးမူဝါဒများအပေါ်လိုက်ပြီး ပြောင်းလဲတတ်သည့်အနက် စီးပွားရေးမူဝါဒထဲတွင် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒတို့အပေါ်လိုက်ပြီး ပြောင်းလဲတတ်သည်။ နိုင်ငံရေးမူဝါဒများကြောင့် သက်ရောက်မှုရှိနိုင်သလို သဘာဝဘေးမူဝါဒများကြောင့်လည်း စတော့ဈေး အပြောင်းအလဲအပေါ် သက်ရောက်မှုရှိနိုင်သည်။

## ရန်ကုန်စတော့ဈေးကွက်ကို လေ့လာနိုင်

ဒါက စာရေးသူသိသလောက် တင်ပြခြင်းမျှသာ။ စတော့ရှယ်ယာဈေးကွက်က ထိုထက်ပိုမို စိတ်ဝင်စားဖွယ်ကောင်းသည်။ ရန်ကုန်သူရန်ကုန်သားတို့အား လေ့လာစေလိုသည်။ သီတင်းတစ်ပတ်လျှင် ငါးရက်၊ တစ်ရက်လျှင် ခုနစ်ကြိမ်အထိ အရောင်းအဝယ်ပြုလုပ်နေသော ရန်ကုန်စတော့ဈေးကွက်က ပါဝင်သူအရေအတွက်များလာလေလေ လူနေထိုင်မှုဘဝများကို ပြောင်းလဲပေးနိုင်လေဖြစ်သည်။ မြန်မာငွေကျပ် ထောင်ဂဏန်း၊ သောင်းဂဏန်းမျှသာရှိသော စတော့ရှယ်ယာတစ်စုမှသည် စတော့ရှယ်ယာအရေအတွက်ပေါင်းများစွာပိုင်ဆိုင်သော လုပ်ငန်းရှင်၊ ရင်းနှီးမြှုပ်နှံသူများအဖြစ် ဘဝတစ်ဆစ်ချိုးအကွေ့သို့ ပြောင်းလဲပေးနိုင်သည့်အတွက် စိတ်ဝင်စားဖွယ်ကောင်းသော ရန်ကုန်စတော့ဈေးကွက်ကို လေ့လာနိုင်ကြရန် တင်ပြလိုက်ရပေသည်။ ။




ရန်ကုန်စတော့ဈေးကွက်။

- ❒ အစုရှယ်ယာရောင်းချသော ကုမ္ပဏီ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေ၊ စာရင်းဇယားမှန်ကန်အောင် ဆောင်ရွက်ထားမှုအခြေအနေ၊ ကုမ္ပဏီ၏ ရပ်တည်မှုအနေအထားပေါ် မူတည်၍လည်း ရှယ်ယာဈေးနှုန်းအပြောင်းအလဲက ဖြစ်တတ်
- ❒ ထိုထက်ပိုမိုအရေးကြီးသည်က အစိုးရ၏ မူဝါဒ၊ နိုင်ငံတော်အစိုး၏ စီးပွားရေးမူဝါဒ၊ နိုင်ငံရေးမူဝါဒများအပေါ်လိုက်ပြီး ပြောင်းလဲတတ်သည့်အနက် စီးပွားရေးမူဝါဒထဲတွင် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒတို့ အပေါ်လိုက်ပြီး ပြောင်းလဲတတ်
- ❒ နိုင်ငံရေးမူဝါဒများကြောင့် သက်ရောက်မှုရှိနိုင်သလို သဘာဝဘေးမူဝါဒများကြောင့်လည်း စတော့ဈေးအပြောင်းအလဲအပေါ် သက်ရောက်မှုရှိနိုင်